# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday 3 March 2018 ၉၂၁၇


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှသည် ပြုပြင်ကြိတ်ခွဲ၊ ထုပ်ပိုးပြီး ဈေးကွက်တွင် ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှ လယ်ယာကဏ္ဍကြီး တိုးတက်လာမည်ဖြစ်

## တောင်သူလယ်သမားစကားဝိုင်းကို ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကျင်းပ






**ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းလမ်းဆုံတွင် တောင်သူလယ်သမားစကားဝိုင်း ကျင်းပစဉ်။**

**နေပြည်တော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ဇီးဖြူကုန်းလမ်းဆုံတွင် ယနေ့နံနက် ၉ နာရီက တောင်သူလယ်သမားစကားဝိုင်းကို ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများ ရွေးချယ်တင်မြှောက်ထားသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ ဦးသိန်းအောင်၊ ဦးညိုဝင်း၊ ဦးသန်းထွန်း၊ ဦးစိုးအေး၊ ဦးသန်းဝင်းနှင့် ဦးသိန်းဇော်၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တောင်သူလယ်သမားများ စုစုပေါင်း ၁၅၀၀၀ ကျော် တက်ရောက်ကြသည်။

အစီအစဉ်အရ တောင်သူလယ်သမားစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်စကားနှင့် ဆွေးနွေးချက်အကြောင်းအရာများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စိုက်ပျိုးရေးကို အခြေခံသည့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် တောင်သူလယ်သမားများအပါအဝင် လယ်ယာကဏ္ဍတွင် ဆက်နွယ်ပတ်သက်သူအားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲချမှတ်ထားပြီး ဖြစ်ပါကြောင်း။

ချမှတ်ထားသည့် မူဝါဒများထဲတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထုတ်လုပ်မှုစွမ်းအားမြင့်မားလာရေး၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေး၊ ဘေးကင်းပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မျက်မမြင်ဖြေဆိုသူများအတွက် သင်္ကေတစာ ရေးသားနိုင်သည့် စာရွက်များ ထောက်ပံ့ပေးမည်

**မန္တလေး မတ် ၂**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် မျက်မမြင်ဖြေဆိုသူများအတွက် သင်္ချာဘာသာရပ်ဖြေဆိုသည့်နေ့တွင် မေးခွန်းပါအချက်အလက်များကို မှတ်သားနိုင်ရန် မျက်မမြင်သင်္ကေတစာ ရေးသားနိုင်သည့် စာရွက်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က မတ် ၂ ရက်က မန္တလေးမြို့တွင် ပြုလုပ်သော ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းထုတ်ယူရေးနှင့် စာမေးပွဲလုပ်ငန်းဆိုင်ရာအစည်းအဝေးတွင် ပြောကြားသည်။

"ဒီနှစ်မှာ မျက်မမြင်တွေ သင်္ချာဘာသာရပ်ဖြေဆိုတဲ့အခါမှာ မေးခွန်းပါကိန်းဂဏန်းတွေကို သူတို့ သင်္ကေတတွေနဲ့ အလွယ်တကူမှတ်သားလို့ရအောင်နဲ့ အကြမ်းတွက်ချက်လို့ရအောင် ပထမဆုံးအနေနဲ့ ဒီနှစ်ကစပြီး ထောက်ပံ့ပေးတာဖြစ်ပါတယ်၊ မသန်စွမ်းသူတွေကိုလည်း သူတို့နားလည်နိုင်တဲ့ လက်ပြသင်္ကေတ(Sign Language) နဲ့ ဖြေဆိုချိန်ပိုပေးပြီး မေးခွန်းကို ဖတ်ပြပေးသွားမှာပါ" ဟု ၎င်းက ပြောသည်။

ယခုနှစ် မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် မေးခွန်းများကို မတ် ၃ ရက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တစ်ပြိုင်နက်တည်း ထုတ်ပေးသွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**


**အပြန်အလှန်နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါလျှင်**

စာမျက်နှာ - ၇

**အာဆင်နယ်ကို သုံးဂိုးပြတ် နိုင်ပြီးနောက် ၁၆ မှတ် အထိ မန်စီးတီး ဖြတ်ထားနိုင်**

စာမျက်နှာ - ၁၃





# ကြေးမုံ

## စစ်မှန်သောငြိမ်းချမ်းရေးသို့ တက်လှမ်း

(၇)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းစည်းဝေးပွဲကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့က နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပခဲ့ရာ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ရရှိနိုင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပွင့်လင်းမြင်သာစွာ ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တစ်ယောက်တည်း၊ တစ်ဖွဲ့တည်း သွားချင်သည့်လမ်း သွားနေဖို့ဆိုသည်မှာ မဖြစ်ကြောင်း၊ စုဖွဲ့ပြီး အားလုံးပူးပေါင်းပြီးမှ ငြိမ်းချမ်းရေးကို ရနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိဖို့အတွက် အရေးကြီးသည်မှာ ယုံကြည်မှုပင်ဖြစ်ကြောင်း၊ ယုံကြည်မှုဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုထက် ပို၍အရေးကြီးသည်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆိုလိုရင်းမှာ မိမိကိုယ်ကိုယ် မယုံကြည်၊ မိမိအဖွဲ့ကို မယုံကြည်ဘဲနှင့် ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ်လိုလားမှု၊ ဦးတည်မှုအခြေအနေအား ငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆွေးနွေးမှသာ အဖြေသိနိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးညီလာခံဆွေးနွေးပွဲများတွင် အလုံးစုံပါဝင်မှသာ ခရီးရောက်နိုင်မည် ဖြစ်သည်။ ငြိမ်းချမ်းရေးအစည်းအဝေးများတွင် ပါဝင်ဆွေးနွေးမှသာ တစ်ယောက်နှင့်တစ်ယောက် နားလည်လာနိုင်မည့်ရလဒ်များ ရရှိလာနိုင်မည်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ပိုမို၍နားလည်လာနိုင်မှ အတူလက်တွဲ၍ မျှော်မှန်းထားသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်မည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာခဏ ပြောကြားထားသည်။

ငြိမ်းချမ်းရေးကို လိုလားတောင့်တရယူလိုမှုနှင့်ပတ်သက်၍ အားလုံးအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်အိပ်မက်သည်ဆိုလျှင် ငြိမ်းချမ်းရေးအိပ်မက်ကို အကောင်အထည်ဖော်နိုင်သည့် "အစွမ်း" ရှိဖို့လိုသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် အစွမ်းဆိုသည်မှာ စေတနာ၊ ပညာ၊ သတ္တိ သုံးမျိုးရှိသည့် စွမ်းနိုင်မှုဖြစ်သည်။ ဆက်လက်၍ ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန် နည်းလမ်းများကို အတူရှာကြဖို့၊ ကျော်လွှားရာတွင် တစ်ဦးပင်ပန်းနေလျှင် ဝိုင်းဝန်းကူညီပေးဖို့၊ လက်တွဲပေးဖို့၊ တစ်ယောက်နှင့်တစ်ယောက် မတွန်းဖို့၊ လက်တွဲခေါ်ဖို့ဟူသော စိတ်ဓာတ်များဖြင့် ခရီးဆက်ရန်တို့ကို တိုက်တွန်းထားသည်။

ငြိမ်းချမ်းရေးကို ဖော်ဆောင်နေကြသောသူများသည် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားနေကြသူများ ဖြစ်သည်။ ငြိမ်းချမ်းရေးကို စိတ်ရောကိုယ်ပါဖြင့် ကိုယ်စီကိုယ်စီ ယုံကြည်လက်ခံဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ငြိမ်းချမ်းရေးခရီးစဉ်တွင် အတူလက်တွဲပါဝင်လာပြီဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားထားသည့် စေတနာ၊ ပညာ၊ သတ္တိ သုံးမျိုးအစွမ်းဖြင့် လုပ်သင့်လုပ်ထိုက်သည့်အချိန်တွင် လုပ်သင့်လုပ်ထိုက်သည်များကို နားလည်မှုရှိရှိဖြင့် အတူလက်တွဲဆောင်ရွက်သွားကြမည်ဆိုလျှင် ပြည်သူတစ်ရပ်လုံး မျှော်မှန်းထားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး မလွဲမသွေဖြစ်ပေါ်လာမည် ဖြစ်သည်။

စစ်မှန်သည့်ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုရာတွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် နိုင်ငံရေးပါတီအားလုံးတို့က နိုင်ငံတကာ၏ ဖြစ်ပေါ်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့်အနေအထားနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့၏ သဘောထားဆန္ဒ အမှန်အပေါ်တွင် ရောင်ပြန်ဟပ်စေမည့် စစ်မှန်သည့် ငြိမ်းချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် အရေးကြီးသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံး၏ အနာဂတ်အရေးကို မြော်တွေးကာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံး ပါဝင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်အကောင်အထည်ဖော်ကြသူများအနေဖြင့် အစွမ်းသုံးမျိုးထားရှိကာ စိတ်ရှည်သည်းခံ သဘောထားမှန်ဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## သက်ကြီးရွယ်အိုများအတွက် အထောက်အပံ့ဖြစ်စေမည့် သက်ကြီးရွယ်အိုဆိုင်ရာဥပဒေ ရှင်းလင်း



**ရန်ကုန် မတ် ၂**

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် ပြုလုပ်ခဲ့သည်။

"အသက် ၆၀ နဲ့ အထက်ရှိတဲ့ မြန်မာနိုင်ငံသားကို သက်ကြီးရွယ်အိုအဖြစ် ဒီဥပဒေမှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်၊ အသက်အပိုင်းအခြားအလိုက်ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ခွင့်ရဖို့ လူသားတစ်ယောက်ချင်းစီရဲ့ အခွင့်အရေးတွေ ပြည့်ဝဖို့ လုပ်ဆောင်တဲ့အခါမှာ စည်းစနစ်တကျနဲ့၊ မူဘောင်တစ်ခုနဲ့ လုပ်ဆောင်ဖို့ လိုအပ်တဲ့အတွက် ရေးဆွဲရတာဖြစ်ပါတယ်၊ အရင်တုန်းကထက်စာရင် သက်ကြီးရွယ်အို ဦးရေဟာ အရေအတွက်ရော အချိုးအစားပါ ပြောင်းလဲလာတယ်၊ သက်ကြီးရွယ်အိုတွေအတွက် လုပ်ဖို့လိုအပ်လာပြီဖြစ်တဲ့အတွက် ဒီဥပဒေတွေ ပြဋ္ဌာန်းတာဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

အဆိုပါဥပဒေတွင် သက်ကြီးရွယ်အိုများအတွက် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း၊ ခရိုင်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်အဆင့် အဖွဲ့များ ဖွဲ့စည်းခြင်း၊ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ၊ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီးမြေးတို့၏ တာဝန်များ၊ သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျ တာဝန်ဝတ္တရားများ၊ သက်ကြီးရွယ်အိုများ ပုံမှန်ဝင်ငွေရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးစောင့်ရှောက်မှု ရရှိရေး၊ သက်ကြီးရွယ်အိုများ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်မှု ၊ သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးခြင်းနှင့် ကိုင်ဆောင်အသုံးပြုခြင်း စသည်တို့အပြင် ပြစ်မှုနှင့် ပြစ်ဒဏ် သတ်မှတ်ချက်များ ပါဝင်ပြီး အခန်းပေါင်း ၁၇ ခန်းပါဝင်ကြောင်း သိရသည်။

"ဒီဥပဒေအရ သက်သေခံကတ်ပြား ကိုင်ဆောင်ထားတဲ့ သက်ကြီးရွယ်အိုတစ်ဦးက သက်ကြီးရွယ်အိုအခွင့်အရေးဆိုတဲ့အခါမှာ မိသားစုကနေ အခွင့်အရေး ပေးရမှာဖြစ်သလို ပြည်သူလူထုအတွင်း နယ်ပယ်အသီးသီးကနေပြီးတော့ သူတို့ရဲ့ ဘိုးဘွားတွေနဲ့ သက်ဆိုင်တဲ့ အခွင့်အရေးကိုပေးရမှာပါ။ အဲဒီအခွင့်အရေးတွေ ပေးရမှာကို သူတို့သည် ငြင်းပယ်တယ် လျစ်လျူရှုတယ်ဆိုရင် တရားစွဲဆိုပြီး ပြစ်မှုပြစ်ဒဏ်ချမှတ်နိုင်တယ်လို့ ဒီဥပဒေက ပြဋ္ဌာန်းထားတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က ပြောသည်။

ထို့ပြင် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ပေးရမည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ တာဝန်ရှိသူ မည်သူမဆို သက်ကြီးရွယ်အို သက်သေခံကတ်ပြားပြသ၍ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးကို ခံစားခွင့်ပြုပါရန် တောင်းဆိုခြင်းကို ငြင်းပယ်ကြောင်း သို့မဟုတ် လျစ်လျူရှုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။

**သီသီမင်း**

## မြို့နယ်သတင်းထောက်များ ဆက်သွယ်ရန်

ကြေးမုံသတင်းစာသို့ သတင်းရေးသားပေးပို့နေကြသည့် မြို့နယ်အသီးသီးရှိ ကြေးမုံသတင်းထောက်ကတ် ကိုင်ဆောင်ထားသော မြို့နယ်သတင်းထောက်များအား ပြန်လည်စိစစ်ရန်နှင့် သတင်းစာမူကိစ္စဆက်သွယ်ရန် ဦးငွေအောင်(သတင်းထောက်မှူး)(ရန်ကုန်) ဖုန်း-၀၉-၄၂၀၇၆၆၃၃၂ နှင့် ဦးနိုင်လင်းကြည်(နေပြည်တော်) ဖုန်း-၀၉-၄၂၇၀၄၉၈၀၄ တို့သို့ အမြန်ဆက်သွယ်ကြပါရန်။

**ကြေးမုံသတင်းစာတိုက်၊ ခရေပင်လမ်းခွဲ**
**ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**




## တပေါင်းလရဲ့ သဲပုံစေတီပွဲတော် (သျှစ်သောင်းမြောက်ပွဲ) စည်ကားစွာ ကျင်းပ

**သံတွဲ မတ် ၂**

ရခိုင်ရိုးရာ ပွဲတော်တစ်ခုဖြစ်သော သျှစ်သောင်းမြောက်ပွဲ (သဲပုံစေတီ) ပွဲတော်ကို မတ် ၁ ရက် တပေါင်းလပြည့်နေ့ မွန်းလွဲ ၂ နာရီက သံတွဲမြို့နယ် ငပလီကမ်းခြေတွင် ဒုတိယအကြိမ်အဖြစ် စည်ကားစွာ ပူဇော်ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွဲတော်ကို ရခိုင်စည်တော်ရွှမ်း၍ ဖွင့်လှစ်ပေးကြပြီး ဒွါရာဝတီအသျှင်ကုသလနှင့် ဒွါရာဝတီလူငယ်များက မင်္ဂလာစေတီတော်ကို တည်ထားပူဇော်ကာ ပွဲတော်ကို တက်ရောက်လာကြသူများက မိမိတို့ပူဇော်လိုသော စေတီပုံစံအမျိုးမျိုးကို စည်ကားစွာ တည်ထားပူဇော်ခဲ့ကြကြောင်း သိရသည်။

ယခုကျင်းပသည့် ပွဲတော်မှာ ရခိုင့်ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ပြန်လည်ထိန်းသိမ်းဖော်ထုတ်သည့် ပွဲတော်တစ်ခုဖြစ်ခြင်းကြောင့် နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# တောင်သူလယ်သမားနေ့ ဂုဏ်ပြုလမ်းလျှောက်မှုနှင့်အတူ တောင်သူလယ်သမားများ၏ ပီတိစကားသံများ

**မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ လေးထောင်ခန့်သည် ယနေ့နံနက်ပိုင်းက အခမ်းအနားကျင်းပမည့် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂) ဘောလုံးကွင်းသို့ လမ်းလျှောက်ချီတက်ခဲ့ကြသည်။**



ဆလိုင်းကာလက်



ဦးလှဝင်း



ဦးဌေးလွင်



ဒေါ်ခင်လေးဖြူ



ဦးတာနော



ဦးသန်းဆွေ

နံနက် ၇ နာရီခန့်မှ စတင်ကာ လှိုင်သာယာမြို့နယ် နဝဒေးကားမှတ်တိုင်အနီး၌ နယ်မြေဒေသအသီးသီးမှ တောင်သူလယ်သမားများနှင့် အလုပ်သမားများ စတင်စုဝေးရောက်ရှိခဲ့ကြပြီး နံနက် ၈ နာရီတွင် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပမည့် နေရာသို့ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ချီတက်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာတွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် လယ်ယာသုံးစက်ကိရိယာများနှင့် အထောက်အကူပြုပစ္စည်း၊ စိုက်ပျိုးရေးသုံး ရွက်ဖြန်းဆေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ပြခန်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပြခန်းများနှင့် ဒေသထွက်ကုန်များရောင်းချသည့် ဆိုင်ခန်းများကို ခင်းကျင်းပြသ၊ ရောင်းချလျက်ရှိရာ တက်ရောက်လာကြသည့် တောင်သူလယ်သမားများက စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာ အားပေးကြသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၏ ကဏ္ဍအလိုက် အဖွဲ့ချုပ်တစ်ခုဖြစ်သော မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM) တို့က(ပထမဆုံးအကြိမ်အဖြစ်) ဦးဆောင်ကျင်းပခြင်းဖြစ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နယ်မြေဒေသအသီးသီးမှ တက်ရောက်လာကြသည့် တောင်သူလယ်သမားများ၏ အမြင်များကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**တောင်သူ ဆလိုင်းကာလက်(တောင်တွင်းကြီးမြို့နယ် သဲဖြူကျေးရွာ)**

တောင်သူလယ်သမားနေ့ဆိုတော့ တောင်သူနဲ့ဆိုင်တဲ့ အသိအမြင်တွေ ရအောင်လာခဲ့တာပါ။

ဒီရောက်လာတော့ လယ်ယာစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ အများကြီးရပါတယ်။ ကျွန်တော်တို့တောင်သူတွေအတွက် အားရစရာပါပဲ။ တောင်သူတွေရဲ့အားနည်းချက်တွေကို ဒီပွဲကနေ ရခဲ့တဲ့စိုက်ပျိုးမှု နည်းပညာတွေကို အသုံးချပြီး အားသာချက်အဖြစ် ပြောင်းလဲသွားနိုင်လိမ့်မယ်လို့ မြင်ပါတယ်။ လာမယ့်ရှေ့ရေးအတွက် အားတက်စရာပါပဲ။

**တောင်သူ ဦးလှဝင်း (သထုံမြို့နယ် ကျပန်းကျေးရွာ)**

ဒီလို အထိမ်းအမှတ်ပွဲတွေ အများကြီးလုပ်သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တဲ့အတွက် ဒီလိုပွဲတွေ အများကြီးလိုအပ်ပါတယ်။ ဒီပွဲကနေ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာတွေ အများကြီးရပါတယ်။ တောင်သူလယ်သမားတွေရဲ့အသံ၊ ရင်တွင်းခံစားချက်တွေကို ဒီနေရာကနေ ဖော်ထုတ်ခွင့်ရသလို ခံစားရပါတယ်။ အခု ကျွန်တော်တို့ နိုင်ငံရဲ့ လယ်သမားထုအနေနဲ့ သွေးစည်းညီညွတ်မှုဟာ အားနည်းနေသေးတယ်လို့ မြင်ပါတယ်။ ဒီလိုပွဲတွေကို များများလုပ်ပေးခြင်းအားဖြင့် တောင်သူလယ်သမားတွေ သွေးစည်းညီညွတ်မှု ပိုမိုအားကောင်းလာပြီး စိုက်ပျိုးမှုစွမ်းအား တိုးတက်မြင့်မားလာမယ့်အပြင် နိုင်ငံတော်အတွက်လည်း ကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာနိုင်မှာဖြစ်ပါတယ်။ လယ်ယာမြေကဏ္ဍလည်း ဒီထက်တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ထင်ပါတယ်။

**လယ်သမား ဦးဌေးလွင်**
**(လှည်းကူးမြို့နယ် ကလီထော်ကျေးရွာအုပ်စု နွတ်ခမ်းမွေးသိုက်ကျေးရွာ)**

ဒီလိုပွဲတွေမကျင်းပတာ ကြာခဲ့ပါပြီ။ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်သမားတွေရဲ့ အကျိုးစီးပွားကို ဘယ်လို ကာကွယ်စောင့်ရှောက်မလဲဆိုတဲ့အပေါ် အသိအမြင်တွေရရှိဖို့ အခုလို လာရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ AFFM အနေနဲ့ လယ်ယာမြေဥပဒေနဲ့ ပတ်သက်ပြီး ပြင်ဆင်ရေးလုပ်နေတယ်။ စိုက်ပျိုးရေးနည်းပညာတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်နေတယ်။ ဒါတွေကို တောင်သူလယ်သမားတွေအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် သိရအောင်လာခဲ့တာပါ။ ဒီကိုရောက်တဲ့အခါမှာ ပြခန်းတွေ ကြည့်ရတယ်။ အဲဒီကနေ အသိပညာတွေ အများကြီးရပါတယ်။ ရရှိတဲ့ အသိပညာတွေကို လက်တွေ့လုပ်ဆောင်တဲ့နေရာမှာ အသုံးချတတ်ရင် အများကြီး အကျိုးရှိမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အများကြီး အထောက်အကူပြုပါတယ်။ နိုင်ငံအတွက်လည်း အကျိုးရှိမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ လုပ်နေတဲ့ စီမံကိန်းတွေမှာလည်း တောင်သူလယ်သမားသမဂ္ဂတွေအနေနဲ့ ပါဝင်ဆောင်ရွက်ခွင့် ရစေချင်ပါတယ်။

**တောင်သူ ဒေါ်ခင်လေးဖြူ**
**(ရှမ်းပြည်တောင်ပိုင်း ရွာငံမြို့နယ် သိမ်ကုန်းကျေးရွာအုပ်စု)**

ဒီလိုပွဲတွေ လုပ်ခြင်းအားဖြင့် တောင်သူလယ်သမားတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးလိုက်သလိုပါပဲ။ အနယ်နယ် အရပ်ရပ်က တောင်သူလယ်သမားတွေကို တစုတဝေးတည်း တွေ့ရတဲ့အတွက် အချင်းချင်း စကားတွေပြောဖြစ်ကြတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေ အများကြီး ရခဲ့ပါတယ်။ ကိုယ်သိရှိခဲ့တာတွေကို ကိုယ့်ရဲ့ဘဝတူ တောင်သူလယ်သမားတွေထံ ပြန်လည်မျှဝေပေးသွားမှာဖြစ်ပါတယ်။ နောင်နှစ်တွေမှာ အခုလို ပွဲတွေ လုပ်ခဲ့ရင်လည်း ရှမ်းပြည်နယ်ကထွက်တဲ့ ဒေသထွက်သီးနှံတွေကို ပြပွဲလေးတွေ လုပ်ရင်း ရောင်းချသွားချင်ပါတယ်။

**ဦးတာနော(ကရင်ပြည်နယ် ဘားအံမြို့နယ် မင်းဇီဂတ်တဲကျေးရွာ)**

ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ ဘဝတိုးတက်ရေးအတွက် လာရောက်ခဲ့တာပါ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာခေတ်ကို အကောင်းဆုံး ဆောင်ရွက်နိုင်အောင် တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော့်ရဲ့ဦးတည်ချက်ကတော့ တောင်သူလယ်သမားဘဝတွေ တိုးတက်ဖို့ပါပဲ။ အခု ဒီလိုပွဲတွေ ကျင်းပခြင်းအားဖြင့် တောင်သူလယ်သမားတွေ တစ်ဦးနဲ့တစ်ဦး ပိုပြီး ပွင့်လင်းမြင်သာမှုရှိလာမယ်၊ စိုက်ပျိုးမှုနည်းစနစ်တွေနဲ့ ပတ်သက်ရင်လည်း ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေ ရရှိလာမှာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေအနေနဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ စိုက်ပျိုးမှုနည်းစနစ်တွေကို ဒီထက်ပိုပြီး လေ့လာသင့်ပါတယ်။

**ဦးသန်းဆွေ [မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM) ဥက္ကဋ္ဌ]**

ကျွန်တော်ကတော့ ဥပဒေသမားဆိုတော့ လယ်ယာမြေဥပဒေကို ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ လယ်ယာမြေဥပဒေရဲ့ အားနည်းချက်တွေကို ပြည့်စုံကောင်းမွန်သွားအောင် လုပ်ဆောင်နေပါတယ်။ ဒီပွဲကို ကျင်းပရတာကတော့ အစိုးရနဲ့ လွှတ်တော်က လယ်သမားတွေရဲ့အခက်အခဲနဲ့ ပတ်သက်ပြီး မသိသေးတဲ့အချက်တွေကို သိသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ကျွန်တော်တို့နိုင်ငံမှာ လယ်ယာထုတ်ကုန် တိုးတက်လာပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ လယ်ယာမြေဖွံ့ဖြိုးမှုဖြစ်ဖို့ အရေးကြီးပါတယ်။

**တွေ့ဆုံမေးမြန်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

**✻ ရှေ့ဖုံးမှ**

အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ ထုတ်လုပ်ရေး၊ လယ်ယာထုတ်ကုန်များ ပြည်ပသို့ တိုးတက်တင်ပို့နိုင်ရေး၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝတိုးတက်စေရေးတို့ ပါဝင်ပါကြောင်း။

တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် အရင်းအနှီး အထောက်အကူဖြစ်စေရန်၊ လယ်ယာထွက်ကုန်များ မျှတသည့်ဈေးနှုန်းဖြင့် ခိုင်မာသော ဈေးကွက်ရရှိစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်မှုများကို ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ချက်များဖြင့် “တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေနှင့်နည်းဥပဒေ”ကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများ အပါအဝင် စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိရာတွင် မူဝါဒ၊ ဥပဒေ၊ လုပ်ငန်းစဉ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အရည်အသွေးကောင်း သီးနှံများရရှိရန်အတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရန် လိုအပ်ပါကြောင်း၊ လိုအပ်သည့် သီးနှံမျိုးစေ့များ လုံလုံလောက်လောက်ရရှိနိုင်ရန် တောင်သူအစုအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်သမဝါယမအသင်းများနှင့် ဆောင်ရွက်လျက်ရှိရာတွင် ယခုနှစ်အတွင်း စပါးမျိုးစေ့ထုတ်ဧရိယာ ၇၀၀၀၀ ခန့် စိုက်ပျိုးပြီး မျိုးစေ့အထွက်တင်း ငါးသန်းကျော် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ တစ်ဖက်တွင်လည်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် လယ်ယာသီးနှံများ အရည်အသွေးကောင်းမွန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ထုတ်ပြန်ပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန်လည်း တိုက်တွန်းလိုပါကြောင်း။

တောင်သူလယ်သမားကြီးများ အနေဖြင့်လည်း ဘေးကင်းပြီး အရည်အသွေးကောင်းသည့် သီးနှံများကို ရရှိရန်အတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည့် ဓာတုဆေးဝါးများ အသုံးပြုရာတွင် ဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်ရောင်းချသည့် ဆေးဝါးများကို ပါရှိသည့် အညွှန်းများအတိုင်း လိုက်နာသုံးစွဲကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့်၊ အရည်အသွေးမပြည့်မီသည့် ဓာတုဆေးဝါးများ ရောင်းချဖြန့်ဖြူးမှုများကို ပိုးသတ်ဆေးဥပဒေ၊ မြေဩဇာဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိ ရင်ဆိုင်နေကြရသည့် လယ်ယာလုပ်သားရှားပါးလာမှု၊ လုပ်ခမြင့်တက်လာမှုများကြောင့် လယ်ယာလုပ်ငန်းခွင် မထိခိုက်စေရန် စက်ကိရိယာများကို ပိုမိုသုံးစွဲရန် ဝန်ကြီးဌာနအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် သုံးနှစ် ခြောက်ရစ်ပြန်ဆပ်သည့်စနစ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိ ထွန်စက်ကြီး အစီး ၁၃၂၀၊ ရိတ်သိမ်းခြွေလှေ့စက် ၅၇ စီးကို တောင်သူများထံသို့ ရောင်းချပေးခဲ့ပြီး တောင်သူများ စက်ကိရိယာများကို ကိုယ်တိုင်မောင်းနှင် ပြင်ဆင်ထိန်းသိမ်းနိုင်စေရန် သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိပါကြောင်း။

ဒေသအသီးသီးတွင် စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများအနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးရမှုများ လျော့နည်းစေရေးအတွက် လိုက်လျောညီထွေဖြစ်မည့် သီးနှံနှင့် သီးနှံပုံစံ၊ စိုက်စနစ်များကို ပြောင်းလဲဆောင်ရွက်သွားနိုင်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှသည် ပြုပြင်ကြိတ်ခွဲ၊ ထုပ်ပိုးပြီး ဈေးကွက်တွင် ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှ လယ်ယာကဏ္ဍကြီး တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးစကား ပြောကြားသည်။

ဆွေးနွေးစကားဝိုင်းတွင် တောင်သူလယ်သမားကိုယ်စားလှယ်များက အတိုးနည်း နှစ်ရှည်ချေးငွေရရှိရေးနှင့် လိုအပ်မှုအကြောင်းအရာများကို လည်းကောင်း၊ စိုက်ပျိုးရေး သွင်းအားစုမြေဩဇာ၊ စက်ယန္တရားများ၏ အရည်အသွေးကို လယ်သမားကိုယ်စားလှယ်များက စစ်ဆေးခွင့်နှင့်ပတ်သက်၍လည်းကောင်း၊ လယ်ယာမြေ အငြင်းပွားမှုနှင့် မြေလွတ်၊ မြေရိုင်း၊ မြေနု ခွဲဝေခြင်းများကို ဥပဒေနှင့်အညီ လုပ်ဆောင်ပေးခြင်းဆိုင်ရာများကို လည်းကောင်း၊ လယ်သမားများ၏ ကိုယ်စားလှယ်များက တင်ပြလာမှုကို သက်ဆိုင်ရာအစိုးရမှ အသိအမှတ်ပြုပေးခြင်းဆိုင်ရာများကို လည်းကောင်း၊ လယ်ယာထွက်ကုန်များကို ပြည်တွင်းပြည်ပ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနှင့် ပတ်သက်၍လည်းကောင်း၊ လယ်ယာလုပ်ငန်းခွင် အခက်အခဲများ ဖြေရှင်းပေးနိုင်သည့် ကာကွယ်ရေးဥပဒေပေါ်ပေါက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် တောင်သူလယ်သမားစကားဝိုင်း ဆွေးနွေးချက်များကို အဆိုတင်သွင်းရာ အခမ်းအနား တက်ရောက်လာကြသူများက ထောက်ခံခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တောင်သူများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးမည့် ကုမ္ပဏီများမှ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ကိုရီးယားကိုယ်စားလှယ် ပြုံယမ်းသို့ စေလွှတ်မည်

**ဆိုးလ် မတ် ၂**

တောင်ကိုရီးယားသမ္မတ မွန်းဂျေအန်းက ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန် ရည်ရွယ်ပြီး မကြာသေးမီက ပြုံချမ်းအားကစားပြိုင်ပွဲအတွင်း ရရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ တောင်ကိုရီးယား ကိုယ်စားလှယ်တစ်ဦး စေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ပြောကြားခဲ့သည်ဟု မီဒီယာများက သတင်းထုတ်ပြန်ကြသည်။

မတ် ၁ ရက်တွင် တောင်ကိုရီးယားသမ္မတက အမေရိကန်သမ္မတ ထရန့်အား တယ်လီဖုန်းဖြင့် အထက်ပါကိစ္စကို ပြောကြားခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ပြုံချမ်း အားကစားပြိုင်ပွဲသို့ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်တက်ရောက်မှုကို တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားအထူးကိုယ်စားလှယ်က မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ နှစ်နိုင်ငံ ဆက်ဆံရေး ပြန်လည်တိုးတက်စေရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတမွန်းက သမ္မတထရန့်ကို ပြောကြားခဲ့သည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဆိုသည်။

ထို့ပြင် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့များ လာရောက်ခဲ့စဉ်က နှစ်နိုင်ငံဆွေးနွေးမှုများ၏ ရလဒ်ထွက်ပေါ်မှုများနှင့် ပတ်သက်ပြီး သမ္မတထရန့်နှင့် သမ္မတမွန်းတို့က ဆွေးနွေးခဲ့ကြကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။

ယင်းနောက် နှစ်နိုင်ငံခေါင်းဆောင်များက ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရန် ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများ ကျင်းပကာ အဖြေရှာရမည်ဟု သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်၏ ညီမဖြစ်သူ ကင်ယိုဂျောင်က သမ္မတမွန်းအား ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပရန် မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။ ပြုံယမ်းနှင့် ဝါရှင်တန်တို့ နျူကလီးယားအရေး ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ပြီးမှသာ ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပရန် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း အဆိုပါဖိတ်ကြားမှုကို သမ္မတမွန်းက ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ပြောကြားခဲ့သည်။ ပြုံယမ်းအနေဖြင့် ဝါရှင်တန်နှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အဆင်သင့်ဖြစ်ကြောင်း ကင်ယိုဂျောင်က ပြန်လည်ပြောကြားခဲ့သည်။



တောင်ကိုရီးယားအထူးကိုယ်စားလှယ်အနေဖြင့် ပြုံယမ်းအား ဝါရှင်တန်နှင့် နျူကလီးယားအရေး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အကြံပြုတိုက်တွန်းနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဖမ်းဆီးခံ နယ်ခြားစောင့်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် လဲလှယ်ရန် ရုရှားနိုင်ငံသား နှစ်ဦးအား ယူကရိန်း လွှတ်ပေး

**ကီယက်ဗ် မတ် ၂**

ဖမ်းဆီးခံထားရသည့် ယူကရိန်းနယ်ခြားစောင့် တပ်ဖွဲ့ဝင်နှစ်ဦးနှင့် လဲလှယ်ရန် ရုရှားနိုင်ငံသားနှစ်ဦးအား လွှတ်ပေးခဲ့ကြောင်း ယူကရိန်းပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂ ရက်တွင် ပြောကြားသည်။

ယူကရိန်းနယ်ခြားစောင့်တပ်ဖွဲ့မှ အရာရှိများဖြစ်သည့် ဘော့ဂ်ဒန်မတ်ဆန်နှင့် အိုင်ဂေါ်ဒီဇူဘတ်တို့သည် ယမန်နှစ် အောက်တိုဘာလအတွင်းက ရုရှားတပ်ဖွဲ့များ၏ ဖမ်းဆီးမှုခံရပြီးနောက် အကျဉ်းသားချင်းလဲလှယ်ရေး အစီအစဉ်အရ ယူကရိန်းသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အာဆန်အေဗာကော့ဗ်က ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားဖော်ပြသည်။

ယူကရိန်းဘက်မှ ပြန်လွှတ်ပေးခဲ့သည့် ရုရှားနိုင်ငံသားများနှင့် ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများကိုမူ ၎င်းက ဖော်ပြခြင်းမပြုခဲ့ပေ။

ထိုစဉ်အတွင်းမှာပင် ယူကရိန်း-အင်တာဖက်စ် သတင်းဌာနက သတင်းဖော်ပြရာတွင် ယူကရိန်းမှ ပြန်လည်လွှဲအပ်ပေးသည့် ရုရှားနိုင်ငံသား နှစ်ဦးမှာ ရုရှားနယ်ခြားစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့မှာ ဗလာဒီမာကူဇနက်ဆော့ဗ်နှင့် အက်စ်ကာကုလပ်ဟု အမည်ရှိသူများဖြစ်ကြောင်း ၎င်းတို့နှစ်ဦးအား ယူကရိန်းနိုင်ငံတောင်ပိုင်း ခါဆွန်ဒေသတွင် ၂၀၁၇ ခုနှစ် နွေရာသီအတွင်းက ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**



# အက်ဖရင်ဒေသ၌ ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း တူရကီစစ်သည် ရှစ်ဦးသေ၊ ၁၃ ဦး ဒဏ်ရာရ

**အန်ကာရာ မတ် ၂**

ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ အက်ဖရင်ဒေသတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအတွင်း တူရကီစစ်သည် ရှစ်ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရခဲ့ကြောင်း တူရကီ စစ်ဦးစီးချုပ်ရုံးမှ မတ် ၁ ရက်တွင် ပြောကြားသည်။

ဆီးရီးယားနိုင်ငံ အက်ဖရင်ဒေသတွင် တူရကီစစ်ဘက်မှ ပြုလုပ်ခဲ့သည့် သံလွင်ကိုင်း အမည်ရှိသည့် စစ်ဆင်ရေး စတင်ချိန်မှစ၍ တူရကီစစ်သည် ၄၀ ထက်မနည်း သေဆုံးခဲ့ကြောင်း စစ်ဘက်မှ သီးခြားစီထုတ်ပြန်သော ကြေညာချက်နှစ်ခုအရ သိရသည်။

ယနေ့မွန်းလွဲပိုင်းတွင် အက်ဖရင်ဒေသ၌ မကြာသေးမီမှ ဖြန့်ကြက်ထားသော တူရကီ အထူးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ဝိုင်ပီဂျီ)စစ်သွေးကြွများအကြား တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း ဒိုဂန်သတင်းဌာနက ဖော်ပြသည်။ ဒဏ်ရာရစစ်သည်များအား ဘေးလွတ်ရာသို့ သယ်ယူရွှေ့ပြောင်းနိုင်ရေးအတွက် တိုက်ပွဲများဖြစ်ပွားရာဒေသသို့ တူရကီစစ်ဘက်မှ အမြောက်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဒိုဂန်သတင်းတွင် ဖော်ပြသည်။

တူရကီစစ်ဘက်သည် ယခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် သံလွင်ကိုင်း စစ်ဆင်ရေးဟု အမည်ပေးထားသည့် စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့သည်။ ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ အက်ဖရင်ဒေသတွင်းမှ ဝိုင်ပီဂျီစစ်သွေးကြွများအား ရှင်းလင်းပစ်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါစစ်ဆင်ရေးကို စတင်ခဲ့ခြင်းဖြစ်သည်။ ဝိုင်ပီဂျီစစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံတွင်းရှိ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)၏ အဖွဲ့ဝင်ဖြစ်သည်ဟု တူရကီက ယုံကြည်ထားသည်။ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)အား တူရကီ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။

**ဆင်ဟွာ**

# ဗင်နီဇွဲလား သမ္မတရွေးကောက်ပွဲ မေ ၂၀ ရက်တွင် ကျင်းပမည်

**ကရာကတ်စ် မတ် ၂**

ဗင်နီဇွဲလားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ယခုနှစ် မေ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားရွေးကောက်ပွဲ ကောင်စီ(စီအန်အီး) ဥက္ကဋ္ဌ တီဘီဆေးလူစီနာက မတ် ၁ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဧပြီလနှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားသည့် ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲကို မေလနှောင်းပိုင်းသို့ ရွှေ့ပြောင်း သတ်မှတ်ရန် ဗင်နီဇွဲလားအစိုးရနှင့် အတိုက်အခံပါတီများ သဘောတူညီမှုရရှိပြီးနောက် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုသည် လက်ရှိအာဏာရပါတီဖြစ်သည့် ဗင်နီဇွဲလားယူနိုက်တက်ဆိုရှယ်လစ်ပါတီ (ပီအက်စ်ယူဗွီ)၏ ကိုယ်စားပြု သမ္မတလောင်းအဖြစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လာဆာပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း အန်ရီဖယ်လ်ကွန်လည်း ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်သည်။

ဖယ်လ်ကွန်၏ ရွေးကောက်ပွဲလှုံ့ဆော်မဲဆွယ်ရေးအဖွဲ့ အကြီးအကဲ လူရစ်ယို မီရိုနှင့် သမ္မတမာဒူရို၏ ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီး ဂျော့ချ်ရိုဒရီဂွက်စ်တို့သည် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြပြီး သမ္မတရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့်ရလဒ်များကို အလေးထားမည်ဟု ကတိပြုခဲ့ကြသည်။

ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲတွင် အခြားပြိုင်ဘက် ကိုယ်စားလှယ်လောင်းလေးဦးလည်း ပါဝင်ယှဉ်ပြိုင်မည်ဟု ကရာကတ်စ်အခြေစိုက် တယ်လီဆောသတင်းကွန်ရက်မှ ဖော်ပြသည်။

**ဆင်ဟွာ**



# နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၏ အဓိပ္ပာယ်

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၏ အဓိပ္ပာယ်ကို ရာဇသတ်ကြီးပုဒ်မ ၁၂၁ (၁) တွင် ဤသို့ ပြဋ္ဌာန်းထားပါသည် -

မည်သူမဆို -

(က) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ စစ်မက်ပြိုင်ဆိုင်လျှင် သို့တည်းမဟုတ်

(ခ) ပြည်ထောင်စုနိုင်ငံကိုဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင်တစ်ခုခုကိုဖြစ်စေ၊ စစ်မက်ပြိုင်ဆိုင်ရန် အခြားနိုင်ငံတစ်ခုခုကို သော်လည်းကောင်း၊ လူတစ်ဦးဦးကို သော်လည်းကောင်း ပြည်ထောင်စုအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ ကူညီလျှင် သို့တည်းမဟုတ်

(ဂ) ထိုသို့ စစ်မက်ပြိုင်ဆိုင်ရန် ပြည်ထောင်စုနိုင်ငံအတွင်း၌ဖြစ်စေ၊ အပ၌ဖြစ်စေ လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် သို့တည်းမဟုတ်

(ဃ) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် တည်ထောင်ခန့်အပ်သော ပြည်ထောင်စုနိုင်ငံ၏ လုပ်ငန်းအဖွဲ့ကို သော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်၏ လုပ်ငန်းအဖွဲ့ကို သော်လည်းကောင်း လက်နက်ဖြင့်ဖြစ်စေ၊ အခြားသောင်းကျန်းသော နည်းလမ်းဖြင့်ဖြစ်စေ ဖြိုဖျက်ရန် အားထုတ်လျှင် သို့တည်းမဟုတ် ဖြိုဖျက်ရန် အခြားနည်းဖြင့် ပြင်ဆင်လျှင် သို့တည်းမဟုတ် ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်လျှင် သို့တည်းမဟုတ် ထိုသို့အားထုတ်မှုနှင့်ပတ်သက်လျှင် သို့တည်းမဟုတ် ထိုသို့ အားထုတ်မှုကိုပြုရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုတွင် ပါဝင်ဆောင်ရွက်ရန်ဖြစ်စေ၊ ထိုသို့ အားထုတ်မှုနှင့်ပတ်သက်ရန်ဖြစ်စေ ပြည်ထောင်စုနိုင်ငံအတွင်း၌ သော်လည်းကောင်း၊ အပ၌သော်လည်းကောင်း လူတစ်ဦးဦးကို လှုံ့ဆော်လျှင် သို့တည်းမဟုတ် လူတစ်ဦးဦးနှင့် ပူးပေါင်းကြံစည်လျှင် ထိုသူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်သည်။

**(၂၁-၁-၂၀၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများပါ ဆောင်းပါးရှင် မောင်စာဂ၏ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးဟူသည် ဆောင်းပါးမှ ကောက်နုတ်ချက်)**

# ချမှတ်ရမည့်ပြစ်ဒဏ်

နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီး ကျူးလွန်သူကို ချမှတ်ရမည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးဥပဒေတွင် ဤသို့ ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၂၂ (၁) မည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ် နှစ် နှစ်ဆယ်ဖြစ်စေ ချမှတ်ခြင်းခံရမည်။

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်သူသည် သို့မဟုတ် သာမန်အားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတွင် နေထိုင်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အပတွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်လျှင် သေဒဏ်ဖြစ်စေ၊ ထောင်ဒဏ် နှစ် နှစ်ဆယ်ဖြစ်စေ ချမှတ်ခြင်း ခံရမည်။

**(၂၁-၁-၂၀၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများပါ ဆောင်းပါးရှင် မောင်စာဂ၏ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးဟူသည် ဆောင်းပါးမှ ကောက်နုတ်ချက်)**

# ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းပြီး လျော်ကြေးငွေများ ပေးအပ်

**မြဝတီ မတ် ၂**

မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား ၁၀ ဦး၊ အမျိုးသား ကလေး လေးဦးနှင့် အမျိုးသမီး ကလေး နှစ်ဦး စုစုပေါင်း ၁၆ ဦးတို့အား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်နှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်တွင် လွှဲပြောင်းပို့ဆောင်ခဲ့ပြီးဖြစ်သော လူကုန်ကူးခံရသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးအတွက် လူကုန်ကူးခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခံရခြင်းတို့အတွက် လျော်ကြေးငွေ အမျိုးသားအတွက် ဘတ်ခြောက်သိန်း၊ အမျိုးသမီးအတွက် ဘတ်သုံးသိန်း စုစုပေါင်း လျော်ကြေးငွေဘတ် ကိုးသိန်း လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် မြဝတီမြို့ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ၌ ပြုလုပ်သည်။




အခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက ယနေ့တွင် ပုံမှန်ဆောင်ရွက်နေသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသားများကို ပြန်လည်လွှဲပြောင်းပေးသည့် အစီအစဉ်အပြင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပြီးဖြစ်သော လူကုန်ကူးခံရသူ နှစ်ဦး၏ လူကုန်ကူးမှုမှ ရာဇဝတ်မှုအတွက် လျော်ကြေးငွေများကို နှစ်နိုင်ငံ လွှဲပြောင်းလက်ခံရေး အစီအစဉ်ကိုလည်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသက်တမ်းတွင် မှတ်တမ်းဝင်နေ့ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ယခုကဲ့သို့ လူကုန်ကူးခံရသူများ၏ ရာဇဝတ်မှုအတွက် တရားစွဲဆိုခြင်းတွင် ထိုင်းနိုင်ငံ တရားရုံးမှ လျော်ကြေးငွေပေးအပ်ရန် အမိန့်ချမှတ်သည့် အမှုတွင် ယခုအမှုသည် ပထမဆုံးဖြစ်သကဲ့သို့ လျော်ကြေးငွေ အများဆုံးရရှိခဲ့သည့် အမှုလည်းဖြစ်ကြောင်း၊ ယခုအောင်မြင်မှုသည် မြန်မာ-ထိုင်း နှစ်နိုင်ငံ Social Worker များ၏ ပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်ဟုလည်း ဆိုနိုင်ပါကြောင်း၊ နှစ်နိုင်ငံ Social Worker အနေဖြင့် လူကုန်ကူးခံရသူများ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ဆက်လက်ပြီး ရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ လျော်ကြေးငွေ လက်ခံရရှိသော လူကုန်ကူးခံရသူများအနေဖြင့်လည်း မိမိတို့ရရှိသော လျော်ကြေးငွေများသည် မိမိတို့၏ အသက်ခန္ဓာဖြင့် ရင်းနှီး၍ရရှိခဲ့သော ငွေများဖြစ်သည့်အတွက် မိမိတို့ဘဝရပ်တည်ရေး၊ တိုးတက်ရေးတွင် အကျိုးရှိစွာ အသုံးပြုကြပါရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူကုန်ကူးခံရသူများ ပြန်လည်လက်ခံခြင်းနှင့် လူကုန်ကူးခံရသူများ လျော်ကြေးငွေလွှဲပြောင်းလက်ခံခြင်း အစီအစဉ်သို့ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့်အဖွဲ့၊ ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် Ms. Saranapat Anumatrajkit, Royal Thai Police မှ Police General Tamasak Wicharaya, ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ရန်ကုန်မှ Police Attache' Mr. Khemmarin Hasiri နှင့်အဖွဲ့တို့ တက်ရောက်၍ လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းနှင့် လျော်ကြေးငွေများအား ပြန်လည်လက်ခံခြင်းတို့ကို ဆောင်ရွက်သည်။ လျော်ကြေးငွေများအား လွှဲပြောင်းလက်ခံပြီးနောက် ညွှန်ကြားရေးမှူးချုပ်က လူကုန်ကူးခံရသူ နှစ်ဦးထံသို့ ထိုင်းနိုင်ငံ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ပြန်လည်လက်ခံခဲ့သည့် အမျိုးသား ၁၀ ဦး၊ အမျိုးသား ကလေး လေးဦးနှင့် အမျိုးသမီး ကလေး နှစ်ဦး၊ စုစုပေါင်း ၁၆ ဦးအား ၎င်းတို့၏ မိဘနေရပ်များသို့ ပြန်လည်ပို့ဆောင်အပ်နှံနိုင်ရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ယာယီလက်ခံစောင့်ရှောက်ရန် မြဝတီမြို့မှ မော်လမြိုင်မြို့သို့ ခေါ်ဆောင်ခဲ့ပြီး လိုအပ်ချက်များ ဆောင်ရွက်ပြီးစီးပါက ၎င်းတို့၏ နေရပ်သို့ ပြန်လည်ပို့ဆောင်အပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၆၉၁ ဦး တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ စာစစ်ဌာန စုစုပေါင်း ၁၂ ခု ဖွင့်လှစ်ထားရှိ၍ ကျောင်းသားကျောင်းသူပေါင်း ၅၆၉၁ ဦးတို့သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မတ် ၇ ရက်တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်း အင်းစိန်မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

"၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်၊ စာစစ်ဌာန ၁၂ ခုဖွင့်ပြီး ကျောင်းသားကျောင်းသူပေါင်း ၅၆၉၁ ဦး ဖြေဆိုကြမှာပါ၊ အရင်နှစ်က ၅၅၆၀ ဦး ဖြေဆိုခဲ့ပြီး အခုနှစ်မှာ ဖြေဆိုမယ့်သူ ၁၃၁ ဦး တိုး၍ ဖြေဆိုမှာပါ၊ ကျောင်းသား ကျောင်းသူတွေ လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ဖို့အတွက် တက္ကသိုလ်ဝင်စာမေးပွဲ လုံခြုံရေးစီမံချက်ကို စနစ်တကျ ရေးဆွဲထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဦးကျော်ဦးက ပြောသည်။

ယခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးမှ အကျဉ်းကျ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ တစ်ဦး၊ စုစုပေါင်း ၃၄ ဦးသည် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးဝင်းအတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း အမှတ် (၁၃) စာစစ်ဌာန၌ ဖြေဆိုကြရမည်ဖြစ်ပြီး ယခင်နှစ်က ကျောင်းသား ကျောင်းသူ ၂၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ကိုးဦး အောင်မြင်ခဲ့ကြသည်။

ထို့အပြင် မသန်စွမ်း မျက်မမြင် ကျောင်းသားကျောင်းသူ ၁၀ ဦးတို့လည်း သတ်မှတ်ထားသည့် စာစစ်ဌာနများ၌ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ၎င်းကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုကူညီကြမည့် ကျောင်းသား ကျောင်းသူများနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ကြောင်းနှင့် ယာယီစာစစ်ဌာန သီးသန့်တစ်ခုကို အင်းစိန်၊ ဖော့ကန် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁၁)၌ ဖွင့်လှစ်ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**ဉာဏ်ဟိန်း**

■

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံက ပိုင်စိုးပိုင်နင်းလုပ်နေတယ်ဆိုတဲ့ အတွေးအပေါ် အခြေခံပြီး ကာလရှည်ကြာ မြုံသလိုဖြစ်နေတဲ့ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတွေ လက်တွဲဆောင်ရွက်တဲ့ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဟာ ပြန်ရှင်သန်လာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့မဟာဗျူဟာပြိုင်ဘက် ဒီနိုင်ငံတွေရဲ့ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ ပြန်ရှင်သန်လာခဲ့တာက လည်း အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)နဲ့လည်း ဆက်စပ်နေပါတယ်။ အာဆီယံနိုင်ငံတွေက တွေ့ဆုံညှိနှိုင်းဆွေးနွေးတဲ့နည်းလမ်းနဲ့ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့လုပ်ရပ်တွေကို မဟန့်တားနိုင်ခဲ့တဲ့အပေါ် လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဝင် ဒီနိုင်ငံတွေက စိတ်ပျက်လက်ပျက်ဖြစ်နေတာပါ။

ဒီတော့ အာဆီယံရဲ့စွမ်းဆောင်ရည်အခန်းကဏ္ဍဟာ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ရလဒ်ကတော့ ပါဝါချိန်ခွင်လျှာထိန်းညှိရေး တွက်ချက်မှုတွေဟာ အနာဂတ်အာရှ-ပစိဖိတ်မဟာဗျူဟာ ဟန်ချက်ညီရေးအတွက်ပဲဖြစ်ဖြစ်၊ အာရှ-ပစိဖိတ်မဟာဗျူဟာ ဟန်ချက်ပျက်ပြားမှုအတွက်ပဲဖြစ်ဖြစ် အရေးပါလိုအပ်လာပါတယ်။ လေးပွင့်ဆိုင်မဟာမိတ်ဖွဲ့စည်းမှုရဲ့ပြဿနာဟာ ဒီလိုမဟာမိတ်ဖွဲ့စည်းမှုအပေါ် တရုတ်နိုင်ငံက ရန်စတယ်လို့ သတ်မှတ်ထားတာပါ။ ပြောရရင် လေးပွင့်ဆိုင်မဟာမိတ်ဖွဲ့စည်းမှုဟာ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့ ရေပြင်စိုးမိုးရေး လုပ်ဆောင်ချက်တွေကို ထိန်းချုပ်နိုင်မယ့်အစား မီးထိုးတွန်းအားပေးသလိုပဲ ဖြစ်မှာပါ။

မကြာသေးခင်နှစ်တွေမှာ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဝင်လေးနိုင်ငံဟာ သူတို့နိုင်ငံအချင်းချင်းကြား ပူးတွဲရေကြောင်း စစ်ရေးလေ့ကျင့်မှုတွေ တိုးမြှင့်လုပ်လာတာကို တွေ့ရပါတယ်။ အမျိုးမျိုးအဖုံဖုံသော ဒီအထင်ကရ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေဟာ ပင်လယ်ရေကြောင်း လွတ်လပ်စွာသွားလာနိုင်မှုနဲ့ နိုင်ငံတကာရေပိုင်နက်အပေါ် လွတ်လပ်စွာ ပျံသန်းနိုင်မှုတို့ကို ကာကွယ်နိုင်ဖို့ ရည်ရွယ်တာပါ။ အိန္ဒိယနိုင်ငံဟာ အက်ဒမန် (Andaman)နဲ့ နီကိုဘာ (Nicobar) ကျွန်းတွေဝန်းကျင်မှာ ရှစ်ရက်ကြာ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုဆောင်ရွက်ဖို့ ပြင်ဆင်နေပါတယ်။ အက်ဒမန်နဲ့ နီကိုဘာကျွန်းစုတွေဟာ တောင်တရုတ်ပင်လယ်နဲ့ အိန္ဒိယသမုဒ္ဒရာတို့ ဆုံစည်းရာမှာရှိတဲ့ ထိပ်တန်းမဟာဗျူဟာမြောက်ကျွန်းစုတွေပါ။ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နဲ့ စင်ကာပူနိုင်ငံအပါအဝင် နိုင်ငံ ၁၆ နိုင်ငံဟာ ဒီပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုမှာ ပါဝင်မှာပါ။

စိတ်ဝင်စားစရာကောင်းတာက ဒီ ၁၆ နိုင်ငံ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုလုပ်မယ့် သတင်းထွက်ပေါ်လာတဲ့အချိန်ပါ။ တရုတ်နိုင်ငံနဲ့ အာဆီယံအဖွဲ့တို့က သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဒီနှစ်နှောင်းပိုင်းမှာ ပြုလုပ်မယ်ဆိုတဲ့သတင်း ထွက်ပေါ်ပြီးပြီးချင်းဆိုသလို ဒီ ၁၆ နိုင်ငံ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုသတင်း ထွက်ပေါ်လာတာပါ။ မနှစ်ကဆိုရင် အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေဟာ မယ်လဘာ(Malabar) ဒေသဝန်းကျင်မှာ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ပါတယ်။ မယ်လဘာဒေသဆိုတာက အိန္ဒိယအနောက်ပိုင်း ဂတ်(Ghat)တောင်တန်းတွေနဲ့ အာရေးဗီးယားပင်လယ်ကြားက အိန္ဒိယနိုင်ငံတောင်ပိုင်းဝန်းကျင်ဒေသကို ပြောတာပါ။ ဒီပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ ရေငုပ်သင်္ဘောချေမှုန်းရေးအပေါ် အဓိကအာရုံစိုက် ဆောင်ရွက်ခဲ့တာပါ။ ပိုပြီးရှင်းအောင်ပြောရရင် တစ်နေ့ထက်တစ်နေ့ ပိုအားကောင်းလာတဲ့ တရုတ်နိုင်ငံရေတပ်ရဲ့ ပျော့ကွက်ကို ထိုးနှက်နိုင်ဖို့ အဓိကရည်ရွယ်ဆောင်ရွက်ခဲ့တာပါ။ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ရဲ့ ဒီပူးတွဲစစ်ရေးလေ့ကျင့်မှုဟာ သမိုင်းမှာ ဒုတိယအကြိမ်မြောက် ပြုလုပ်ခဲ့တဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုပါ။ ရှေ့လာမယ့်နှစ်တွေမှာ ဒီလိုပူးတွဲစစ်ရေးလေ့ကျင့်မှုတွေကို နှစ်စဉ် ပုံမှန်ဆောင်ရွက်လာနိုင်ခြေရှိပါတယ်။

တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့ ရေပြင်စိုးမိုးရေးကြိုးပမ်းမှုတွေအပေါ် တုံ့ပြန်နိုင်ဖို့ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဟာ စစ်ရေးအရ ပူးတွဲဆောင်ရွက်မှုတွေကို ပိုပြီးပြုလုပ်လာဖို့ရှိပါတယ်။ အမေရိကန်-ပစိဖိတ်ကွပ်ကဲရေးအကြီးအကဲ၊ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်(Harry Harris)ကို ဩစတြေးလျနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ခန့်အပ်ဖို့ စီစဉ်ဆောင်ရွက်နေတာကလည်း ဒီလိုပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ တိုးမြှင့်ပြုလုပ်နိုင်ဖို့ ခတ်ကွင်းပြင်တဲ့သဘောပါ။ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်ကို တရုတ်ဆန့်ကျင်ရေးသမားလို့ လူသိများကြတာပါ။ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်ဟာ အမေရိကန်နိုင်ငံရဲ့ ကျယ်ပြန့်တဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာကို အဓိကပုံဖော်ခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်ဟာ ဂျပန်နွယ်ဖွား အမေရိကန်နိုင်ငံသားပါ။ အာရှဒေသမှာ ဒီမိုကရေစီနိုင်ငံတွေ ပိုပူးပေါင်းဆောင်ရွက်လာအောင်စည်းရုံးပြီး ဒေသတွင်းမှာ အမေရိကန်နိုင်ငံဦးဆောင်တဲ့ ဖက်ဒရယ်စနစ် တည်တံ့အောင်ပြုလုပ်ရမယ်လို့ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်က စွဲစွဲမြဲမြဲ ယုံကြည်တာပါ။





အမေရိကန်နိုင်ငံဟာ ရေတပ်ဗိုလ်ချုပ်ကြီး ဟယ်ရီဟဲရစ်ရဲ့ ဦးဆောင်မှုအောက်မှာ ဩစတြေးလျနိုင်ငံနဲ့ တခြား အဓိကမဟာမိတ်နိုင်ငံတွေက လွတ်လပ်စွာ ရေကြောင်းသွားလာနိုင်မှုပုံဖော်ရေး (Freedom of Navigation Operations-FONOPS)မှာ ပါဝင်ဆောင်ရွက်လာဖို့ နှိုးဆော်တွန်းအားပေးနေတာပါ။ ပြောရရင် ဒီပုံဖော်ဆောင်ရွက်မှုဟာ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့ ပိုင်စိုးပိုင်နင်းလုပ်ရပ်တွေဆိုတာကို တုံ့ပြန်နိုင်ဖို့ ရည်ရွယ်ထားတာပါ။ ထိပ်တန်းသံတမန်ဖြစ်လာမယ့် ဟယ်ရီဟဲရစ်ဟာ လေးပွင့်ဆိုင် မဟာမိတ်အဖွဲ့တွေကြား စစ်ရေးပူးတွဲဆောင်ရွက်မှုတွေ ခိုင်မာလာဖို့ လေးလေးနက်နက် ကြိုးပမ်းဆောင်ရွက်မှာပါ။ ပြောရရင် ဟယ်ရီဟဲရစ်ရဲ့ အယူအဆဟာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဆုပ်ကိုင်ခဲ့တဲ့ ဒီမိုကရက်တစ် စိန်မဟာဗျူဟာ (Democratic Security Diamond)အပေါ် အခြေခံထားတာပါ။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ မဟာဗျူဟာက ဒီမိုကရစ်တစ်အာရှနိုင်ငံတွေ စုစည်းပြီး တရုတ်နိုင်ငံရဲ့ ရေကြောင်းပါဝါကို တုံ့ပြန်ဖို့ ရည်ရွယ်ချမှတ်ထားတာပါ။

ပြီးခဲ့တဲ့လတွေအတွင်း သမ္မတ ဒေါ်နယ်ထရန့်အစိုးရအဖွဲ့ရဲ့ အရာရှိတွေ အာရှဒေသကို လာရောက်တဲ့အခါ "အာရှပစိဖိတ်"ဆိုတဲ့ဝေါဟာရအစား "အင်ဒိုပစိဖိတ်" ဆိုတဲ့ဝေါဟာရကိုပဲ တညီတညွတ်သုံးစွဲခဲ့ကြပါတယ်။ ဒါက အာဘေး-ဟဲရစ်ရဲ့ ပထဝီနိုင်ငံရေးအတွေးအခေါ်ကို အမေရိကန်အစိုးရအဖွဲ့ရဲ့ ထိပ်ပိုင်းက လက်ခံတာကို ဖော်ပြလိုက်တာပါ။ ပြောရရင် လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ ပြန်အသက်သွင်းရေးကို တွန်းအားပေးခဲ့တာက တရုတ်တစ်နိုင်ငံတည်းမဟုတ်ပါဘူး။ အာဆီယံအဖွဲ့က တောင်တရုတ်ပင်လယ်ပြင်လို အငြင်းပွားစရာကိစ္စတွေမှာ တရုတ်နိုင်ငံရဲ့မူဝါဒအတိုင်း လိုက်နာဆောင်ရွက်လာတာကလည်း အမေရိကန်နိုင်ငံနဲ့ သူ့ရဲ့ အဓိကမဟာမိတ်နိုင်ငံတွေအဖို့ စိတ်ပျက်ဒေါသထွက်စရာ ဖြစ်ခဲ့ရတာပါ။

ပြောရရင် အတိတ်ကာလက ဒေသတွင်းမှာ ဩဇာကြီးတဲ့ နိုင်ငံကြီးတွေကြား သတိကြီးကြီးထားပြီး ပြောဆိုခဲ့တယ်ဆိုပေမယ့် အကောင်းမြင်သဘောထားတစ်ရပ်တော့ ရှိခဲ့တာပါ။ ဒါကဘာလဲဆိုတော့ အရှေ့တောင်အာရှနိုင်ငံတွေဟာ စုစုစည်းစည်းနဲ့ တရုတ်နိုင်ငံကို ရင်ဆိုင်နိုင်စွမ်းရှိပြီး တရုတ်နိုင်ငံက နိုင်ငံပေါင်းစုံ လက်တွဲဆောင်ရွက်ရေးလမ်းကြောင်းပေါ် ပိုရောက်လာအောင်၊ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ပိုရောက်လာအောင် ဆောင်ရွက်နိုင်စွမ်းရှိမယ်လို့ တွက်ဆထားတာပါ။ ဒါပေမယ့် အမေရိကန်လို အနောက်နိုင်ငံကြီးတွေရဲ့အမြင်မှာ တရုတ်နိုင်ငံဟာ အာဆီယံအဖွဲ့ကို မဟာဗျူဟာပြိုင်ဘက်နိုင်ငံကြီးတွေနဲ့ ဆက်ဆံရာမှာ အကာအကွယ်ဒိုင်းသဖွယ် အသုံးချလာတာပါ။ ဖိလစ်ပိုင် သမ္မတ ဒူတာတေးက အာဆီယံအဖွဲ့ရဲ့ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့တဲ့ မနှစ်ကဆိုရင် ဒီအချက်က ပိုသိသာထင်ရှားလာပါတယ်။ ဖိလစ်ပိုင် သမ္မတ ဒူတာတေးက အမေရိကန်နိုင်ငံနဲ့ အနောက်နိုင်ငံကြီးတွေကို တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေကြား ဆက်ဆံရေးမှာ လက်ရှောင်ဖို့ သတိပေးခဲ့တာပါ။ ဒါဟာ တရုတ်နိုင်ငံနဲ့ အာဆီယံနိုင်ငံတွေကြား နှစ်နိုင်ငံချင်း ညှိနှိုင်းရမယ့်ကိစ္စရပ်လို့ ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောဆိုခဲ့တာပါ။

" ဒေသတွင်း လုံခြုံရေးဖော်ဆောင်ရေးမှာ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့နဲ့ တရုတ်နိုင်ငံကြား ပြိုင်ဆိုင်မှုဟာ ဒေသတွင်းလုံခြုံရေးကိစ္စရပ်နဲ့ပတ်သက်ပြီး အာဆီယံအဖွဲ့ရဲ့ အခန်းကဏ္ဍကို အားနည်းစေမှာပါ "

တောင်တရုတ်ပင်လယ်အတွင်းမှာ ဘယ်လိုပဲ ပြဿနာတွေရှိရှိ ဒေသတွင်းအခြေအနေဟာ ယေဘုယျအားဖြင့် တည်ငြိမ်နေတယ်လို့ စင်ကာပူနဲ့ အင်ဒိုနီးရှားလို အရေးကြီးတဲ့ အာဆီယံနိုင်ငံတွေက ခံယူထားတာပါ။ ဒီသဘောထားဟာ တရုတ်နိုင်ငံရဲ့သဘောထားနဲ့ တစ်ထပ်တည်းပါ။ တစ်ဖက်မှာ ဒေသတွင်းလုံခြုံရေးအပေါ် အမေရိကန်နိုင်ငံရဲ့ တာဝန်ယူမှုက မရေမရာဖြစ်နေသလို တစ်ဖက်မှာလည်း တရုတ်နိုင်ငံကလည်း စီးပွားရေးမက်လုံးတွေပေး အကြီးအကျယ်စည်းရုံးနေတာမို့လို့ အာဆီယံနိုင်ငံတွေဟာ တရုတ်နိုင်ငံနဲ့ အဆင်ပြေပြေနေနိုင်ရေးကိုပဲ ပိုလိုလားနေကြတာပါ။ ပြောရရင် လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့က တရုတ်နိုင်ငံအပေါ် ဘယ်လောက်တုံ့ပြန်နိုင်စွမ်းရှိမလဲဆိုတာကလည်း မသေချာပါဘူး။ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ကို ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွေကတည်းက ဖွဲ့စည်းဖို့ကြိုးစားခဲ့ပေမယ့် လက်တွဲဆောင်ရွက်မယ့် နိုင်ငံတွေကြား သဘောထားအမြင်အမျိုးမျိုးအဖုံဖုံ ကွဲပြားနေတာနဲ့ တရုတ်နိုင်ငံမှရမယ့် စီးပွားရေးအကျိုးအမြတ်တွေ ဆုံးရှုံးမှာကို စိုးရိမ်တဲ့စိတ်တွေကြောင့် လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ရဲ့ အနေအထားဟာ မရေမရာဖြစ်ခဲ့တာပါ။

သုံးသပ်ကြည့်မယ်ဆိုရင် အိန္ဒိယနိုင်ငံက အမေရိကန်နိုင်ငံရဲ့ တပည့်ဆိုတာမျိုး ဘယ်လိုမှအဖြစ်မခံနိုင်ပါဘူး။ ဩစတြေးလျနိုင်ငံက တရုတ်နိုင်ငံနဲ့ ခိုင်မာတဲ့စီးပွားရေး မဟာမိတ်ဖွဲ့စည်းမှုကို အဆုံးအရှုံးမခံနိုင်ပါဘူး။ အမေရိကန်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ကလည်း ပြည်တွင်းနိုင်ငံရေး အကောင်းအဆိုး အလှည့်အပြောင်းရဲ့ ဖိအားအောက်မှာ မလှုပ်နိုင်၊ မရှားနိုင် ခြေချုပ်မိသလို ဖြစ်နေကြတာပါ။ တရုတ်နိုင်ငံကတော့ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဟာ သူ့နိုင်ငံအပေါ် ပိတ်ဆို့ထိန်းချုပ်ရေးမဟာဗျူဟာပဲလို့ ပြောင်ပဲပြောဆိုခဲ့တာပါ။ ပြောရရင် လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့ဟာ တရုတ်နိုင်ငံကို တောင်တရုတ်ပင်လယ်အတွင်း စစ်ရေးလှုပ်ရှားမှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ အကြောင်းပြချက်ကောင်းတစ်ခုလို ဖြစ်နေတာပါ။ ဒေသတွင်း လုံခြုံရေးဖော်ဆောင်ရေးမှာ လေးပွင့်ဆိုင်မဟာမိတ်အဖွဲ့နဲ့ တရုတ်နိုင်ငံကြား ပြိုင်ဆိုင်မှုဟာ ဒေသတွင်း လုံခြုံရေးကိစ္စရပ်နဲ့ပတ်သက်ပြီး အာဆီယံအဖွဲ့ရဲ့ အခန်းကဏ္ဍကို အားနည်းစေမှာပါ။ ဒီလိုအနေအထားမျိုးမှာ အရှေ့တောင်အာရှနိုင်ငံတွေဟာ ရင်ဆိုင်ရတဲ့အခြေအနေတွေကို ကိုင်တွယ်နိုင်စွမ်းရှိအောင် ပြင်ဆင်ဆောင်ရွက်မလား(ဒါမှမဟုတ်) အင်အားကြီးနိုင်ငံတွေရဲ့ ဒေသတွင်း မဟာဗျူဟာပြိုင်ပွဲမှာ ဘေးကနေ လက်ပိုက်ကြည့်နေမလားဆိုတာကို ဆုံးဖြတ်ကြရတော့မှာပါ။ ။

# အပြန်အလှန်နားလည်မှုရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြပါလျှင်

မြို့နယ်လျှပ်စစ်မန်နေဂျာ(ပုဇွန်တောင်)

အခွန်ထမ်းပြည်သူတစ်ဦးမှ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အခများကို အပြည့်အဝ တာဝန်ကျေစွာ ပေးဆောင်မှသာ နိုင်ငံတော်၏ဘဏ္ဍာ ရန်ပုံငွေတောင့်တင်း ခိုင်မာလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆတက်ထမ်းပိုး လုပ်ဆောင်ပေးနိုင်မည်ဖြစ်သကဲ့သို့ မီးသုံးသူပြည်သူများကလည်း လျှပ်စစ်ဌာနသို့ ပေးဆောင်ရမည့် မီတာခ၊ ဝန်ဆောင်ခ၊ သတ်မှတ်ကြေးများ၊ ဒဏ်ကြေး၊ နစ်နာကြေးများကို တာဝန်သိသိ သစ္စာရှိရှိဖြင့် လာရောက် ပေးဆောင်မှသာ ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါသည်။

"လျှပ်စစ်ဌာနက မီးခဏခဏ ပျက်တယ်၊ မီတာခတွေ ဝန်ဆောင်ခတွေကတော့ အတိအကျ ကောက်နေပြီး မီးကတော့ ပုံမှန်လာအောင် မလုပ်ပေးနိုင်ဘူး၊ ဗို့အားတွေလည်း မပြည့်ဘူး၊ တာဝန်မကျေဘူး"ဟု ပြောဆိုသံများကို အမြဲလိုလိုကြားနေရပါသည်။

ယေဘုယျအားဖြင့်တော့ မှန်ကောင်းမှန်နိုင်ပါလိမ့်မည်။ သို့ရာတွင် သူ့ဘက်ကိုယ့်ဘက် နှစ်ဦး နှစ်ဖက် တာဝန်ကျေမှ လိုအပ်ချက်များ၊ အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်ဟု ယူဆပါသည်။ တစ်ဖက်တည်းကို အပြစ်ပြောနေမည့်အစား ဘာကြောင့်မီးပျက်ရသည်၊ ဗို့အားဘာကြောင့် မပြည့်ရသည်ဟူသော အကြောင်းတရားများကို ညှိနှိုင်းပေါင်းစပ်ကာ လက်ရှိဖြစ်ပျက်နေသော အခြေအနေမှန်ကို သိရှိနားလည်ပြီး ပူးပေါင်းကူညီ ဆောင်ရွက်သင့်ကြပါသည်။

မီးသုံးသူ ပြည်သူများအတွင်း မီတာခကို ပုံမှန်လာရောက်ပေးဆောင်သူများရှိသကဲ့သို့ ပုံမှန် လာရောက်ပေးဆောင်ရန် ပျက်ကွက်သူများလည်း ရှိနေပါသည်။ Last Date ဟုခေါ်သော နောက်ဆုံး ပေးဆောင်ရမည့်ရက်တွင် ပေးဆောင်ခြင်းမရှိဘဲ ရက်လွန်၊ လလွန် ပေးဆောင်သူများလည်း ရှိနေပါသည်။ သတ်မှတ်ရက်တွင် လာရောက်ပေးဆောင်ခြင်းမရှိသဖြင့် မီးဖြတ်လိုက်မှ၊ မီးမရတော့မှ လာရောက်ပေးဆောင်ကြသူများလည်း ရှိနေပါသည်။ ထိုထက်ဆိုးသည်ကား သုံးလနှင့်အထက် လာရောက်ပေးဆောင်ခြင်းမရှိသဖြင့် တပ်ဆင်ထားသော မီတာအား ဌာနမှ ယာယီဖြုတ်သိမ်းရသည့် အခြေအနေရှိသူများလည်း ရှိနေပါသည်။ မီတာကိုဖြုတ်လိုက်မှ လာရောက်ပေးဆောင်ကြသူများလည်း ရှိနေပါသည်။ မီးသုံးသူပြည်သူများအကြား ဒီမိုကရေစီစနစ်နှင့်အညီ မီတာခများကို တာဝန်သိသိ၊ သစ္စာရှိရှိ စိတ်ဓာတ်ဖြင့် သတ်မှတ်ရက်အမီ ပေးဆောင်ကြရန် လိုအပ်နေပေသေးသည်။

ထို့အပြင် မီးသုံးသူပြည်သူများ လိုက်နာရမည့် အကြောင်းအချက်များမှာလည်း များစွာရှိနေပါသေးသည်။ ထိုအကြောင်းအချက်များကို လိုက်နာမှုမရှိသဖြင့် လျှပ်စစ်ဌာနမှ ရသင့်ရထိုက်သော ဓာတ်အားများ အပါအဝင် ဒဏ်ကြေး၊ နစ်နာကြေးများ မရရှိသည့်အတွက် နစ်နာဆုံးရှုံးနေရသည်ကို သိစေချင်ပါသည်။

မီးသုံးသူ ပြည်သူတစ်ဦးအနေဖြင့် မီတာတစ်လုံးကို တပ်ဆင်အသုံးပြုခွင့်ပေးလိုက်သည်နှင့် စောင့်ထိန်းလိုက်နာသင့်သော စည်းကမ်းချက်များလည်း ရှိနေပါသည်။ မီတာကို လျှပ်စစ်ဌာန၏ တာဝန်ရှိသူမှအပ ပြုပြင်ဆောင်ရွက်ခွင့်မရှိပါ။ တပ်ဆင်ထားသော မီတာအား ပုံမှန်မလည်အောင်၊ ယူနစ်မတက်အောင်၊ ရပ်နေအောင်၊ နှေးနေအောင်၊ မီတာခမများအောင် တရားမဝင် ပြုပြင်ဆောင်ရွက်ထားခြင်းမျိုး မပြုလုပ်ရပါ။ ထိုကဲ့သို့ တရားမဝင်ပြုပြင်သုံးစွဲမှုကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဓာတ်အားခများမရရှိဘဲ ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းများနေခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးနစ်နာသည်သာမက ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေး ရန်ပုံငွေပိုင်းဆိုင်ရာကို များစွာအခက်အခဲ ဖြစ်ပေါ်စေပါသည်။

မိမိကိုယ်တိုင်က တရားမဝင်သုံးစွဲမှုမရှိသော်လည်း အခြားသူများ သုံးစွဲသည်ကို တွေ့မြင်သိရှိပါကလည်း လျှပ်စစ်ဌာနသို့ အချိန်မီသတင်းပို့ရန် တာဝန်ရှိလှပါသည်။ မီးသုံးသူနှင့် ဌာန၏ အချို့ဝန်ထမ်းများက ပူးပေါင်းညှိနှိုင်းပြုပြင်ပြီး တရားမဝင် ဓာတ်အား သုံးစွဲနေသည်များလည်း ရှိနေပါသည်။ မီးသုံးသူ ပြည်သူများက သတင်းပေးပို့မှသာ လျှပ်စစ်ဌာနတာဝန်ရှိသူများမှ အမြန်ဆုံး ဟန့်တားစစ်ဆေးဖော်ထုတ် အရေးယူနိုင်ပြီး ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းသက်သာစေနိုင်ပါမည်။ မီးသုံးသူ ပြည်သူများအတွင်း သတင်းမပေးလိုသူက များနေပါသည်၊ အမုန်းမခံလိုကြပေ။ ရန်ရှာမည်ကို ကြောက်၍ သတင်းမပေးကြသူများလည်း ရှိနေနိုင်ပါသည်။ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် သတင်းပေးနိုင်သော ပြည်သူ တစ်ယောက်ဖြစ်လာဖို့ လိုအပ်နေပါသည်။

မိမိသုံးစွဲနေသော မီတာမှာ မိမိက တရားမဝင် ပြုပြင်သုံးစွဲထားခြင်းမဟုတ်သော်လည်း မီတာချွတ်ယွင်းမှုကြောင့် ရပ်နေလျှင်သော်လည်းကောင်း၊ ပျက်နေလျှင်သော်လည်းကောင်း၊ မီတာပြုဂဏန်းမှာ ပြောင်းလဲမှုမရှိဖော်ပြနေလျှင်သော်လည်းကောင်း လျှပ်စစ်ဌာနသို့ အမြန်ဆက်သွယ်သတင်းပို့ရန် လိုအပ်ပါသည်။ သတင်းမပို့ဘဲ မသိသလိုနေပြီး ဓာတ်အားခ သက်သာလျှင်ပြီးရော သဘောထားကာ ဓာတ်အား ဆက်လက်သုံးစွဲနေခြင်းကြောင့် မီတာ၏ ချွတ်ယွင်းချက်ကို အမြန်ဆုံး အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သည့်အတွက် ဓာတ်အားများဆုံးရှုံးနစ်နာနေမှုများမှာလည်း ဒုနဲ့ဒေး ရှိနေကြပါသည်။

တပ်ဆင်ထားသော မီတာမှ ရပ်ပျက်၊ နှေးဖြစ်၍လည်းကောင်း၊ ဝန်ပိုသုံးစွဲခြင်းကြောင့် လည်းကောင်း၊ မီတာလောင်ကျွမ်းခြင်းကြောင့်လည်းကောင်း၊ ဆီးလ်များ ပျက်ယွင်းပြီး သံသယဖြစ်၍လည်းကောင်း၊ ပြုပြင်သုံးစွဲထားမှုကြောင့် လည်းကောင်း ဖြုတ်သိမ်းပြီး လျှပ်စစ်စမ်းသပ်ရေးဌာနခွဲသို့ အပ်နှံပြီးအစစ်ဆေးခံကြရပါသည်။ လျှပ်စစ်စမ်းသပ်ရေးဌာနခွဲ၏ စစ်ဆေးတွေ့ရှိချက် ပြန်ကြားချက်တွင် မီးသုံးသူက ပြုပြင်သုံးစွဲထားမှုအရ Tampered မီတာဖြစ်ကြောင်း သတ်မှတ်ပါက လျော်ကြေး၊ နစ်နာကြေးများ။ အစားထိုးတပ်ဆင်ခများအား မီတာအမည်ပေါက် ပိုင်ဆိုင်သူမှ အပြည့်အဝ လာရောက်ပေးဆောင်ရန် တာဝန်ရှိပါသည်။ အချို့က တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လာရောက် ပေးဆောင်ကြသော်လည်း အချို့က စာဖြင့် လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း အကြိမ်ကြိမ် တောင်းခံသော်လည်း လာရောက်ဆက်သွယ်ခြင်းပင် မပြုကြသူများလည်း ရှိနေပါသည်။ အစားထိုး အသစ်တပ်ဆင်ပေးထားသော မီတာကို မီးဖြတ်ခြင်း ဆောင်ရွက်လိုက်မှသာလျှင် လာရောက် ဆက်သွယ်ပေးဆောင်ကြသူများလည်း ရှိနေပါသည်။ Test Lab Result အရ လျော်ကြေး၊ နစ်နာကြေးများ အပြည့်အဝ မရရှိခြင်းသည်လည်း လျှပ်စစ်ဌာန၏ ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးလုပ်ငန်းများကို အထိုက်အလျောက် ထိခိုက်စေပါသည်။

> **တပ်ဆင်ထားသော မီတာအား ပုံမှန်မလည်အောင်၊ ယူနစ်မတက်အောင်၊ ရပ်နေအောင်၊ နှေးနေအောင်၊ မီတာခမများအောင် တရားမဝင် ပြုပြင်ဆောင်ရွက်ထားခြင်းမျိုး မပြုလုပ်ရပါ။ ထိုကဲ့သို့ တရားမဝင်ပြုပြင်သုံးစွဲမှုကြောင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော ဓာတ်အားခများမရရှိဘဲ ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းများနေခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးနစ်နာသည်သာမက ဓာတ်အားဖြန့်ဖြူးမှုစနစ် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ငွေကြေး ရန်ပုံငွေပိုင်းဆိုင်ရာကို များစွာ အခက်အခဲ ဖြစ်ပေါ်စေပါသည်**

မော်တော်ယာဉ် မောင်းနှင်မှုဆိုင်ရာ စည်းကမ်းများကို လိုက်နာမှုမရှိဘဲ အရှိန်လွန်မောင်းနှင်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်များ ယာဉ်တိုက်မှုဖြစ်ပွားပြီး ဓာတ်တိုင်များ ကျိုးခြင်း၊ ဓာတ်အားလိုင်းများ ပြိုလဲခြင်း၊ ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းများကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်များမှာလည်း နေ့ရာတိုင်းတွင် ဖြစ်ပေါ်နေပါသည်။ ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားရခြင်း ဖြစ်သဖြင့် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ၊ ပုဒ်မ ၆ (၁)တွင်ပြဋ္ဌာန်းထားသည့် ပြည်သူပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့် ပတ်သက်ပြီး အကျိုးဖျက်ဆီးမှုတစ်ခုခုကို ကျူးလွန်မှုကို ဖြစ်စေပါသည်။ ၂၄ နာရီအတွင်း လျှပ်စစ်ဌာနသို့ ပျက်စီးဆုံးရှုံးမှုနှင့် ဓာတ်အား ပြတ်တောက်မှုများအတွက် လျော်ကြေး၊ နစ်နာကြေးများကို အချိန်မီ ပေးသွင်းခြင်းမပြုပါက ပုဒ်မ ၆ (၁)ဖြင့် ရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ရပါသည်။ ဓာတ်တိုင်တိုက်မှုများ ဖြစ်ပေါ်ပါက တချို့ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများမှ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လျော်ကြေး၊ နစ်နာကြေးများကို လျှပ်စစ်ဌာနသို့ လာရောက်ပေးဆောင်ညှိနှိုင်း ဆောင်ရွက်ကြသော်လည်း တချို့ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများမှာ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ ဓာတ်တိုင်တိုက်ပြီး မောင်းနှင်ထွက်ပြေးခြင်း၊ ကားကိုထား၍ ရှောင်တိမ်းထွက်ပြေးခြင်း၊ သတ်မှတ်ထားသည့် လျော်ကြေး၊ နစ်နာကြေးများကို ဌာနသို့ ပေးလျော်မှုမရှိဘဲ ရဲစခန်းတွင် အမှုဖွင့် အရေးယူမှုကိုသာ ခံယူကြခြင်းတို့ကြောင့် လျှပ်စစ်ဌာနအနေဖြင့် နစ်နာဆုံးရှုံးမှုအများအပြားရှိနေပါသည်။ ထိုသို့ နစ်နာဆုံးရှုံးမှုများသည်လည်း ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် အခက်အခဲတစ်ခု ဖြစ်ပေါ်စေပါသည်။

မီးသုံးသူ ပြည်သူတစ်ဦးအနေဖြင့် အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာဖြင့် အလင်းရောင်အတွက်သာ သုံးစွဲပါက အလင်းရောင်သုံးနှုန်း ၃၅ ကျပ်၊ ငွေကျပ် ၄၀၊ ငွေကျပ် ၅၀ စသည်ဖြင့် အလွှာလိုက်နှုန်းထားဖြင့် ဓာတ်အားခ ပေးဆောင်ရန်တာဝန်ရှိသော်လည်း ၎င်းမီတာဖြင့် စျေးဆိုင်ရောင်းချခြင်း၊ ကုမ္ပဏီရုံးခန်းဖွင့်ခြင်း၊ ဆေးခန်းဖွင့်ခြင်း စသည်ဖြင့် စီးပွားရေးလုပ်ငန်းများကို ဖွင့်လှစ်ဆောင်ရွက်ပါက စီးပွားရေးသုံးနှုန်း ၇၅ ကျပ်၊ ငွေကျပ် ၁၀၀၊ ၁၂၅ ကျပ် စသည်ဖြင့် အလွှာလိုက်နှုန်းထားဖြင့် ဓာတ်အားခ ပေးဆောင်ရန် တာဝန်ရှိလာပါမည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သော်လည်း အလင်းရောင်နှုန်းထားဖြင့်သာ ပေးဆောင်ပါက လျှပ်စစ်ဌာနတွင် ရသင့်ရထိုက်သော ဓာတ်အားခများ မရရှိသဖြင့် နစ်နာဆုံးရှုံးမှုများ ရှိနေခြင်းသည်လည်း ဌာနဝင်ငွေကို ထိခိုက်စေသည့် အကြောင်းရင်းတစ်ချက် ဖြစ်နေပါသည်။

ထို့ထက် တစ်ဆင့်တက်လာသောအခါ အသေးစားစက်မှုလုပ်ငန်းများ၊ လုပ်ငန်းလိုင်စင်ဖြင့် ဆောင်ရွက်ရသော အကြီးစားစီးပွားရေးလုပ်ငန်းများဖြစ်လာပါက လုပ်ငန်းသုံးပါဝါမီတာများ လျှောက်ထားဆောင်ရွက်ရန် တာဝန်ရှိလာပါသည်။ လုပ်ငန်းသုံးပါဝါမီတာဖြင့် ဆောင်ရွက်ရမည့် အသေးစားစက်မှုလုပ်ငန်းများနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများကို အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာဖြင့် ဆောင်ရွက်ခွင့်မရှိသဖြင့် ဆောင်ရွက်နေကြခြင်းသည်လည်း တရားမဝင် ဓာတ်အားသုံးစွဲမှုပင်ဖြစ်ပါသည်။ ထိုကဲ့သို့ တရားမဝင်လုပ်ငန်း ဆောင်ရွက်နေမှုများကြောင့် ဌာနမှတက်မှုသုံး၊ စီးပွားရေးနှုန်းထားနှင့် မြင်းကောင်ရေကြေးများ နစ်နာကာ လျှပ်စစ်ဌာန၏ ဝင်ငွေကို ထိခိုက်စေပါသည်။ လုပ်ငန်းရှင်များက တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိလာပါသည်။

ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော ဖြန့်ဖြူးရေး ထရန်စဖော်မာများ တိုးချဲ့အစားထိုးတပ်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ထရန်စဖော်မာများ ကြံ့ခိုင်အောင် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် မီးသုံးသူပြည်သူများ၏ စကားသံများဖြစ်သော ဓာတ်အား ပြတ်တောက်မှုများ လျော့နည်းလာခြင်း၊ အရည်အသွေးပြည့်ဝသော ဗို့အားပြည့်မီသော ဓာတ်အားကို သုံးစွဲလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိလာနိုင်မည် ဖြစ်ပါသည်။

ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဌာနတွင် ရန်ပုံငွေ တောင့်တင်းခိုင်မာရန် လိုအပ်ပါသည်။ ရန်ပုံငွေရရှိရန်မှာလည်း မီးသုံးသူပြည်သူများက မီတာခများ လစဉ်မှန်မှန် ကြေးကျန်မရှိ ပေးသွင်းခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှုန်းထားဖြင့် မှန်မှန်ကန်ကန် ဓာတ်အားခပေးသွင်းခြင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှု မရှိအောင် ဝိုင်းဝန်းထိန်းသိမ်း ကူညီဆောင်ရွက်ပေးခြင်း၊ ရပ်၊ ပျက်၊ နှေးမီတာများအား အမြန်ဆုံး လဲလှယ်တပ်ဆင်ပေးနိုင်အောင် သတင်းပေးပို့ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဓာတ်တိုင်ယာဉ်တိုက်မှုများ၊ တရားမဝင် ဓာတ်အားသုံးစွဲမှုအမျိုးမျိုးနှင့် Test Lab Result တို့အရ လျော်ကြေး၊ နစ်နာကြေးများ၊ အစားထိုး တပ်ဆင်ခများကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လာရောက်ပေးဆောင်ခြင်းတို့ အပေါ်တွင် များစွာမူတည်နေပါသည်။

မြန်မာစကားပုံတွင် "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဟူသော စကားပုံတစ်ခုရှိပါသည်။ အချင်းချင်း ကျေးဇူးမကင်းကြပုံ သဘော၊ အရာခပ်သိမ်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်မှီတွယ်နေကြသည့် သဘောကို ဆိုလိုပါသည်။ လျှပ်စစ်ဌာနနှင့် မီးသုံးသူပြည်သူများမှာလည်း "ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ" ဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲ ပြုနေပါသည်။ လျှပ်စစ်ဌာနသည်လည်း မီးသုံးသူ ပြည်သူများမှ ပေးဆောင်လျက်ရှိသော ဓာတ်အားခများ၊ သတ်မှတ်ကြေးများအပေါ်တွင် ရပ်တည်ဆောင်ရွက်နေရသကဲ့သို့ မီးသုံးသူပြည်သူများကလည်း လျှပ်စစ်ဌာနမှ ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားကို သုံးစွဲခြင်းအားဖြင့် မိသားစုနေထိုင်စားသောက်မှု၊ စီးပွားရေးလုပ်ငန်းများ စက်မှုလုပ်ငန်းများကို ရပ်တည်ဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါသည်။ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်နားလည်မှုရှိစွာဖြင့် အထက်ဖော်ပြခဲ့ပြီးသော အချက်များကို မီးသုံးသူ ပြည်သူများက တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လျှပ်စစ်ဌာနနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးခြင်းအားဖြင့် ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ပြီး မီးသုံးသူပြည်သူများ၏ လိုအပ်ချက်ကိုလည်း လျှပ်စစ်ဌာနမှ အတတ်နိုင်ဆုံး ဖြည့်စွမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရုံးပိတ်ရက်အတွင်း ပုဂံမြို့သို့ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး မတ် ၂**
အစိုးရဌာနဆိုင်ရာရုံးများ ရုံးလေးရက်ပိတ်သည်နှင့် တိုက်ဆိုင်နေသည့်အတွက် အလည်အပတ် သွားရောက်ရန် အဆင်ပြေလျက်ရှိပြီး ထိုသို့ ဘုရားဖူးလည်ပတ်ရာတွင် စိတ်ဝင်တစားလည်ပတ်စရာ နေရာတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် ဘုရား စေတီပုထိုးများတွင် ယနေ့နံနက်ပိုင်းက ပြည်တွင်း၊ ပြည်ပဘုရားဖူးဧည့်သည်များ၊ အစိုးရရုံးဝန်ထမ်းများ ဘုရားဖူးလာရောက်ကြသဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။



ထိုသို့ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးလာရောက်ရာတွင် ပြည်ပခရီးသွားနိုင်ငံခြားသားဧည့်သည်များက ဘုရားစုံသွားလာလည်ပတ်ပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်းနှင့် ညနေဆည်းဆာ နေဝင်ချိန်( Sunset) အလှ ကြည့်ရှုခြင်းများကို ကြည်နူးနှစ်သက်ကြလေ့ရှိကြောင်း ရွှေစည်းခုံဘုရားအနီး အမှတ်တရလက်ဆောင်ပစ္စည်းများရောင်းချသည့် ဈေးသည်အမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထို့အပြင် ရုံးပိတ်ရက်အတွင်း ပုဂံညောင်ဦးသို့ ဘုရားဖူးလာရောက်သည့် အမျိုးသမီးတစ်ဦးကလည်း "အန်တီတို့က ရန်ကုန်က လာကြတာပါ၊ ဝန်ထမ်းတွေဆိုတော့ အခုလို ရုံးပိတ်ရက်လေးတွေ ရှိတဲ့အချိန်မှပဲ မိသားစုတွေ၊ ဆွေမျိုးတွေနဲ့ စုံစုံလင်လင် သွားလာ လည်ပတ်လို့ရတာပါ၊ ပုဂံညောင်ဦးကို အရင်ကလည်း ရောက်ဖူးပါတယ်၊ ဒါပေမယ့် အလုပ်ကိစ္စနဲ့ လာခဲ့ရတာဖြစ်လို့ ဒီမှာရှိတဲ့ ဘုရားစုံကို မဖူးရပါဘူး၊ ဒီတစ်ခေါက်တော့ ရုံးရက်ရှည်ပိတ်တာဖြစ်လို့ ပုဂံညောင်ဦးက ဘုရားစုံကို အားရပါးရဖူးမြော်သွားရမှာမို့ စိတ်ထဲမှာ အလွန်ပျော်မိပါတယ်၊ ဒီမှာရှိတဲ့ ဘုရားတွေဆုံအောင်ဖူးပြီးရင်တော့ မကွေးမြို့က မြသလွန်စေတီ၊ နှီးဘုရား၊ မင်းဘူးမြို့က ရှင်ပင်စက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်တို့ကို သွားရောက်ဖူးမြော်မယ်၊ အဲဒါပြီးရင် မန်းရွှေစက်တော်ဘုရားကိုသွားပြီး မန်းချောင်းရေအေးအေးလေးချိုးပြီးတော့ ဘုရားဖူးကြမယ်လို့ စီစဉ်ထားပါတယ်၊ ရုံးဝန်ထမ်းတွေဖြစ်တာကြောင့် အလုပ်တွေနဲ့ စိတ်ဖိစီးမှုတွေ များပါတယ်၊ အခုလို ရုံးရက်ရှည်ပိတ်တဲ့ အချိန်လေးတွေ ကြုံတဲ့အခါမှပဲ စိတ်အပန်းဖြေသွားလာခွင့်ရတာကို မိသားစုနဲ့ စုံစုံလင်လင် သွားလာလည်ပတ်ရတာ အင်မတန်ပျော်ပါတယ်"ဟု ရန်ကုန်မြို့မှ စည်ပင်ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ယဉ်ယဉ်အေးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မစ္စတာ အီချိရော့ မာရုယာမအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မတ် ၃**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ အီချိရော့ မာရုယာမအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အီချိရော့ မာရုယာမကို ၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ်၊ မတ်လတွင် Chou University စီးပွားရေးဌာနမှ ဘွဲ့ရရှိခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၇၈ ခုနှစ်၊ ဧပြီလတွင် စတင်ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့တွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကျိုတိုမြို့ နိုင်ငံတကာရေးရာ မြှင့်တင်ရေးရုံး၊ အထွေထွေရေးရာဗျူရိုတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ မေလတွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် သမုဒ္ဒရာနိုင်ငံများဆိုင်ရာဗျူရို၊ အနောက်တောင်အာရှနှင့် ပထမအရှေ့တောင်အာရှဌာန၏ အကြီးတန်းဒေသဆိုင်ရာညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လတွင် နိုင်ငံခြားရေးမူဝါဒရေးရာ ဗျူရို၊ မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးတန်းနိုင်ငံခြားရေး မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် အပြန်အလှန်ဖလှယ်ရေးအစီအစဉ်ဌာန ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးမူဝါဒရေးရာဗျူရို၊ ပင်လယ်ရေကြောင်း လုံခြုံရေးမူဝါဒရေးရာဌာန ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတွင် သံမှူးကြီး၊ သံရုံးဒုတိယအကြီးအကဲ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် 'နှလုံးသားထဲကပုဂံ' ဓာတ်ပုံပြပွဲ ကျင်းပ

**ပုဂံ မတ် ၂**
မြန်မာ့အမွေအနှစ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ကြိုဆိုသည့်အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူနေမှုဘဝများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ၊ မေတ္တာမိုးပရဟိတအဖွဲ့နှင့် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များပူးပေါင်းကာ "နှလုံးသားထဲကပုဂံ"ဓာတ်ပုံပြပွဲကို ပုဂံမြို့ မင်းနန်သူကျေးရွာ လေးမျက်နှာဘုရားအနီးတွင် မတ် ၂ ရက် မှ ၄ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၇ နာရီအထိ ကျင်းပလျက်ရှိသည်။

ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များ၊ သတင်းမီဒီယာများ၊ ဒေသခံလူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံများနှင့် မေတ္တာမိုးပရဟိတအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင် ဦးကြည်မိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။



တက်ရောက်လာကြသည့် ဧည့်သည်တော်များက ပြပွဲအတွင်းလှည့်လည်ကြည့်ရှုကြပြီး ဓာတ်ပုံပြပွဲပထမနေ့ကို ဆက်လက်ပြသသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကြီးကျယ်ခမ်းနားသော ရှေးဟောင်းအဆောက်အအုံများ၊ ထူးခြားသည့် ဗိသုကာပညာများ၊ အနုပညာလက်ရာများ၊ သဘာဝရှုမြင်ကွင်းများ၊ ရိုးရာပွဲတော်များ၊ ပုဂံဒေသအလေ့အထများနှင့် လူနေမှုဘဝများကို မြန်မာနိုင်ငံတစ်ဝန်းသာမက ကမ္ဘာတစ်ဝန်းကပါ သိရှိစေရန်၊ မိမိတို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုးတန်ဖိုးထားစိတ်၊ ရှေးဘိုးဘွားများ၏ အဖိုးမဖြတ်နိုင်သည့် လက်ဆောင်အပေါ် ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ပိုမိုဖြစ်ထွန်းလာစေရန်၊ အမွေအနှစ်ကာကွယ်ထိန်းသိမ်းမှုတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်ဟူသော ရည်ရွယ်ချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် "နှလုံးသားထဲကပုဂံ" ဓာတ်ပုံပြပွဲကို ကျင်းပကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အကြိုလှုပ်ရှားမှု "နှလုံးသားထဲကပုဂံ" ဓာတ်ပုံပြပွဲသို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာကြည့်ရှုနိုင်ရေး ကြော်ငြာဗီနိုင်းများကို စိုက်ထူဆောင်ရွက်ခြင်းနှင့် ဓာတ်ပုံပြပွဲတွင် ပြသသည့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင် ၁၀၀ ၏ ဓာတ်ပုံ ၂၀၀ အတွက် ဓာတ်ပုံထုတ်ခြင်း၊ မှန်ပေါင်များနှင့် ဆက်စပ်ပစ္စည်းများအတွက် ကုန်ကျစရိတ်ကျခံခြင်းများကို XENON Myanmar Ink Ject Printing ကုမ္ပဏီက မေတ္တာဖြင့် ပါဝင်ကူညီခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❖ ယခုနှစ်မှ**
မေးခွန်းများကို မန္တလေးတက္ကသိုလ်တွင် နံနက် ၇ နာရီမှစ၍ တစ်နေ့တည်းအပြီး ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မေးခွန်းတွေထုတ်ပေးတဲ့အခါမှာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးတွေက စာစစ်ဌာနကြီးကြပ်ရေးမှူးတွေကို တစ်ပါတည်းခေါ်လာပြီး မေးခွန်းအရေအတွက် မှန်၊ မမှန်ကို တစ်ခါတည်းစစ်ဆေးချိတ်ပိတ်ပြီး လုံခြုံရေး သေတ္တာထဲကို ထည့်သိမ်းသွားရမယ်၊ ပြီးရင် သက်ဆိုင်ရာ နယ်မြေရဲစခန်း၊ ဘဏ်တိုက်နဲ့ တပ်ရင်းတွေမှာ စနစ်တကျ အပ်နှံထားကြဖို့ မှာကြားရှင်းပြခဲ့ပါတယ်၊ ဒီစာမေးပွဲက တက္ကသိုလ်ကို ကူးပြောင်းလို့ရမယ့် အရေးကြီးတဲ့ စာမေးပွဲဖြစ်တာမို့ အားလုံးစိတ်လှုပ်ရှားနေကြမှာပါ၊ ဒါကြောင့် ဆရာ ဆရာမများအနေနဲ့ ဖြေဆိုသူတွေ စိတ်အေးအေးချမ်းချမ်းဖြေဆိုနိုင်အောင် တာဝန်ယူစောင့်ရှောက်ပေးကြဖို့နဲ့ ကျောင်းသား ကျောင်းသူများကလည်း စိတ်အေးအေးထားပြီး ကြိုးစားဖြေဆိုကြပါလို့ မှာကြားလိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြေဆိုရန် စာရင်းပေးသွင်းသူ ၈၄၀၀၀၀ ကျော်အတွက် စာစစ်ဌာန ၁၇၀၀ ကျော်ဖွင့်လှစ်ပေးထားပြီး စာမေးပွဲကာလအတွင်း အခြေခံပညာကျောင်းများ၊ အကျဉ်းထောင်၊ ဆေးရုံကြီးစာစစ်ဌာနများတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူစာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website တွင် နေ့စဉ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပေလီကမ်းခြေတွင် အပန်းဖြေသူများဖြင့် စည်ကား

**သံတွဲ မတ် ၂ ။** ။ တပေါင်းပွဲတော်၊ တောင်သူလယ်သမားနေ့နှင့် စနေ၊ တနင်္ဂနွေနေ့များသည် အစိုးရရုံးပိတ်ရက် ကာလများဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ အပန်းဖြေခရီးသွားသူများ ခရီးသွားကားကြီးကားငယ်များဖြင့် လာရောက်အပန်းဖြေသဖြင့် ပေလီကမ်းခြေတွင် ယနေ့တွင် ယခင်နှစ်ကထက် ပိုမိုစည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ပေလီကမ်းခြေတွင်အပန်းဖြေအနားယူသူများ များပြားသလို သံတွဲမြို့အတွင်းရှိ တန်ခိုးကြီး သမိုင်းဝင်ဗျာဒိတ်တော်ရ ရွှေဆံတော်စေတီ၊ ရွှေနံ့တော်စေတီနှင့်၊ ရွှေအံတော်စေတီတော်မြတ်များကိုလည်း လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သန့်ဇင်(ခရိုင်ပြန်/ဆက်)**

# ကုသိုလ်ယူသူနှင့် အပန်းဖြေအနားယူသူများ၏ ပျော်ရွှင်ဖွယ် ရင်တွင်းစကားသံများ

တပေါင်းလပြည့်နေ့မှစပြီး ရုံးပိတ်ရက် လေးရက်ရသည့်အတွက် မိသားစုအလိုက် သော်လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းအုပ်စုအလိုက် သော်လည်းကောင်း ပြည်ပသို့ သွားရောက်အပန်းဖြေမှုများနှင့် တစ်နိုင်ငံလုံးရှိ အပန်းဖြေရာ နေရာအသီးသီးသို့ သွားရောက်အပန်းဖြေနေကြသည့် သတင်း၊ ဓာတ်ပုံများကို သတင်းမီဒီယာများတွင် ယခုရက်များအတွင်း ဆက်တိုက်နီးပါး တွေ့မြင်နေရသည်။ နေပြည်တော်မှ အဝေးသို့သွားရောက်လည်ပတ် အပန်းဖြေကြသူများရှိသလို မိမိနေထိုင်ရာ အနီးဝန်းကျင်၌ အပန်းဖြေသူများဖြင့်လည်း နေပြည်တော် ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ငလိုက်အပန်းဖြေစခန်း၊ ငလိုက်သာဆင်စခန်းတို့ အပါအဝင် အပန်းဖြေရာနေရာများတွင် ကုသိုလ်ယူသူ၊ အပန်းဖြေအနားယူသူများကို မြင်တွေ့နေရသည်။ ပိတ်ရက်များ ဆက်တိုက်ရသည့်အတွက် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းမှုများ ပြေပျောက်စေရန်အတွက် အပန်းဖြေကြသူများ၏ ပျော်ရွှင်ဖွယ် ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြအပ်ပါသည်။


ဒေါ်နုဝါလှိုင်


ဒေါ်တင်တင်ထွေး


ဒေါ်ခင်အေးမြင့်


မဝါဝါလွင်


မနုနုအောင်


ဦးမင်းစိုး

**ဒေါ်နုဝါလှိုင်(ခရေအိမ်ရာ၊ နေပြည်တော်)**

ကျွန်မတို့က နေပြည်တော်မှာနေတာပါ။ အဒေါ်တွေက ရန်ကုန်ကနေရောက်နေကြတော့ သူတို့လည်း ဒီငလိုက်သာဆင်စခန်းကို ရောက်ဖူးချင်ကြတယ်လေ။ ဒါကြောင့် သူတို့ကို လိုက်ပို့ရင်းနဲ့ ရောက်ဖြစ်တာပါ။တစ်ခါမှ မရောက်ဖူးပါဘူး။ ရုပ်မြင်သံကြားမှာတော့ ကြည့်ဖူးပါတယ်။ ဒီဆင်စခန်းကိုရောက်တော့ တောလမ်းသဘာဝလေးအတိုင်း ဝင်လာရတော့ စိတ်ထဲမှာ အေးချမ်းသွားတယ်။ အမေနဲ့သားလည်း ပါတဲ့အတွက် အလွန်ပျော်မိတယ်။ ကျွန်မတို့လို မိသားစုရှိတဲ့သူတွေ သားသမီးတွေရဲ့ ကျောင်းပိတ်ရက်တွေမှာ ဒီကိုလာရောက်လည်ပတ်စေချင်တယ်။ ပျော်ရွှင်အေးချမ်းမှုရမယ်လို့ ပြောချင်ပါတယ်။

**ဒေါ်တင်တင်ထွေး(အငြိမ်းစားကျောင်းဆရာမ၊ အင်းစိန်မြို့နယ်)**

အန်တီ့ညီမက ပုဗ္ဗသီရိမြို့နယ်မှာ နေတာပါ။ သူက ငလိုက်သာဆင်စခန်းကို တီဗွီကနေ ကြည့်ပြီးတော့ သာယာတယ်ဆိုပြီး အန်တီ့ကို အတင်းခေါ်တာပါ။ သူငယ်ချင်းလည်းရှိတော့ အန်တီလည်း ဒီကိုလာဖြစ်သွားတာပါ။ အန်တီတို့က နှစ် ၃၀ လုံးလုံး နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့တာပါ။ တခြားသူငယ်ချင်းတွေကို ပြောခဲ့တယ်။ ငါရှေ့ပြေးသွားလိုက်မယ်လို့ပြောပြီး ရောက်လာတာပါ။ တခြားသူငယ်ချင်းတွေက နေပြည်တော်မှာ လည်စရာ သိပ်မရှိဘူးလို့ ထင်ကြတယ်။ အန်တီကတော့ ဆင်စခန်းအပြင် ဘုရားတွေအများကြီးလည်း ဖူးပြီးပြီ။ နောက်တစ်ခါ သူငယ်ချင်းတွေကိုခေါ်ပြီး ထပ်လာဦးမှာပါ။

**ဒေါ်ခင်အေးမြင့်(ပုဗ္ဗသီရိမြို့နယ်)**

ဒီငလိုက်သာဆင်စခန်းကို နယ်ကသူငယ်ချင်းတွေ ရောက်လာတော့ သွားပြီးလေ့လာ အပန်းဖြေကြမယ်ဆိုပြီး ရောက်လာတာပါ။ တစ်ခါမှလည်း မရောက်ဖူးပါဘူး။ ဒီရောက်တော့ သာယာတာတွေ့တော့ ကျန်တဲ့သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး လာဖို့လှမ်းပြောနေတာပါ။ ဒီမှာ တောရိပ်တောင်ရိပ်တွေနဲ့ဆိုတော့ တော်တော်သာယာတယ်။ ကမ်းခြေလေးလည်းရှိတော့ အပန်းဖြေရတာ တော်တော်လေးစိတ်ချမ်းသာမှုရပါတယ်။ အခြားသူတွေကိုလည်း လာရောက်အပန်းဖြေကြဖို့ သတင်းစကားပါးဖြစ်မှာပါ။

**မဝါဝါလွင်(ဝန်ထမ်း)**

သမီးက ဇာတိက မုံရွာကပါ။ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြစ်ပါတယ်။ ရုံးပိတ်ရက် ရက်ရှည်ဆိုပေမယ့် အိမ်မပြန်ဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အရင်ကတည်းက ငလိုက်သာဆင်စခန်းကို လာမယ်ဆိုပြီး အားခဲထားတာရှိတယ်။ တစ်ခေါက်မှလည်း မရောက်ဖူးဘူးလေ။ ဒီရောက်တော့ အလွန်ပျော်သွားတယ်။ ဆင်လည်းစီးတယ်။ ဆင်တွေကိုလည်း အစာကျွေးတယ်။ ဒီရောက်တော့ သူငယ်ချင်းတွေကို ဖုန်းဆက်ပြီး လာလည်ကြဖို့ ပြောလိုက်တယ်။ နေပြည်တော်မှာ လည်စရာတွေအများကြီးရှိတယ်။ လာကြပါလို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**မနုနုအောင်(တောင်ငူ)**

သမီးက ပထမ ဘားအံကို သွားဖို့ပါ။ နောက်တော့ အလုပ်ကိစ္စလေးရှိတာကြောင့် မသွားဖြစ်တော့ဘူးလေ။ အစက နေပြည်တော် ငလိုက်သာဆင်စခန်းမှာ ဒီလောက် ပျော်စရာကောင်းပြီး သာယာမယ်လို့မထင်ဘူး။ ဒီရောက်တော့ အတော်ပျော်သွားတယ်။ လာလည်ဖြစ်တာ မှန်သွားတယ်လို့ ပြောလို့ရပါတယ်။ ပိတ်ရက်ရှည်တွေ ရောက်တိုင်း လည်ပတ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်ခေါက်ကဆိုရင် ပြင်ဦးလွင် ရောက်ပါတယ်။ ဒီတစ်ခေါက် ဆင်စခန်းရောက်တာပါ။

**ဦးမင်းစိုး(ယာဉ်မောင်း-၄၊ နေပြည်တော် တောင်ပိုင်း သစ်ထုတ်လုပ်ရေးဒေသ၊ ငလိုက်သာဆင်စခန်း)**

ငလိုက်သာဆင်စခန်းကို လာတဲ့သူတွေကို တစ်ယောက် ဝင်ကြေး ၁၀၀၀ ကျပ် ကောက်ခံပါတယ်။ ကားပါကင်ကြေးရယ်လို့တော့ ကောက်ခံတာမရှိပါဘူး။ ငလိုက်သာဆင်စခန်းကိုရောက်ရင် အမောပြေ၊ အပန်းပြေ အနေနဲ့ ဆင်စီးလို့ရပါတယ်။ ဆင်စီးတာကိုတော့ တစ်ယောက်ကို ငွေကျပ် ၃၀၀၀ ယူပါတယ်။ တောထဲတစ်ပတ်ပတ်ပေးပါတယ်။ ဒီနေ့ဆိုရင် တောင်သူလယ်သမားနေ့ဖြစ်လို့ လူဝင်များပါတယ်။ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း လာရောက်အပန်းဖြေသူများပါတယ်။ ကြားရက်တွေမှာတော့ လူဝင်နည်းပါတယ်။ ဆင်စခန်းကို မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိတော့ ဖွင့်ပေးထားပါတယ်။ မနက် ၆ နာရီဆိုရင် ဆင်တွေကိုကောက်တယ်။ လာတဲ့သူတွေက ဆင်စာကျွေးကြတယ်။ အပန်းဖြေတဲ့သူတွေ စားသောက်လို့ရအောင် စားသောက်ဆိုင်လေးလည်း ဖွင့်ပေးထားပါတယ်။ ငလိုက်အပန်းဖြေဟိုတယ်နဲ့ ဆင်စခန်းနဲ့က ရေခြားနေပါတယ်။ ဟိုတယ်မှာ တည်းတဲ့သူတွေလည်း စက်လှေစီးပြီးတော့ ဒီဆင်စခန်းကို လာရောက်လည်ပတ်ကြပါတယ်။ အနယ်နယ်အရပ်ရပ်လူတွေလည်း ငလိုက်သာဆင်စခန်းကို လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**သတင်း-မီမီဖြိုး၊ ဓာတ်ပုံ-အေးသန်း**

## အများပြည်သူရုံးပိတ်ရက်အတွင်း သံဖြူဇရပ်မီးရထားပြတိုက်သို့ လေ့လာကြည့်ရှုသူ များပြား

**သံဖြူဇရပ် မတ် ၂**



မတ် ၁ ရက်မှ ၄ ရက်အထိသည် အစိုးရရုံးများ၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်ရက်ဖြစ်ခြင်းကြောင့် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းသို့ ဘုရားဖူးနှင့် ဒေသန္တရလေ့လာရေးခရီး ထွက်ခွာသည့်အဖွဲ့များ ရောက်ရှိမှုများပြားကြောင်း သိရသည်။

အထူးသဖြင့် သံဖြူဇရပ်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဆံတော်ရှင်ကျိုက္ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ ရပ်ဝေးမှ ပြည်သူများသည် ကိုယ်ပိုင်ယာဉ်များ၊ စီးလုံးငှား ဘုရားဖူးအဖွဲ့များဖြင့် ရောက်ရှိကြပြီးနောက် အပြန်ခရီးတွင် သံဖြူဇရပ်မြို့ရှိ ဒုတိယကမ္ဘာစစ်၏ သမိုင်းကို ဖော်ပြထားသည့် သေမင်းတမန်မီးရထားပြတိုက်သို့ ဝင်ရောက်၍ လေ့လာကြည့်ရှုသူ အလွန်များပြားကြောင်း မြင်တွေ့ရသည်။

“ကျွန်တော် ကိုမျိုးဝေပါ၊ ရန်ကုန်ကပါ၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါတယ်၊ အခု အလုပ်ပိတ်ရက်လေးရက်ရလို့ သူငယ်ချင်းတွေ စုပြီးတော့ ကျိုက်ထီးရိုးနဲ့ ကျိုက္ခမီဘက် ဘုရားဖူးဖို့ ထွက်လာတာပါ၊ သံဖြူဇရပ် သေမင်းတမန် မီးရထားပြတိုက်လည်း လေ့လာသင့်တာဖြစ်လို့ ဝင်ရောက်လေ့လာကြတာပါ၊ ဒုတိယကမ္ဘာစစ်ရဲ့ အနိဋ္ဌာရုံသမိုင်းအချို့ကို ဗဟုသုတရရှိပါတယ်”ဟု၍ ပြောသည်။

ယခုလ အများပြည်သူရုံးပိတ်ရက်လေးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည် အများစုသည် သံဖြူဇရပ်မြို့ကို ဖြတ်သန်း၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နှင့် မြိတ်မြို့သို့ မှန်လုံယာဉ်ကြီးများဖြင့် သွားရောက်မှုများပြားပြီး လမ်းကြောင်းပေါ်ရှိ မီးရထားပြတိုက်သို့လည်း ဝင်ရောက်လေ့လာကြည့်ရှုကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## ပြည်သူများ အားလပ်ရက်၌ အေးချမ်းပျော်ရွှင်စွာ အနားယူလျက်ရှိ



ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်အတွင်းရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ မတ် ၂ ရက် (တောင်သူလယ်သမားနေ့) အများပြည်သူရုံးပိတ်ရက် အားလပ်ရက်တွင် ကလေး၊ လူကြီးများသည် ပန်းခြံအတွင်း၌ လာရောက်၍ ပျော်ရွှင်အေးချမ်းစွာ အနားယူလျက်ရှိပြီး ကလေးသူငယ်များ စည်ကားစွာ မြူးထူးပျော်ပါးကစားနေကြသည်ကို တွေ့ရစဉ်။

**ရွှေတိုင်လွင်**

ကြေးမုံ



# မနုဿမုဆိုးရဲ့ နေလောင်ပန်းကလေးများ

## စိမ်း(ဥပဒေ)

မိခင်ဝမ်းကကျွတ်လို့ လောကကြီးထဲကို ဝင်ရောက်လာတဲ့ ကလေးတစ်ယောက်ရဲ့ အူဝဲဆိုတဲ့ အော်လိုက်သံဟာ ကျွန်မနားထဲမှာတော့ "အသင်လောကကြီး ကျွန်ုပ်ဆိုတဲ့ လူသားတစ်ယောက် လောကကြီးထဲကို အသက်ရှင်ကျန်းမာစွာနဲ့ ရောက်လာခဲ့ပါပြီ"ဆိုပြီး နှုတ်ဆက်သံပါလို့ ကျွန်မတွေးမိပါတယ်။ အနှီးထုပ်လေးထဲကနေ ဝမ်းလျားထိုးအရွယ်၊ ဝမ်းလျားထိုးအရွယ်ကနေ လေးဖက်တွားအရွယ်၊ လေးဖက်တွားအရွယ်ကနေ ထိုင်တဲ့အရွယ်၊ ထိုင်တဲ့အရွယ်ကနေ မတ်တတ်ရပ်လမ်းလျှောက်တဲ့အရွယ်ဆိုပြီး ကလေးဘဝရဲ့ အဆင့်ဆင့်ဖွံ့ဖြိုးမှုတွေဟာ လူလားမြောက်ခြင်းဆိုတဲ့ ပြယုဂ်တွေပါ။ ကုသိုလ်ကံအကျိုးပေးတွေကွာကြလို့ ဘဝပုံစံတွေ ဘယ်လိုပင်ကွဲပြားနေကြပါစေ ကလေးအားလုံးမှာ တူညီတဲ့အချက်တွေရှိနေကြတယ်။ အဲဒါကတော့ ဖြူဖွေးနေတဲ့ စိတ်သန္တာန်လေးပါပဲ။

လုံးဝပကတိကြည်လင်သန့်ရှင်းစင်ကြယ်လှတဲ့ စမ်းရေလေးတွေလို အေးမြတဲ့စိတ်လေးတွေပါ။ အဲဒီလိုဖြူစင်နေတဲ့စိတ်လေးတွေ၊ ဖြူစင်နေတဲ့ ဘဝလေးတွေကို ညစ်နွမ်းသွားအောင် အရောင်ဆိုးကြသူတွေ၊ ကြည်လင်သန့်ရှင်းစင်ကြယ်လှတဲ့ စမ်းရေအလားဘဝလေးတွေကို ဂယက်ထအောင် ခဲနဲ့ပစ်ပေါက်ကြသူတွေဟာ ကလေးတွေထက် အသိဉာဏ်ပိုမိုမြင့်မားပါတယ်ဆိုတဲ့ လူကြီးတချို့ပါပဲရှင်။

ဘဝအကျိုးပေးနုံချာလှလို့ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ မွန်းကျပ်မှုတွေနဲ့ ရုန်းကန်နေရတဲ့အသိုင်းအဝိုင်းက ကလေးတွေ စာသင်ခန်းထဲမှာ ရှိနေရမယ့်အရွယ်ပေမယ့် အရွယ်နဲ့မမျှ မိဘနဲ့အတူ တစ်ဝမ်းတခါးအတွက်ရှာဖွေနေရတဲ့ ဘဝတွေကို နေရာအနှံ့တွေ့မြင်နေရတာ ရင်မောစရာ၊ စိုးရိမ်ထိတ်လန့်စရာ မြင်ကွင်းတွေပါပဲ။

ခရီးထွက်ရခြင်းကို ဝါသနာပါတဲ့ ကျွန်မ ပြီးခဲ့တဲ့ ဒီဇင်ဘာလက ပန်းမြို့တော် ပြင်ဦးလွင်ကို သွားရောက်ခဲ့ပါတယ်။ သိပ်လှပတဲ့ ရောင်စုံပန်းတွေ၊ သာယာလှတဲ့ သဘာဝရေတံခွန်တွေ၊ ကြည်နူးဖွယ်ရာ ဘုရားပုထိုးစေတီတွေနဲ့ အလွန်ကို ရင်သပ်ရှုမောဖွယ် နေချင်စဖွယ်ကောင်းတဲ့ မြို့လေးမှာကျွန်မ တစ်သက်မမေ့နိုင်တဲ့ မျက်ဝန်းတစ်စုံကိုတွေ့မြင်ခဲ့ရတယ်။ အကြောင်းတိုက်ဆိုင်လို့ ပြန်တွေးမိတိုင်း အဲဒီမျက်ဝန်းပိုင်ရှင်လေးကို သတိရမိတယ်။ သတိရခြင်းတွေနဲ့အတူ စိုးရိမ်ခြင်းတွေပါ ကပ်ပါလာခဲ့ပါတယ်။

နှင်းမှုန်ဖွေးဖွေးတွေအောက်က အေးချမ်းလှတဲ့ ပြင်ဦးလွင်မြို့ရဲ့ ဒီဇင်ဘာညတစ်ညမှာ ကျွန်မတို့အဖွဲ့ ညဈေးတန်းဘက်ကို ရောက်ခဲ့ကြတယ်။ လူစည်ကားတဲ့ ခေါက်ဆွဲဆိုင်တွေ၊ ညှော်နံ့တွေ၊ မီးခိုးနံ့တွေကြားမှာ အသားကင်ပူပူ၊ ခေါက်ဆွဲပူပူတွေကို မြိန်ယှက်စွာစားသောက်နေကြတာဟာ ပန်းချီကားတစ်ချပ်အလား အောက်မေ့မိတော့တယ်။ အဲဒီမှာ ညဈေးတန်းကိုလျှောက်ကြည့်ရင်း ဆိုင်တစ်ဆိုင်ကို ကျွန်မတို့အဖွဲ့ဝင်ထိုင်ကြတယ်။ မြေအိုးမြီးရှည် မှာသူမှာ၊ ခေါက်ဆွဲကြော်၊ ငါးကင် မှာသူမှာနဲ့ ကျွန်မကတော့ ပြည်ကြီးငါးကင်တစ်ပွဲနဲ့ မာလာဟင်းတစ်ပွဲ မှာလိုက်တယ်။ သိပ်မကြာခင်မှာပဲ မှာထားတဲ့စားစရာတွေ စားပွဲပေါ် ရောက်လာတော့တယ်။ စကားတပြောပြောနဲ့ စားနေကြရင်း အဲဒီအချိန်မှာပဲ ကိုးနှစ်အရွယ်ကလေးတစ်ယောက်နဲ့ ၁၁ နှစ်အရွယ်ကလေးတစ်ယောက်တို့ဟာ ဒန်ဖလားလေးတွေကိုင်ပြီး အစာစားနေတဲ့ဝိုင်းတွေကို ပိုက်ဆံလိုက်တောင်းနေကြတာကို တွေ့လိုက်ရပါတယ်။ ကျွန်မတို့ဝိုင်းနားကို ရောက်လာတော့ ကျွန်မရှေ့ကို ဒန်ဖလားလေးတိုးပေးပြီး "အန်တီရယ် အကြွေလေးများပါရင် ပေးခဲ့ပါ"တဲ့လေ။ ကျွန်မလည်းပိုက်ဆံအိတ်ကို ဖွင့်ပြီး ၅၀၀ တန်တစ်ရွက်ထုတ်ပြီး ဖလားထဲကိုထည့်ပေးမလို့ အဲဒီကလေးကိုအကြည့် သူ့မျက်လုံးတွေက ကျွန်မတို့စားနေတဲ့စားပွဲပေါ်က စားစရာတွေကိုငေးကြည့်ပြီး တံတွေးမျိုချတာကို တွေ့လိုက်ရတယ်။ ကျွန်မကိုလည်း သူ့စိတ်ထဲမှာ ဒီအန်တီက သဘောကောင်းပုံရတယ်လို့တွေးမိပါလိမ့်မယ်။ သူက ကျွန်မကိုကြည့်ပြီး ပြောတယ် "အန်တီရယ်သားလေ ဘာမှမစားရသေးလို့ အဲဒါလေးနည်းနည်း လောက်ကျွေးပါလား"တဲ့လေ။ ကျွန်မလည်း နာရီကိုကြည့်လိုက်တော့ ည ၉ နာရီရှိနေပြီ။ ကျွန်မနဲ့အတူ ခရီးသွားမိတ်ဆွေ သူငယ်ချင်းတွေကတော့ မကျွေးနဲ့အစ်မ အကျင့်ပါတယ်ဆိုပြီး တားနေကြပေမယ့် သားသမီးချင်း ကိုယ်ချင်းစာတဲ့စိတ်နဲ့ ကျွန်မက သူ့ဒန်ဖလားထဲကို စားစရာတချို့ ထည့်ပေးလိုက်တယ်။

သူလိုချင်တာရသွားတော့ လှည့်ထွက်သွားတဲ့ ကလေးကိုကြည့်ပြီး ကျွန်မတို့ရဲ့စားဝိုင်းလည်း ပြန်လည်အသက်ဝင်လာပါတော့တယ်။ စကားပြောလိုက်ကြ၊ စားလိုက်ကြနဲ့ ကိုယ့်အာရုံနဲ့ကိုယ်ရှိနေတုန်း ကျွန်မရဲ့ညာဘက်ဘေးကနေ ခါးကိုတို့လိုက်တဲ့ တစ်စုံတစ်ရာကြောင့် အလန့်တကြား ငုံ့အကြည့် ငါးနှစ်အရွယ်လောက်ပဲရှိဦးမယ့် မိန်းကလေးတစ်ယောက် ကျွန်မကိုမော့ကြည့်နေတဲ့ မျက်ဝန်းတစ်စုံ။ ကျွန်မလွှတ်ကနဲ အာမေဋိတ်သံထွက်သွားတယ်။ "သိပ်လှတဲ့ မျက်ဝန်းတွေပါလား"ဆိုပြီး ဒီကလေးရဲ့ မျက်ဝန်းတွေကို တဒင်္ဂငေးမောမိသွားတယ်။ သူကျွန်မကို ကြည့်နေတဲ့ မျက်ဝန်းတွေမှာ ဘာအရောင်မှမပါတဲ့ လုံးဝအဖြူထည်မျက်ဝန်းလေးပါလား။ ချမ်းအေးလှတဲ့ ဒီဇင်ဘာညမှာ အနွေးထည်လည်းမပါ၊ အင်္ကျီလက်တို၊ စကတ်အစိမ်းလေးနဲ့ ကလေးမလေးရဲ့ မျက်ဝန်းတွေမှာ ဖြူစင်ရိုးသားခြင်း၊ လောကရဲ့မာယာလှည့်ကွက်တွေမသိခြင်း၊ စိုးရိမ်သောကမရှိခြင်းဆိုတဲ့အရာတွေကို ကျွန်မမြင်နေရပါတယ်။ ကျွန်မလည်း စောစောက ကလေးအတိုင်း ၅၀၀ ရာတန်တစ်ရွက်ကို ဒန်ဖလားထဲထည့်ပေးလိုက်တယ်။ သိပ်မကြာခင်မှာပဲ အသားတွေကို အပြင်ဘက်မှာကင်နေတဲ့နေရာကို သားအဖနှစ်ယောက် ရောက်လာတာတွေ့လိုက်ရတယ်။ သားဖြစ်သူက အသားကင်တွေကိုရွေးနေချိန်မှာ ခုန ကလေးမလေးက အောက်ကနေ သူတို့သားအဖကို မော့ကြည့်လိုက်၊ အသားကင်တွေကိုကြည့်လိုက် လုပ်နေတာကို ကျွန်မမြင်လိုက်ရတော့ စားနေတဲ့ကျွန်မ ဘယ်လိုမှ ဆက်စားမရတော့ဘူး။ ဒါနဲ့စားပွဲထိုးလုပ်နေတဲ့ ကလေးမလေးကိုခေါ်ပြီး ဒီစားစရာတွေကို ဖော့ဘူးလေးနဲ့ ထည့်ပေးပါလို့ခိုင်းလိုက်တယ်။ စားစရာထည့်ခိုင်းတဲ့ဖော့ဘူးလေးလည်း လာပေးရော ခုနကလေးမလေးကို ခေါ်ပြီး "သမီး ဘာမှမစားရသေးဘူးလား" လို့မေးတော့ ခေါင်းခါပြတယ်။ ဒါနဲ့ကျွန်မလည်း "ဒါတွေစားမလား" မေးတော့ သူ ခေါင်းညိတ်ပြတယ်လေ။ "ဒါတွေ သမီးယူသွားတော့"လို့ ပြောလိုက်တော့ သိပ်ကို ဝမ်းသာပျော်ရွှင်သွားတဲ့ သူမရဲ့လှပတဲ့ မျက်ဝန်းလေးတွေကို ကျွန်မ တစ်သက်မေ့နိုင်မယ် မထင်တော့ပါဘူး။ ကျွန်မပေးလိုက်တဲ့စားစရာတွေ ယူသွားပြီး ကားလမ်းတစ်ဖက်အမှောင်တွေကြားထဲမှာ ပျောက်ကွယ်သွားတဲ့ အထိ သူ့ကျောပြင်လေးကို ကျွန်မငေးကြည့်နေမိခဲ့တယ်။

တစ်ဆက်တည်းမှာလည်း ကျွန်မရင်ထဲ ဒီကလေးမလေးအတွက် စိုးရိမ်မှုတွေ ကြီးစိုးလာမိတယ်။ ဘုရား ဘုရား၊ သိပ်ကိုဖြူစင်နေတဲ့ ဒီကလေးမရဲ့ဘဝ တစ်သက်လုံး ဖြူစင်အေးချမ်းနိုင်ပါစေလို့လည်း ဆုတောင်းနေမိတယ်။ ခုတစ်လောကြားနေရတဲ့ သက်ငယ်မုဒိမ်းမှုတွေကြောင့် ဘာမဆိုင်ညာမဆိုင် အဲဒီညကတွေ့ခဲ့ရတဲ့ ကလေးမလေးကို သတိရနေမိတော့တယ်။ သူလေးရဲ့ ဘဝကရော ဘယ်လောက်များ လုံခြုံနိုင်မှာလဲဆိုပြီး တွေးနေမိတော့တယ်။ ခုနောက်ပိုင်း သက်ငယ်မုဒိမ်းမှုတွေ ဘာကြောင့်များပိုပြီးဖြစ်ပွားလာသလဲလို့။

ကြည့်လေ ၂၀၁၆ ခုနှစ်မှာ အသက် ၁၆ နှစ်အောက် သက်ငယ်မုဒိမ်းမှု ၆၇၁ မှုနဲ့ အသက် ၁၆ နှစ်အထက် အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု ၄၂၉ မှု ဖြစ်ပွားခဲ့တယ်လို့သိရပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း သက်ငယ်မုဒိမ်းမှု ၈၉၇ မှုနဲ့ အရွယ်ရောက်ပြီးသူ သက်ကြီးမုဒိမ်းမှု ၅၀၈ မှု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ ကြည့်လိုက်ရင် ၂၀၁၇ ခုနှစ်မှာ သက်ငယ်မုဒိမ်းမှုရော သက်ကြီးမုဒိမ်းမှုပါ ၂၀၁၆ ခုနှစ်ကထက် ပိုပြီးဖြစ်ပွားလာတာတွေ့ရပါတယ်။ ဘယ်လောက်ထိများလာသလဲဆိုတော့ သက်ငယ်မုဒိမ်းမှု ၂၂၆ မှုနဲ့ သက်ကြီးမုဒိမ်းမှု ၇၉ မှု တောင် ပိုပြီးဖြစ်ပွားလာခဲ့ပါတယ်။ အဖြစ်များတဲ့ဒေသတွေကလည်း ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေပဲ ဖြစ်ပါတယ်။

သက်ငယ်မုဒိမ်းမှုများအနေဖြင့် သီးခြားအပြစ်ပေး အရေးယူနိုင်တဲ့ပုဒ်မ မရှိသော်လည်း ယခင်ပြဋ္ဌာန်းထားတဲ့ဥပဒေပုဒ်မ ၃၇၆ နဲ့ပဲ အပြစ်ပေးအရေးယူလျက်ရှိနေပါတယ်။ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ အနေနဲ့ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်းလို့ ဆိုထားပါတယ်။ ဒီပြစ်မှုနဲ့ ပတ်သက်လို့ ပြစ်မှုကျူးလွန်သူက အပြစ်ဒဏ်ခံပြီးလို့ရှိရင် ပြီးတာပါပဲ။ ပြစ်မှုကျူးလွန်ခံရတဲ့ ကလေးကတော့ သူ့ရဲ့တစ်ဘဝလုံးမှာ အမည်းစက်ထင်သွားခဲ့လို့ လူမှုပတ်ဝန်းကျင်မှာ ဘဝဟာ တစ်သက်လုံးသေနေတာနဲ့ အတူတူပါပဲ။ ဒါ့ကြောင့်လည်း ဒီလိုပြစ်မှုမျိုးကို မကျူးလွန်ရဲအောင် ပြင်းထန်တဲ့ ပြစ်ဒဏ်ပေးစေချင်တာ ကျွန်မဆန္ဒပါ။

ကျွန်မလေ့လာကြည့်မိသလောက် သုံးသပ်ရရင် အများအားဖြင့်သက်ငယ်မုဒိမ်းမှု ကျူးလွန်ကြတဲ့သူတွေဟာ စာသိပ်မတတ်ကြတဲ့သူတွေရယ်၊ အခြေခံလူတန်းစားတွေရယ်ဖြစ်ကြပြီး ကျူးလွန်ခံရတဲ့ ကလေးတွေကြတော့လည်း ဉာဏ်ပညာနည်းပါးပြီး လုံခြုံမှုအပြည့်အဝ မရှိတဲ့ကလေးတွေ၊ စားဝတ်နေရေးအတွက် ရုန်းကန်နေရတဲ့ အခြေခံလူတန်းစား ကလေးတွေရယ်၊ မသန်စွမ်းကလေးတွေရယ် အဖြစ်များနေတာတွေ့ရပါတယ်။ ပင်ကိုအားနည်းချက်ကိုအခွင့်ကောင်းယူ၍ ပြစ်မှုကျူးလွန်ကြခြင်းနဲ့ မိဘအုပ်ထိန်းသူများ စောင့်ကြပ်ထိန်းသိမ်းမှုကင်းကွာပြီး မှန့်ပဲသွားရေစာ၊ အခြားမက်မောစရာပစ္စည်းများနဲ့ မြူဆွယ်ခြင်းတို့ဖြင့်လည်း ပြစ်မှုကျူးလွန်ကြပါတယ်။ အရက်သေစာ အလွန်အကျွံသောက်စားခြင်း၊ စိတ်ကြွရူးသွပ်ဆေးနဲ့ အခြားမူးယစ်ဆေးသုံးစွဲခြင်းတို့ကြောင့်လည်း အသိစိတ်ပျောက်ကာ မလုပ်သင့်မလုပ်ထိုက်တာကို စိတ်ရောက်ပြီး ဆင်ခြင်တုံတရားမဲ့စွာ ပြုကျင့်ကြပါတယ်။ နောက်တစ်ချက်ကလည်း ပွင့်လင်းမြင်သာမှုရှိလာတဲ့ Social Network ပါ။ ဒီဆိုရှယ်မီဒီယာခေတ်မှာ အင်တာနက်ဖွေ့စ်ဘွတ်ဆိုတာလည်း ဗဟုသုတရှာမှီးသူအတွက်ကတော့ ဗဟုသုတဟင်းလေးအိုးကြီးပါ။

ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး Social Network ကို အသုံးပြုလာကြတဲ့ ဒီဘက်ခေတ်ကြီးမှာ အင်တာနက် website တွေမှာက အဆိပ်အတောက်ဖြစ်စေတဲ့ page တွေ၊ အဆိပ်အတောက်ဖြစ်စေတဲ့ စာသားတွေ၊ ရုပ်ရှင်တွေကို အသုံးပြုကြပြီး အတုမြင်အတတ်သင်ဆိုသလို ဒါတွေကိုကြည့်ပြီးတော့ ရာဂစိတ်တွေတက်ကြွကာ သူတို့ရဲ့ပစ်မှတ်၊ သူတို့ရဲ့သားကောင်ဟာ ပြန်လည်ခုခံနိုင်စွမ်းမရှိကြတဲ့ လူမမည်ကလေးတွေဖြစ်ကုန်ကြတာ ရင်နာစရာမကောင်းဘူးလားရှင်။ အဓမ္မပြုခံရရင်းနဲ့ သေဆုံးသွားတာ၊ ပြီးတော့ကလေးကို သတ်ပစ်တာတွေဟာ မကြားဝံ့မနာသာ ရှိလှပါပေတယ်။ မသေဆုံးဘူးပဲထားပါတော့ အဓမ္မပြုလုပ်ခံရတဲ့ ကလေးဟာ ပထမဆုံး သူ့စိတ်မှာဒဏ်ရာအကြီးအကျယ်ရပြီလေ။ စိတ်ဒဏ်ရာဆိုတာ ကုသဖို့ခက်တဲ့ရောဂါထဲမှာ တစ်ခုအပါအဝင်ပါ။ အဓမ္မပြုလုပ်ခံရတဲ့ကလေးငယ်ဟာ ဘဝတစ်လျှောက်လုံး ဘယ်လိုရှင်သန်နေထိုင်သွားမှာလဲ။ တစ်သက်လုံး လူတောတိုးရဲပါတော့မလား။ ဒီအရိပ်မည်းကြီးဟာ သူ့တစ်ဘဝလုံးကိုလိုက်ပြီး ခြောက်လှန့်နေတော့မှာ ဖြစ်ပါတယ်။ သူများကလေးတွေ ပျော်ရွှင်စွာဆော့ကစားနေတဲ့အချိန်မှာတော့ သူ့ရင်ထဲမှာ နာကျင်စွာ ငိုကြွေးနေမှာပဲလို့ တွေးမိနေတဲ့ကျွန်မ သက်ပြင်းအကြိမ်ကြိမ်ချနေမိတော့တယ်။

> **အပြစ်အနာအဆာကင်းတဲ့ ပန်းလေးတစ်ပွင့်ကဲ့သို့ လှပနေရမယ့် ကလေးတွေအတွက် လုံခြုံနွေးထွေးတဲ့ရင်ခွင်၊ လုံခြုံနွေးထွေးတဲ့ပတ်ဝန်းကျင်၊ လုံခြုံနွေးထွေးတဲ့ မေတ္တာတရား တကယ့်ကိုလိုအပ်နေပါပြီ။ ကလေးကောင်းမှ လူကြီးကောင်းမည်၊ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမည်၊ တိုင်းပြည်တစ်ပြည်ချင်းကောင်းမှ ကမ္ဘာကြီးကောင်းမည်ဆိုသလို အနာဂတ်ကြယ်ပွင့်လေးတွေဖြစ်ကြပြီး ကျောင်းစာသင်ခန်းထဲမှာ စာအံသံတွေဆူညံနေရမယ့်အရွယ် ဖြစ်ကြတဲ့ ကျွန်မတို့အားလုံးရဲ့ကလေးတွေအတွက် မနုဿမုဆိုးတွေရဲ့ ရန်အပေါင်းကနေ ကာကွယ်ပေးရမှာက လူသားဆန်တဲ့ လူတိုင်းရဲ့တာဝန်တွေ ဖြစ်လာပါပြီ**

အပြစ်အနာအဆာကင်းတဲ့ ပန်းလေးတစ်ပွင့်ကဲ့သို့ လှပနေရမယ့် ကလေးတွေအတွက် လုံခြုံနွေးထွေးတဲ့ရင်ခွင်၊ လုံခြုံနွေးထွေးတဲ့ပတ်ဝန်းကျင်၊ လုံခြုံနွေးထွေးတဲ့ မေတ္တာတရား တကယ့်ကိုလိုအပ်နေပါပြီ။ ကလေးကောင်းမှ လူကြီးကောင်းမည်၊ လူကြီးကောင်းမှ တိုင်းပြည်ကောင်းမည်၊ တိုင်းပြည်တစ်ပြည်ချင်းကောင်းမှ ကမ္ဘာကြီးကောင်းမည်ဆိုသလို အနာဂတ်ကြယ်ပွင့်လေးတွေဖြစ်ကြပြီး ကျောင်းစာသင်ခန်းထဲမှာ စာအံသံတွေဆူညံနေရမယ့်အရွယ် ဖြစ်ကြတဲ့ ကျွန်မတို့အားလုံးရဲ့ ကလေးတွေအတွက် မနုဿမုဆိုးတွေရဲ့ ရန်အပေါင်းကနေ ကာကွယ်ပေးရမှာက လူသားဆန်တဲ့ လူတိုင်းရဲ့တာဝန်တွေ ဖြစ်လာပါပြီ။ ဒီဆောင်းပါးလေးကိုရေးနေရင်းနဲ့ သက်ပြင်းအကြိမ်ကြိမ်ချနေမိတဲ့ကျွန်မ ရင်ထဲက လေးလေးနက်နက်နဲ့ ဆုတောင်းနေမိတာကတော့ စာသင်ခန်းထဲမှာ ကျောင်းစာသင်နေရမယ့်အရွယ် ကလေးငယ်များဟာ "နေလောင်ပန်းကလေးများ"မဖြစ်ကြပါစေနဲ့လို့ဆန္ဒပြုလျက်. . . ။ ။

---

# မှုခင်းကျဆင်းရေးအစည်းအဝေး ကျင်းပ

**မော်လမြိုင် မတ် ၂**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မြို့နယ်အတွင်း မောင်းနှင်သွားလာသည့် ဆိုင်ကယ်မောင်းနှင်သူများထံ လုယက်သွားခြင်းနှင့် မှုခင်းကျဆင်းရေး၊ ကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရှိ နယ်မြေရဲစခန်းမှူးများ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး များ စုစုပေါင်း ၅၀ ကျော် တက်ရောက်ကြပြီး နယ်မြေအလိုက် ဆောင်ရွက်ထားသည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားတွင် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးက မြို့နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် လုယက်မှုများနှင့် မှုခင်းကျဆင်းရေး၊ ကျူးလွန်သူများ ဖမ်းဆီးမိရေး စီမံချက်ပါအချက်အလက်များနှင့် ရှေးလုပ်ငန်းစဉ်များကို သိရှိနားလည်စေရန်နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရေးကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁၅) (မော်လမြိုင်) ရထားရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဇေယျက မော်လမြိုင်-ရေး၊ ရန်ကုန်-မော်လမြိုင် ခရီးသည်တင် ပို့ဆောင်လျက်ရှိသည့် ရထားများသည် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်အနှောင့်အယှက်ဖြစ်လောက်သော အပြုအမူများ မဖြစ်ပွားစေရေးအတွက် မိမိပိုင် ရပ်ကွက်၊ ကျေးရွာများတွင် ဖြတ်သန်းလာသည့် ရထားများအား ကူညီဆောင်ရွက်ပေးစေရေးကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက မိမိပိုင်နယ်မြေအတွင်း ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးနှင့် ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းကာကွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်တင်ပြရှင်းလင်းကြရာ ရှင်းပြချက်များအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးက ဖြည့်စွက်အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားတွင် ပြည်တွင်းဘုရားဖူးများဖြင့် စည်ကားနေစဉ်။

**✻ ကျော်ဖုံးမှ**

စတင်ကျင်းပနေသည့် သမိုင်းဝင် ရွှေစာရံဘုရားပွဲတော်နှင့် တိုက်ဆိုင်နေသည့်အတွက် ပြည်တွင်းခရီးသွားများ ယင်းပွဲတော်သို့ စိတ်ဝင်တစား သွားရောက်နွှဲပျော်နေကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း အဆိုပါ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပြေငြိမ်းက ပြောသည်။

"ရွှေစာရံဘုရားပွဲတော်က တောင်ပေါ်မြေပြန့် တိုင်းရင်းသားပေါင်းစုံ နွှဲပျော်ကြတဲ့၊ ထူးခြားတဲ့ ပွဲတော်တစ်ခုဖြစ်တာကြောင့် နှစ်စဉ်စည်ကားနေပေမယ့် ဒီနှစ်တော့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် စုံလို့လားမသိဘူး။ နေ့ရော၊ ညပါကြိတ်ကြိတ်တိုး စည်ကားနေလိုက်တာ လမ်းတွေမှာ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ပြည့်ကျပ်နေတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ဘုရားပွဲတော်သို့ နောင်ချိုမြို့မှ လာရောက်ကြသည့် ကုမ္ပဏီဝန်ထမ်း သူငယ်ချင်းတစ်စုကလည်း "ဒီဘုရားကို တည်ခဲ့တဲ့ မင်းသမီး စောမွန်လှ၏ သမိုင်းကြောင်းကို စိတ်ဝင်စားသလို ဘုရားပွဲမှာ ရောင်းချတဲ့ ထန်းရွက် ပုတီးလေးတွေကိုလည်း နှစ်သက်လို့ လာခဲ့ကြတာပါ။ အခု ဘုရားဖူးပြီးလို့ အိမ်အပြန် အမှတ်တရအနေနဲ့ ထန်းရွက်ပုတီးလေးတွေ လည်မှာဆွဲပြီး ဦးပိန်တံတားကြီးမှာ သွားရောက်အပန်းဖြေမှာပါ"ဟု ပြောသည်။

ထို့အပြင် ရန်ကုန်မြို့မှ အပန်းဖြေအနားယူရန် ရည်ရွယ်ချက်ဖြင့် ခရီးထွက်လာကြသည့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများကလည်း "ဒီတစ်ခါ ရုံးပိတ်ရက်က လေးရက်ဆိုတော့ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်တွေ တိုင်ပင်ပြီး လွတ်လွတ်လပ်လပ်အပန်းဖြေဖို့ ရောက်လာကြတာပါ။ အဓိကအနေနဲ့ ရာသီဥတုကောင်းပြီး သဘာဝစိမ့်စမ်းတွေပေါတဲ့ ပြင်ဦးလွင်က အပန်းဖြေစခန်းတွေကိုလှည့်ပြီး လေ့လာအပန်းဖြေခဲ့ပါတယ်"ဟု ပြောသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများက ယခုလို ရုံးပိတ်ရက်ရှည်ကာလများကို တန်ခိုးကြီးဘုရားများသို့ သွားရောက်ကုသိုလ်ပြုလှူဒါန်းကြခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် အပန်းဖြေစခန်းများသို့ သွားရောက်လေ့လာအနားယူခြင်းဖြင့် အကျိုးရှိစွာ အသုံးချသင့်ကြောင်း အကြံပြုပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်တွေမြို့၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**စစ်တွေ မတ် ၂**

မျိုးဆက်သစ် ကလေးသူငယ်များ၏ အသိအလိမ္မာ တိုးတက်စေရန်၊ ရိုးရာယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်၊ အမျိုးဘာသာ သာသနာအတွက် သားသမီးကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ မောလိပ်ရပ်ကွက်ရှိ ကလျာဏကာရီဝတ်ရွတ်အဖွဲ့ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလျာဏကာရီဝတ်ရွတ်အဖွဲ့ ဓမ္မာရုံနာယက ပြည်နယ်ပညာရေးမှူး (ငြိမ်း) ဦးစံလှကျော်က အဖွင့်အမှာစကား ပြောကြားပြီး စစ်တွေတက္ကသိုလ် မြန်မာစာကထိက(ငြိမ်း) စစ်တွေမြို့ ပညာလောကအဘိဓမ္မာသင်တန်းမှ လက်ထောက်ဆရာ ဦးကျော်မင်းနှင့် ဦးမြသိန်းတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

သင်တန်းကို ယနေ့မှ မတ် ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယဉ်ကျေးလိမ္မာဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ စစ်တွေမြို့ပေါ်ရှိ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်သင်ကြားလျက်ရှိသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



**○ လူရည်ချွန်မှ**

သဘာဝပတ်ဝန်းကျင်၊ ပင်လယ်ကြီးကိုပိုင်ဆိုင်သူဆိုသော ခေါင်းစဉ်ဖြင့် ဟောပြောကာ ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ပြီး ဒေါ်မြတ်မွန်(တောင်ငူ-ဓာတုဗေဒပါမောက္ခ)က လူငယ်နှင့်ဘဝ၊ မူးယစ်ဆေးနှင့် လူကုန်ကူးမှု သိကောင်းစရာများကို လည်းကောင်း၊ ဒေါက်တာမြင့်မြင့်သိန်းနှင့် ဒေါက်တာဝါဝါမြင့်တို့က ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို လည်းကောင်း အသီးသီးဟောပြောခဲ့ရာ ဟောပြောပွဲကို ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမနှင့် မိဘ ၅၀ ခန့် တက်ရောက်ကြသည်။

လူရည်ချွန် သဇင်လှုပ်ရှားမှုအဖွဲ့သည် ပထမဦးဆုံး ခရီးဖြစ်ပါကြောင်း၊ လူရည်ချွန်အဖွဲ့သည် မြန်မာနိုင်ငံ လူတန်းစား၊ အလွှာပေါင်းဆုံမှပါဝင်ရာ စုစုပေါင်း ၅၀၀၀ ကျော်ရှိခဲ့ပါကြောင်း၊ ယခု ပြန်လည်ဖွဲ့စည်းသော လူရည်ချွန်များသည် ၁၀၀၀ ကျော် စုစည်းမိခဲ့ပြီး နေရာဒေသအသီးသီးမှ လူရည်ချွန်များ ပါဝင်နိုင်ရန်အတွက် တိုက်တွန်းပါကြောင်း၊ ယခု မိမိတို့အဖွဲ့သည် အခမဲ့ ဆေးကုပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာများပေးခြင်း၊ ကလေးသူငယ်များအတွက် သက်ငယ်မုဒိမ်းမှု အသိပညာပေးခြင်းများကို ထည့်သွင်းဟောပြောသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ကျောက်ဖြူ)၊ စည်ပင်သာယာရေးအဖွဲ့၊ လူမှုအဖွဲ့များနှင့်ပူးပေါင်း၍ အိမ်မွေးတိရစ္ဆာန်များ စောင့်ရှောက်မှု၊ ခွေးရူးပြန်ကာကွယ်နည်းများကိုလည်း လက်တွေ့သရုပ်ပြဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေါက်တာနှင်းနှင်းက ပြောကြားသည်။

အဆိုပါဆေးဝါးများ အခမဲ့ကုသပေးခြင်း၊ ပညာရေးဆိုင်ရာ လှူဒါန်းမှုနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ကျောက်ဖြူဒေသခံ လူရည်ချွန် ဆရာ ဆရာမများ စုစုပေါင်း ၃၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ဗဟုသုတစာအုပ်များအား ပညာရေးကောလိပ်နှင့် အထကကျောင်းများတွင် လှူဒါန်းသွားမည်ဖြစ်သည်။ ဒေါက်တာရီရီအေး (တောင်ငူ)က ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ကျောပိုးအိတ် ၁၀ လုံး၊ တီရှပ်အင်္ကျီ ၂၀၊ ဦးထုပ် ၅၀ လှူဒါန်းခဲ့ရာ ခရိုင်လက်ထောက်ပညာရေးမှူး ဦးသန်းအောင်က လက်ခံခဲ့ပြီး ကျောက်ဖြူမြို့ရှိ ဒေသခံပြည်သူများအား ယနေ့တစ်ရက်တည်းသာ ဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။ မတ် ၃ ရက်တွင် ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာတွင် အခမဲ့ ဆေးကုသမှုနှင့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# အရှည်ပေ ၇၀၀ ရှိ ကျေးရွာကွန်ကရစ်လမ်းခင်း

**မိုင်းပျဉ်း မတ် ၂**

ဒေသခံပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ဖာဝေါကျေးရွာအုပ်စု ခုန်နားကျေးရွာတွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ဆောင်ရွက်ပြီးစီးသွားသော အရှည်ပေ ၇၀၀ ရှိ ကွန်ရစ်လမ်းခင်းခြင်း ပြီးစီးမှုအခြေအနေကို မတ် ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အရှည် ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေကို မိုင်းပျဉ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လိုက်လံရှင်းလင်းပြသပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကွန်ကရစ်လမ်းသစ်အား ရေရှည်တည်တံ့ကောင်းမွန်စေရန် ကော်မတီဝင်များက စည်းရုံးထိန်းသိမ်းသွားကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းသစ်ကြောင့် ဒေသအတွင်းရှိ အိမ်ခြေ ၁၀၂ အိမ်၊ လူဦးရေ ၅၃၆ ဦးရှိ ဒေသခံပြည်သူများ ရာသီမရွေး ကောင်းမွန်စွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်ကာ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**၅၆၈**

# ပဲခူးတိုင်းဒေသကြီးတွင် တိုင်းရင်းဆေးသမားတော်များနေ့ ကျင်းပ

**ပဲခူး မတ် ၂**

ပဲခူးတိုင်းဒေသကြီးတွင် တိုင်းရင်းဆေးသမားတော်များနေ့ တပေါင်းလပြည့် အခမ်းအနားကို မတ် ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နဝရတ်ကတိသစ္စာရွတ်ဆို၍ ဖွင့်လှစ်ပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးအေးရွှေက အဖွင့်အမှာစကား ပြောကြား၍ ရှေးဆရာကြီးများ၏ ပညာရှင်ရှေးသမား ကျေးဇူးတရားမမေ့ပြား ဂုဏ်ကျေးဇူးများအကြောင်း ဟောပြောသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်းညွှန့် ပေးပို့သော တိုင်းရင်းသမားတော်များနေ့ သဝဏ်လွှာကို ပဲခူးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးစိုးမိုးက ဖတ်ကြားပြီး ရှေးသမားတော်ကြီးအား ရည်စူး၍ ဆွမ်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နောင်ထွန်း**



## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်

**နေပြည်တော် မတ် ၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်နံနက်အထိခန့်မှန်းချက်။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၂ ပေမှ ၅ ပေခန့်ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** စစ်ကိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

# ဆိုင်ကယ်ခိုးယူထွက်ပြေးသူအား ၄၅ မိနစ်အတွင်း ဖမ်းဆီးရမိ



**မိုးကောင်း မတ် ၂**
ကချင်ပြည်နယ် မိုးကောင်းမြို့တွင် မတ် ၂ ရက် နံနက် ၁၁ နာရီခန့်က မြို့နယ်ပြည်သူ့ဆေးရုံသို့ လူနာလာရောက်မေးမြန်းသူ၏ မော်တော်ဆိုင်ကယ်ကို ခိုးယူထွက်ပြေးသွားသူအား နယ်ထိန်းတပ်ဖွဲ့ဝင်များက ၄၅ မိနစ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် အလယ်ရေရှင်ကျေးရွာနေ မသိန်းမေ(၂၇)သည် မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ လူနာမေးမြန်းရန်လာရောက်စဉ် စီးနင်းလာသည့် မော်တော်ဆိုင်ကယ်အား ဆေးရုံရှေ့ ဆင်ဝင်အောက်တွင် ရပ်နားထားခဲ့ရာမှ ပျောက်ဆုံးသွားခြင်းဖြစ်သည်။ မြို့မရဲစခန်းသို့ အကြောင်းကြားပြီးနောက် နယ်ထိန်းတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေရာ ဆိုင်ကယ်ခိုးယူသူ မိုးကောင်းမြို့နယ် နမ္မတီးမြို့ ကံလှရပ်ကွက်နေ ရွှင်လတ်ဦး(၂၈)နှစ် ထံမှ သိမ်းဆည်းရမိကာ ပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှင်လတ်ဦးအား မိုးကောင်းမြို့မရဲစခန်းတွင် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# CCTV သုံးသည့် ပလပ်ခုံမှ မီးလောင်မှုဖြစ်

**မြစ်ကြီးနား မတ် ၂**
မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ ကားအလှဆင်နှင့်ရေဆေးဆီလိုက်ဆိုင်ရှိ CCTV သုံးသည့် ပလပ်ခုံအပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ငွေကျပ်သိန်း ၃၀ ကျော်ခန့် ဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂ ရက် နံနက် ၃ နာရီက ယုဇနရပ်ကွက်ရှိ ဆိုင်ရှင် ဒေါ်မိမိခိုင်၏ M-13 ကားအလှဆင်နှင့်ရေဆေးဆီလိုက် အဆောက်အအုံအတွင်းရှိ CCTV သုံးသည့် ပလပ်ခုံအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးတစ်ဝိုက်ရှိ ကားအပိုပစ္စည်းကူရှင်များသို့ ကူးစက်ခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း၊ အုတ်ညှပ်တစ်ထပ် အဆောက်အအုံတစ်လုံးနှင့် ကားအပိုပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၅၅ ဦး၊ မီးငြိမ်းသတ်ယာဉ်ခုနစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီး စုစုပေါင်းရှစ်စီးဖြင့် ငြိမ်းသတ်ရာ နံနက် ၄ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# သစ်ခွဲသားများတင်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပဲခူး မတ် ၂**
ပဲခူးမြို့ မဲခုန်ကျေးရွာအုပ်စု ဆင်ဖြူကွင်းသုသာန်အနီးတွင် မတ် ၁ ရက် ည ၉ နာရီက တရားမဝင်သစ်ခွဲသားများ တင်ဆောင်ရပ်တန့်ထားသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့သည်။

ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးမျိုးဝင်း ဦးဆောင်သောအဖွဲ့များနှင့် အမှတ်(၂)ရဲစခန်းမှ ရဲအုပ်လှမြင့် ဦးဆောင်သောအဖွဲ့တို့သည် သတင်းအရ ရပ်တန့်ထားသောယာဉ်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ လူတစ်ဦးတစ်ယောက်မျှမတွေ့ရဘဲ ခြောက်ဘီးယာဉ်နှင့် ယာဉ်ပေါ်တွင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၄၂ ချောင်း (၄ ဒသမ ၃၇၇၄ တန်)ကို စစ်ဆေးတွေ့ရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်သူ သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်နှင့်ဆက်စပ်တရားခံများအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်အတွက် အမှတ်(၂)နယ်မြေရဲစခန်းမှ (ပ)၁၉၂/၂၀၁၈၊ သစ်တောဥပဒေပုဒ်မ ၄၃(က)ဖြင့် အမှုဖွင့်လှစ်ထားပြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**






# လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရ

**မြစ်ကြီးနား မတ် ၂**
ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာအုပ်စု ရှုဒူဇွပ်ကျေးရွာ၏ အရှေ့မြောက်ဘက်တောထဲတွင် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရှုဒူဇွပ်ကျေးရွာတွင် နေထိုင်သည့် မဆိုင်းမိုင်သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဟင်းရွက်ခူးရန်သွားရောက်စဉ် ရှုဒူဇွပ်ကျေးရွာ၏ အရှေ့မြောက်ဘက်တောအတွင်းတွင် ထောင်ထားသည့်မိုင်း နင်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် မဆိုင်းမိုင်တွင် ဝဲဘက်ခြေကျင်းဝတ် မိုင်းစထိမှန်ပြီး ခြေကျင်းဝတ် ကြေမွဒဏ်ရာ၊ ဝဲဘက်တံတောင်ပေါက်ပြဲဒဏ်ရာ၊ ယာလက်ဖဝါးပေါက်ပြဲဒဏ်ရာ (စိုးရိမ်ရ)တို့ရရှိပြီး ရှုဒူဇွပ်ကျေးရွာအနီးရှိ ဘန်ကောက်ဆေးရုံတွင် တင်ပို့ကုသနေရာမှ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီခန့်တွင် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# ဆီဆိုင်မြို့နယ်တွင် ငွေကျပ် ၄၄၄ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**
ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် နံနက် ၄ နာရီခွဲက ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု နားစေးစောက်ကျေးရွာနေ မောင်မျိုး၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ပီနံအိတ်လေးအိတ်အတွင်းမှ ဘိန်းစိမ်း ၇၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မောင်မျိုး(၁၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် TOYOTA WISH မော်တော်ယာဉ်

# ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၈၉ စီး၊ သွင်းကုန်အစီး ၉၂၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၉ စီး၊ သွင်းကုန် ၈၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၆၄၃ သန်းခန့်)၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၅ သန်းခန့်) စုစုပေါင်းတားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၉၃ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် သစ်ဆိပ်ပင်ကျေးရွာသို့ ရှောင်တခင် သွားရောက်စစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA WISH မော်တော်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၃-၃-၂၀၁၈ (စနေနေ့)**

| | |
|---|---|
| ၀၅း၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅း၁၅ | ပြည်သူ့နီတိ "ပွဲညွှန့်" |
| ၀၅း၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၅၅ | Great Shwedagon - The Planetary Posts |
| ၀၆း၁၀ | Elegant and Exquisite Myanmar Cotton Fabrics |
| ၀၆း၂၅ | The Art of Making Glaze Ware |
| ၀၆း၄၀ | Chef Life - Thanakrit Chamnongbutr |
| ၀၆း၅၅ | ပြည်သူ့နီတိ "ပွဲညွှန့်" |
| ၀၇း၂၀ | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၇း၃၀ | Surprise Meals |
| ၀၇း၄၅ | MRTV Entertainment Music |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရန်ငြိုးဖွဲ့အချစ်"(အပိုင်း-၃၄) |
| ၀၈း၂၅ | Sport Tips |
| ၀၈း၄၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၉း၀၀ | Cele Chitchat |
| ၁၀း၁၅ | Law of Jungle (Ep-250) |
| ၁၁း၄၀ | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၂း၀၀ | မြန်မာရုပ်ရှင် "ဘဝလက်ဆောင်" |
| ၁၄း၁၀ | Great Shwedagon- The Planetary Posts |
| ၁၄း၂၀ | Elegant and Exquisite Myanmar Cotton Fabrics |
| ၁၄း၃၅ | The Art of Making Glaze Ware |
| ၁၄း၅၀ | Chef Life - Thanakrit Chamnongbutr |
| ၁၅း၀၅ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၁၅း၁၅ | One Championship |
| ၁၅း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "လက်နဲ့ထိရင်ရွှေ" |
| ၁၈း၀၀ | Cartoon "Doraemon (Ep- 43) " |
| ၁၈း၃၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရန်ငြိုးဖွဲ့အချစ်"(အပိုင်း-၃၅) |
| ၁၉း၀၀ | ကက်ဆက်ဇာတ်လမ်း "ပုဂံမြို့သူ" |
| ၂၀း၀၀ | MRTV Entertainment Music |
| ၂၀း၃၀ | ရိုးရာဝလေ့လွှမ်းခြုံဆဲ မန္တလာဘုရားပွဲ |
| ၂၀း၅၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၂၁း၀၀ | Cele Chitchat |
| ၂၂း၀၅ | မြန်မာဗီဒီယိုဇာတ်လမ်း "အထာပေးတဲ့ ဆရာကြီး" |

**၄-၃-၂၀၁၈ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၀၀း၁၅ | Great Shwedagon- The Planetary Posts |
| ၀၀း၃၀ | The Art of Making Glaze Ware |
| ၀၀း၅၀ | နိုင်ငံခြားရုပ်ရှင် "Rush" |
| ၀၂း၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၂း၅၀ | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၃း၀၀ | ပြည်သူ့နီတိ "ပွဲညွှန့်" |
| ၀၃း၂၀ | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၀၃း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ကြေးရုပ်တုအာဠဝကဘီလူးမနှင့် မညီပုင်" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူးနေမာအပြင် မက်ပီပါ လွဲချော်နိုင်ဖွယ်ရှိ

တိုက်စစ်မှူး နေမာမှာ ရက်သတ္တပတ် ခြောက်ပတ်မှ ရှစ်ပတ်ကြား အနားယူရန် ရှိနေကြောင်း ဖခင် စီနီယာနေမာက အတည်ပြုခဲ့ပြီး မရှေးမနှောင်းမှာပင် မာဆေးလ်နှင့် ကစားခဲ့သည့် လိဂ်ဖလားပွဲစဉ်တွင် တိုက်စစ်မှူး မက်ပီမှာလည်း ပတ်ထရောနှင့် လူစားလဲခဲ့ရပြန်ရာ ခြေထောက် ဒဏ်ရာ ရရှိခြင်းဖြစ်နိုင်သည်ဟု ခန့်မှန်းဖော်ပြနေကြသည်။ ပီအက်စ်ဂျီအသင်းအနေဖြင့် ရီးယဲလ်နှင့် ချန်ပီယံလိဂ် အရေးကြီး ပွဲစဉ်တွင် နေမာ၊ မက်ပီတို့လို အဓိက တိုက်စစ်မှူး နှစ်ဦးမပါဝင်ဘဲ ယှဉ်ပြိုင်ရန် အခြေအနေ ကြုံနေရပြီဖြစ်သည်။

နေမာ၏ ဖခင်က နေမာအနေဖြင့် ရက်သတ္တပတ်ခြောက်ပတ်မှ ရှစ်ပတ်ကြား အနားယူရဖွယ်ရှိကြောင်း မပြောကြားမီ နည်းပြ အမ်မရီက ရီးယဲလ်နှင့် ပွဲစဉ်တွင် နေမာပါဝင်ရန် အခွင့်အရေး အနည်းငယ်ရှိကြောင်း ပြောကြားထားဖူးသည်။

သို့သော် နေမာမှာ အဆိုပါ ဒဏ်ရာကို ခွဲစိတ်ကုသရမည်ဖြစ်ရာ ခန့်မှန်းကာလထက် ပိုမိုကြာမြင့်နိုင်ဖွယ်ရှိသည်။ယခု ရက်သတ္တပတ်တွင်လည်း မက်ပီမှာပွဲကစားချိန်အတွင်း ရရှိခဲ့သည့် ဒဏ်ရာကြောင့် ရီးယဲလ်ကို အိမ်ကွင်းတွင် ဧည့်ခံရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် မက်ပီ၊ နေမာတို့ မပါဝင်ဘဲ ယှဉ်ပြိုင်ဖွယ်ရှိနေခြင်းဖြစ်သည်။

ပီအက်စ်ဂျီသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ဈေးကွက်က နေမာ၊ မက်ပီတို့လို ထိပ်တန်းတိုက်စစ်မှူးနှစ်ဦးကို ခေါ်ယူခဲ့ပြီး ရှိပြီးသား တိုက်စစ်မှူး ကာဗာနီနှင့် တွဲဖက်ကာ နေမာ-ကာဗာနီ-မက်ပီ(NCM) တိုက်စစ်အင်အားဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲလို ပွဲစဉ်များမှာပင် ခြေစွာနေပြီး ဘိုင်ယန်လို အသင်းမျိုးကို နောက်ကောက်ချပြီး အုပ်စုပိုလ်ဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ချန်ပီယံလိဂ် ၁၆သင်းအဆင့်တွင် ရီးယဲလ်ကဲ့သို့ အသင်းကြီးနှင့် တွေ့ဆုံနေသော်လည်း ပီအက်စ်ဂျီသာ နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဟု ရေပန်းစားခဲ့သည်။ သို့သော် တကယ်တမ်းကစားချိန်တွင် သမ္မာရှိ ရီးယဲလ်က ပီအက်စ်ဂျီကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ကစားနိုင်ခဲ့ရာ နေမာက ပီအက်စ်ဂျီအနေဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အလျှော့ပေးမည်မဟုတ်ကြောင်း ဆိုခဲ့သော်လည်း ယခုလို ဒဏ်ရာ ပြဿနာများ မထင်မှတ်ဘဲ ဆက်တိုက်ကြုံတွေ့လာရခြင်းဖြစ်သည်။ **မေလှဲ့သင်း**





# အာဆင်နယ်ကို သုံးဂိုးပြတ်နိုင်ပြီးနောက် ၁၆ မှတ်အထိ မန်စီးတီး ဖြတ်ထားနိုင်

အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ်(၂၈)အဖြစ် မတ် ၁ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယင်းသို့နိုင်ပွဲရရှိခဲ့ခြင်းကြောင့် လက်ရှိအမှတ်ပေးဇယားတွင် ဒုတိယနေရာက မန်ယူအသင်းကို ၁၆ မှတ်အထိဖြတ်ထားနိုင်ခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဘာနာဒိုဆေးလ်ဗား၊ ဒေးဗစ်ဆေးလ်ဗားနှင့် လီရွိုင်းဆာနေးတို့က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းမှာ ရရှိခဲ့သည့်ပင်နယ်တီသွင်းဂိုးကိုပင် ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိခဲ့ခြင်းကြောင့် ချေပဂိုးတစ်ဂိုးပင် မရရှိခဲ့ပေ။

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ငါးရက်တာအတွင်း အာဆင်နယ်အသင်းနှင့် နှစ်ကြိမ်တိုင်တိုင်တွေ့ဆုံခဲ့ရာ နှစ်ကြိမ်စလုံး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မန်စီးတီးအသင်းသည် ပရီမီယာလိဂ် လက်ကျန် ၁၀ ပွဲကစားရန်ကျန်ရှိနေချိန်တွင် ရမှတ် ၇၅ မှတ်အထိ ရယူစုဆောင်းနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရန်လည်းအလွန်နီးစပ်သွားခဲ့ပြီဖြစ်သည်။

လက်ကျန်ပွဲစဉ်များအနက် ငါးပွဲအနိုင်ရရှိခဲ့လျှင်ပင် ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်တော့မည်ဖြစ်ပြီး နည်းပြဂွါဒီယိုလာနှင့် ကစားသမားများ၏ စွမ်းဆောင်မှုကောင်းမွန်ခြင်းကြောင့် ပရီမီယာလိဂ်ဖလားတွင် ချန်ပီယံဖြစ်ရန် နီးစပ်ခဲ့သည့်အပြင် ချန်ပီယံလိဂ်တွင်လည်း နောက်တစ်ဆင့်တက်လှမ်းရန် အခြေအနေကောင်းသွားခဲ့ပြီဖြစ်သည်။

**ငွေကြယ်**

# ကွန်တီအတွက် မန်ချက်စတာရဲ့ ဒုတိယမြောက် စိန်ခေါ်သံ

**ရှိုင်းမင်းမင်း - ရေးသားသည်**

## ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၂၉

လာမယ့် မတ်လ ၃၊ ၄၊ ၆ နေ့တွေမှာပရီမီယာလိဂ်ပွဲစဉ် ၂၉ ကိုကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်စီးတီးနဲ့ချယ်လ်ဆီးတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်တစ်ခုဖြစ်လာဖို့ ရှိနေပါတယ်။ ဒါ့အပြင် မန်ယူအနေနဲ့လည်းအဆိုပါအခွင့်အရေးကို အသုံးချနိုင်မလားဆိုတာစောင့်ကြည့်ရမှာပါ။

## ဘန်လေ - အဲဗာတန် ည ၇း၀၀ (၃-၃-၁၈)

ဘန်လေရဲ့အိမ်ကွင်းကစားပုံကကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံကောင်းမွန်တတ်တာကြောင့် အဲဗာတန်ကို ထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ အဲဗာတန်ကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးပေမယ့် ခံစစ်ပိုင်းကစားပုံကတော့အားနည်းမှုတွေ ရှိနေတာကို တွေ့ရပါတယ်။ အဲဗာတန်နိုင်ပွဲရဖို့အားစိုက်လာနိုင်ပေမယ့်လည်း ဘန်လေရဲ့ခံကစားအားကြောင့် သရေကျသွားဖို့များပါတယ်။

## လက်စတာ - ဘုန်းမောက် ည ၉း၃၀ (၃-၃-၁၈)

အိမ်ကွင်းဖြစ်တာကြောင့် လက်စတာတို့နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာလက်စတာခြေကအားနည်းမှုအချို့ ရှိနေကာဘုန်းမောက်က ခြေစွမ်းတည်ငြိမ်တတ်ပေမယ့် အမှတ်လိုနေတဲ့လ က်စတာတို့အားစိုက်ကစားလာမှာဖြစ်တဲ့ အတွက်ဒီပွဲမှာတော့လက်စတာတို့ အိမ်ကွင်းမှာနိုင်ပွဲကပ်ပြီးရသွားနိုင်ပါတယ်။

## ဆောက်သမ်တန် - စတုတ် ည ၉း၃၀ (၃-၃-၁၈)

ဆောက်သမ်တန်ခြေစွမ်းပိုင်းက အခုနောက်ပိုင်းမှာအားနည်း မှုတွေ ရှိနေတာမှန်ပေမယ့်လည်းအိမ်ကွင်းဖြစ်နေသလို တန်းမဆင်းရ ဖို့အတွက်လည်း အမှတ်လိုနေတာကြောင့်အားစိုက်ကစားလာမှာသေ ချာနေပါတယ်။ ဒါ့အပြင် စတုတ်ကလည်းလက်ရှိအချိန်မှာခြေစွမ်း ပိုင်းကျဆင်းနေတာကြောင့် ဒီပွဲစဉ်မှာ ဆောက်သမ်တန်တို့ အခွင့်အ ရေးရနိုင်ပါတယ်။ ဆောက်သမ်တန်တို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

## ဆွမ်ဆီး - ဝက်စ်ဟမ်း ည ၉း၃၀ (၃-၃-၁၈)

လက်ရှိအချိန်မှာဆွမ်ဆီးခြေကကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းဖြစ်နေတဲ့အပြင် လက်ရှိအချိန်မှာတန်းမဆင်းရဖို့အတွက်လည်း အာမခံချက်မရှိသေးတာကြောင့်လည်း အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပြီး အဝေးကွင်းပွဲတွေမှာခံစစ်ပိုင်းက အားနည်းမှုအချို့ရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းတို့အမြင့်ဆုံး သရေလောက်ပဲကစားနိုင်မယ်။

## စပါး - ဟတ်ဒါဖီးလ် ည ၉း၃၀ (၃-၃-၁၈)

စပါးကအက်ဖ်အေဖလားပြန်ကန်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း စပါးအနေနဲ့အိမ်ကွင်းဖြစ်သ လိုချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက်လည်းအမှားမခံတဲ့ အခြေအနေကြောင် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဟတ်ဒါဖီးလ်ကတော့ခြေစွမ်းပိုင်းသာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ စပါးကသာနိုင်ပွဲရသွားနိုင်ပါတယ်။

## ဝက်ဖို့ဒ် - ဝက်စ်ဘရွန်း ည ၉း၃၀ (၃-၃-၁၈)

ဝက်စ်ဘရွန်းခြေစွမ်းပိုင်းကအား နည်းမှုတွေများလွန်းပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်းခံစစ်ပိုင်းက ပိုမိုအားနည်းတတ်ပါတယ်။ ဝက်ဖို့ဒ်ကတော့အိမ်ကွင်းဖြစ်နေတာကြောင့်နိုင် ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေသလိုခြေစွမ်းပိုင်းအရလည်းဝက်စ်ဘရွန်းထက်ပိုမိုကောင်းမွန်မှုရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ့် ဝက်ဖို့ဒ်ကသာ အပြန်အလှန်သွင်းဂိုးတွေနဲ့နိုင်ပွဲရသွားနိုင်တယ်။

## လီဗာပူး - ကာဆယ် နံနက် ၀၀း၀၀ (၄-၃-၁၈)

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက်အမှားမခံတဲ့အခြေအနေမှာ လီဗာပူးတို့ အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း နယူးကာဆယ်က ခံစစ်ပိုင်းကစားပုံကောင်းမွန်တဲ့အသင်းဖြစ်သလို အဝေးကွင်းပွဲတွေမှာခံစစ်ပိုင်းကို ပိုမိုအားပြုကစားလေ့ရှိပါတယ်။ ဒါကြောင့်လည်း လီဗာပူးတို့ဒီပွဲစဉ်မှာမထင်မှတ်ဘဲ အခက်တွေ့နိုင်ကာအိမ်ကွင်းနိုင်ပွဲကပ်ပြီးသာရမယ်။

## ဘရိုက်တန် - အာဆင်နယ် ည ၈း၀၀ (၄-၃-၁၈)

ဒီပွဲမတိုင်ခင်မှာ အာဆင်နယ်အနေနဲ့မန်စီးတီးနဲ့ ပွဲကျန်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာပေမယ့်လည်း အဝေးကွင်းပွဲတွေမှာခံစစ်ပိုင်းကထင်သလောက် တည်ငြိမ်မှုမရှိတတ်ပါဘူး။ ဒါ့အပြင် ဘရိုက်တန်ကလည်းအိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကောင်းမွန်တတ်လို့ဒီပွဲမှာတော့ အာဆင်နယ်အခက်တွေ့နိုင်ပါတယ်။ အာဆင်နယ်နိုင်ပွဲရနိုင်ပေမယ့် ဂိုးပြတ်ဖို့ခက်ပါတယ်။

## မန်စီးတီး - ချယ်လ်ဆီး ည ၁၀း၃၀ (၄-၃-၁၈)

ခြေစွမ်းပိုင်းအရဆိုရင်တော့ မန်စီးတီးက ပိုမိုကောင်းမွန်ပါတယ်။ ဒါပေမယ့်လည်း မန်စီးတီးကကြားရက်မှာအာဆင်နယ်နဲ့ ပွဲကျန်ကစားခဲ့ရလို့ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ချယ်လ်ဆီးကလည်းအမှတ်လိုနေလို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။ မန်စီးတီးအိမ်ကွင်းဖြစ်နေသလို ဆာနေးပြန်လည်ပါဝင်လာတာကြောင့် တိုက်စစ်ပိုင်းပိုမိုကောင်မွန်လာပေမယ့်လည်း ချယ်လ်ဆီးရဲ့တုံ့ပြန်ကစားအားကြောင့် သရေကျသွားဖို့ရှိနေပါတယ်။

## မန်ယူ - ပဲလေ့စ် နံနက် ၂း၃၀ (၆-၃-၁၈)

ပဲလေ့စ်ခြေစွမ်းပိုင်းကအားနည်းမှုတွေများနေတယ်။ အထူးသဖြင့် ခံစစ်ကစားပုံကျဆင်းလာတာကြောင့်နိုင်ပွဲတွေ ပျောက်ဆုံးနေပါတယ်။ မန်ယူကတော့တိုက်စစ်ပိုင်းထင်သလောက်တိုးတက်မှုမရှိပေမယ့်လည်း မန်စီးတီးနဲ့ ချယ်လ်ဆီးဆုံတွေ့နေချိန်မှာနိုင်ပွဲရယူနိုင်ဖို့အား စိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း မန်ယူအနေနဲ့ သွင်းဂိုးများများရဖို့ခက်မယ်ဆိုရင် တောင်နိုင်ပွဲတော့ရယူသွားနိုင်ဖို့ရှိနေတယ်လို့ဆိုချင်ပါတယ်။

# ကျေးဇူးရှင် တောင်သူဦးကြီးများအားလုံး လူမှုဘဝမြင့်မားလာကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

လူသားတိုင်းအတွက် နေ့စဉ်လိုအပ်ချက်သည် စား၊ ဝတ်၊ နေရေးဖြစ်သည်။ ထိုလိုအပ်ချက်များအနက် အရေးကြီးဆုံးသည် အစာအာဟာရပြည့်စုံဖူလုံရေးပင်ဖြစ်သည်။ မြန်မာလူမျိုးများအတွက် အဓိကစားသုံးနေသော အစာအာဟာရသည် "ဆန်" ဖြစ်သည်။ ထို "ဆန်" ထုတ်လုပ်ရန်အတွက် "စပါး" စိုက်ပျိုးပေးနေသူများသည် ပြည်သူချစ်သော ကျေးဇူးရှင်တောင်သူဦးကြီးများပင် ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင်နေထိုင်လျက်ရှိကြသည်။ ထိုကျေးလက်နေပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းပင်ဖြစ်သည်။ ဆိုရလျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့်အသက်မွေးနေကြသော ကျေးလက်နေ တောင်သူဦးကြီးများသည် စာရေးသူတို့၏ကျေးဇူးရှင်ကြီးများပင်ဖြစ်သည်။

**တောင်သူလယ်သမားနေ့**

နိုင်ငံတော်အစိုးရသည် ကျေးဇူးရှင်တောင်သူဦးကြီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မတ်လ ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ပေးထားသည်။ ယခင်ကတိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တောင်သူလယ်သမားနေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ မော်ကွန်းရုပ်ရှင်များပြသခဲ့သည်။ တောင်သူဦးကြီးများကို ဂုဏ်ပြုဖော်ညွှန်းထားသည့်ဓာတ်ပုံပြခန်းများကိုကြည့်ရှုခဲ့ရသည်။ ကျေးလက်ဒေသရှိ ဆင်းရဲသားတောင်သူလယ်သမား မိဘနှစ်ပါးမှမွေးဖွားခဲ့သည့် စာရေးသူသည် တောင်သူလယ်သမားနေ့အခမ်းအနားပုံရိပ်များကိုယနေ့အချိန်အထိသတိရနေဆဲပင်ဖြစ်သည်။ ဟန်ဆောင်မှုကင်းပြီး ပကာသနမဖက်သော ကျေးလက်အငွေ့အသက်ကိုယနေ့အချိန်အထိတမ်းတနေမိပါသည်။

**ရိုးသားကြိုးစားသူများ**

တောင်သူဦးကြီးများသည်အနေအေးပြီး ရိုးသားကြိုးစားကြသူများဖြစ်သည်။ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံးတွင် တောင်ယာထဲ၌ ကျွဲ၊ နွားများနှင့်အတူရုန်းကန်နေကြရသည်။ နေဝင်မိုးချုပ်တကုပ်ကုပ်ဖြင့် အလုပ်လုပ်နေလေ့ရှိကြသည်။ မြို့ပြတွင်နေကြသူများ အရန်သင့်စားသုံးနိုင်သည့် ဆန်၊ စပါးရရှိရေးအတွက် ရွှံ့ဗွက်ထဲတွင် နေပူ၊ မိုးရွာမရှောင် ရုန်းကန်ကြရသည်။ စင်စစ်မှာမူတောင်သူဦးကြီးများသည် အများပြည်သူများအတွက် အနစ်နာခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်နေကြသူများသာဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် တိုင်းပြည်နှင့်လူမျိုးအတွက် ရိုးသားကြိုးစားသူများဖြစ်ကြသည်။

**ထမင်းဘယ်ကရသလဲ**

မြို့ပြနေ ရေပေါ်ဆီလူတန်းစားအချို့သည် မိမိစားသုံးနေသည့် ထမင်းမည်ကဲ့သို့ ရရှိလာသည်ကို မသိရှိကြချေ။ "ထမင်းဘယ်ကရသလဲ" လို့မေးမြန်းလျှင် "ထမင်းအိုးထဲကရသည်" ဟု ဖြေမည့်သူများရှိသလို "ဆန်ဘယ်ကရသလဲ" လို့မေးပြန်လျှင်လည်း "ဆန်အိုးထဲကရသည်" ဟု ဖြေကြသူများလည်း မြောက်မြားစွာပင် ရှိနေကြသည်။ ထို့အပြင် စပါးပင်နှင့် မြက်ပင်ကိုပင်ကွဲပြားစွာမသိကြသူများလည်း ဒုနှင့်ဒေးရှိနေကြသည်။ ထိုသူများသည် ထမင်းဖြစ်လာသည့် ဆန်တစ်စေ့ထွက်ရှိရေးအတွက် တောင်သူဦးကြီးများ ရုန်းကန်ခဲ့ရမှုများကိုသာ သိရှိမည်ဆိုလျှင် ထမင်းကိုမျို၍ပင်ကျနိုင်မည်မဟုတ်ပေ။

တောင်သူဦးကြီးများသည် ရွှံ့ဗွက်ထဲတွင် ကျွဲ၊ နွားများနှင့်အတူ ရုန်းကန်ကြရသည်။ မိမိကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ထားသော စင်းလုံးချောဆန်များကို မြို့ပြနေ ငွေကြေးတတ်နိုင်သူ လူတန်းစားများအတွက် ရောင်းချပေးကြရပြီး မိမိအတွက်မှာမူ ဆန်ကြမ်းနှင့် ဆန်အကျိုးအကြေလောက်ကိုသာ စားသုံးကြရလေ့ရှိသည်။ အမှန်စင်စစ်မှာမူ တောင်သူဦးကြီးများ၏ကျေးဇူးကို မြို့ပြနေ လူငယ်များသိရှိနိုင်ရန်အတွက် ဘိုးဘွား၊ မိဘများက ရှင်းပြပေးရန်တာဝန်ရှိပေသည်။

**ရိုးရှင်းသောဘဝ**

ဆိုရလျှင် တောင်သူဦးကြီးများသည် နေ့စဉ်ဘဝကို ပင်ပန်းကြီးစွာဖြင့် ဖြတ်သန်းရသူများ ဖြစ်ကြသည်။ ဘဝစိုပြည်မှုသည် မိုးလေဝသမှန်ကန်မှုပေါ်တွင် များစွာတည်မှီနေပါသည်။ မိုးကောင်းလျှင် အူစိုပြီး မိုးခေါင်လျှင် အူခြောက်လေ့ရှိကြသည်။ မျက်မှောက်ခေတ်တွင် ရေသွင်းစိုက်ပျိုးရေးစနစ်များ အောင်မြင်နေသော်လည်း စိုက်ပျိုးရေမှန်မှန်ရရှိရေးအတွက်မူ အခက်အခဲမျိုးစုံကို ကျော်ဖြတ်ကြရသည်။

မည်သို့ပင်အခက်အခဲရှိနေစေကာမူ တောင်သူဦးကြီးများသည် လက်ငုတ်လက်ရင်း လယ်သမားဘဝကိုမူ စွန့်လွှတ်ခြင်းမျိုးမရှိကြပေ။ မိမိလယ်ယာကိုစွန့်ပြီး မြို့ပြသို့ ပြောင်းရွှေ့သွားသူမျိုးသည် အနည်းစုလောက်သာရှိပါသည်။တောင်သူဦးကြီးများ၏ စိတ်ကူးအိပ်မက်သည် စားသောက်နေထိုင်ရေးအတွက် ပိုလျှံလျှင်အလှူအတန်းပြုလုပ်သွားရန်ဖြစ်သည်။ မိုးလေဝသမှန်သည့်နှစ်တွင် ကောက်ပဲသီးနှံ အထွက်နှုန်းကောင်းသဖြင့် ရရှိသည့် ပိုလျှံငွေကိုမြို့ပြနေလူတန်းစားများကဲ့သို့ ဇိမ်ခံပစ္စည်းများ ဝယ်ယူခြင်းနှင့် အပျော်အပါးလိုက်စားခြင်းမျိုးမရှိဘဲ စုဆောင်းထားသည့် ချွေးနဲ့စာကို ရက်ရောစွာဖြင့် အလှူအတန်းပြုလုပ်လေ့ရှိကြသည်။

> "တောင်သူဦးကြီးများသည် ရွှံ့ဗွက်ထဲတွင် ကျွဲ၊ နွားများနှင့်အတူ ရုန်းကန်ကြရသည်။ မိမိကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ထားသောစင်းလုံးချော ဆန်များကို မြို့ပြနေ ငွေကြေးတတ်နိုင်သူ လူတန်းစားများ အတွက် ရောင်းချပေးကြရပြီး မိမိအတွက်မှာမူ ဆန်ကြမ်းနှင့် ဆန်အကျိုးအကြေလောက်ကိုသာ စားသုံးကြရ . . ."

ရာသီဥတုဖောက်ပြန်သဖြင့် ကောက်ပဲသီးနှံအထွက်နှုန်း နည်းလျှင်လည်း ခြိုးခြံချွေတာပြီး ရောင့်ရဲတင်းတိမ်စွာ နေတတ်ကြသည်။ အထူးသဖြင့် တောင်သူဦးကြီးများ၏ နေထိုင်မှုပုံစံသည် ပကာသနမဖက် ရိုးရှင်းစွာနေထိုင်ကြသဖြင့် မတော်လောဘကင်းသောနေထိုင်မှုပင်ဖြစ်သည်။ ထို့ကြောင့် ဆေးရုံ၊ ဆေးခန်းသွားစရာမလိုဘဲ သက်ရှည်ကျန်းမာစွာနေနိုင်ကြသည်။ သာဓကပြရလျှင် အညာကျေးလက်ရှိ စာရေးသူ၏ မိဘနှစ်ပါးသည် အသက် ၈၀ ကျော်အထိ မည်သည့်ရောဂါအထူးအဆန်းမျှ မခံစားရဘဲ ကျန်းမာချမ်းသာစွာ နေထိုင်လျက်ရှိကြသည်။ ဘဝကိုရိုးရှင်းပြီး အေးချမ်းသောနေထိုင်မှုပုံစံဖြင့်သာ ဖြတ်သန်းနေကြသောကြောင့် သက်ရှည်ကျန်းမာနေကြခြင်းဖြစ်သည်။ လောဘ၊ ဒေါသ၊ မာန်မာနများဖုံးလွှမ်းနေသော မြို့နေ လူတန်းစားများတွင်မူ ရောဂါမျိုးစုံခံစားရပြီး ဆေးရုံ၊ဆေးခန်းကို အိမ်ဦးနှင့်ကြမ်းပြင်ဆိုသလို နေ့စဉ်နီးပါး သွားရောက်ပြသနေကြရသည်။

**ဘာသာတရားကိုင်းရှိုင်း**

ထို့အပြင်တောင်သူဦးကြီးများ၏ အတုယူဖွယ်ကောင်းသောအချက်သည် ပေါ်ဦးပေါ်ဖ ကောက်ပဲသီးနှံများကို မြတ်စွာဘုရားနှင့် သံဃာတော်များကို လှူဒါန်းခြင်းပင်ဖြစ်သည်။ မိမိစိုက်ပျိုးထုတ်လုပ်ထားသော အသီးအနှံကို ကိုယ်တိုင်မစားသုံးသေးမီ ဘုရားနှင့်သံဃာတော်များကို သာဦးစွာလှူဒါန်းလေ့ရှိသည့် လူတိုင်းပြုနိုင်ခဲသောမြင့်မြတ်သည့် ပီတိဖြစ်ဖွယ်ရာများပင်ဖြစ်သည်။ တောင်သူဦးကြီးများသည် နေ့စဉ်တောင်ယာထဲတွင် မိုးလင်းမိုးချုပ်အလုပ်လုပ်နေကြရသဖြင့် ကျန်းမာရေး အထူးလိုက်စားရန်မလိုအပ်ပေ။ ထို့အပြင် သန့်ရှင်းလတ်ဆတ်သော လေနှင့် သား၊ ငါး၊ သီးနှံတို့ကို စားသုံးကြသဖြင့်သက်ရှည်ကျန်းမာရေးအတွက် မြို့နေလူတန်းစားများကဲ့သို့ ငွေကုန်ကြေးကျမများဘဲ များစွာအထောက်အကူပြုလျက်ရှိပေသည်။ အထူးသဖြင့် တောင်သူဦးကြီးများသည် လုပ်ငန်းမအားမလပ်သည့်ကြားကပင် ဝါတွင်း၊ ဝါပကာလများတွင် လဆန်း၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ်နေ့များတွင် ဥပုသ်သီတင်းသီလဆောက်တည်နိုင်ကြသည့်အပေါ်တွင်လည်း များစွာပင်ဂုဏ်ယူမိပါသည်။ ထို့ကြောင့် တောင်သူဦးကြီးများသည် အလှူအတန်းရက်ရောပြီး ဘာသာတရားကိုင်းရှိုင်းသူများလည်းဖြစ်ကြသည်။

**မွန်မြတ်သောစေတနာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအသီးသီးသည် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်အစိုးရသည်လည်း တောင်သူလယ်သမားများ အပါအဝင် ကျေးလက်နေပြည်သူများ နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်၍အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ဒုတိယသမ္မတတစ်ဦး ဦးဆောင်သည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကိုလည်းဖွဲ့စည်းကာ သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီကြိုးပမ်းဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိသည်မှာ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

ထို့အပြင်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးစရိတ်မှန်မှန်ရရှိရေး၊ ရေသွင်းစိုက်ပျိုးရေးစနစ်ဆောင်ရွက်နေသော တောင်သူများအတွက် စိုက်ပျိုးရေမှန်မှန်ရရှိရေး၊ လယ်ယာထွက်ကုန်သီးနှံများကိုလည်း သင့်တင့်သော ဈေးနှုန်းများရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တာဝန်ရှိသူများကို များစွာကျေးဇူးတင်မိပါသည်။ အထူးသဖြင့် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အရင်းအနှီးထုတ်ပေးခြင်း၊ နည်းပညာအကူအညီပေးခြင်းနှင့် ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျရောင်းချပေးလျက်ရှိသည့်အတွက် များစွာ ပီတိဖြစ်ရပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ကျေးရွာအလိုက် တောင်သူဦးကြီးများကို အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏မွန်မြတ်သောစေတနာများပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တောင်သူလယ်သမားများအတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာ သတင်းအချက်အလက်များရရှိရေး၊ မိုးလေဝသ၊ ရာသီဥတုနှင့်ဈေးကွက်သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီသိရှိအသုံးချနိုင်ရေးတို့အပါအဝင် တောင်သူလယ်သမားများ၏ စိတ်လက်အပန်းဖြေအနားယူမှုကို အထောက်အကူဖြစ်စေမည့် လယ်ယာကဏ္ဍသတင်း၊ ပညာပေးနှင့်ဖြေဖျော်ရေးအစီအစဉ် ကဏ္ဍပေါင်းစုံ ပါဝင်သည့် "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmers' Channel)အစီအစဉ်ကိုပါ ထုတ်လွှင့်ပေးထားသဖြင့် ကျေးဇူးရှင်တောင်သူဦးကြီးများအတွက်များစွာဂုဏ်ယူမိပါသည်။

**စနစ်တကျစိုက်ပျိုးထုတ်လုပ်ရန်လို**

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေသည် သန်း ၅၀ ကျော်သာရှိ သော်လည်း နောင်နှစ်ပေါင်း ၃၀ အတွင်း တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ ခန့်အတွက် စားနပ်ရိက္ခာဖူလုံရန်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ရည်မှန်းချက်ထားလျက် ကောက်ပဲသီးနှံမျိုးစုံစိုက်ပျိုး ထုတ်လုပ်နိုင်မှုတိုးတက်လာရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ ထို့အပြင် ကမ္ဘာ့လူဦးရေသည်လည်း လက်ရှိအချိန်အတွင်း သန်းပေါင်း ၇၀၀၀ ကျော်သာရှိသော်လည်း လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ကျော်ရှိလာမည်ဖြစ်သည်။ ထိုသို့ တိုးတက်လာသည့် လူဦးရေအတွက် စိုက်ပျိုးမြေချဲ့ထွင်ရန်နှင့် ကမ္ဘာမြေကြီး၏ အရွယ်အစားကိုတိုးချဲ့ပြောင်းလဲရန်သည် မဖြစ်နိုင်ပေ။ ထို့ကြောင့် တိုးတက်လာသော လူဦးရေအတွက် လိုအပ်လာမည့် စားနပ်ရိက္ခာဖူလုံရန်သည် အထွက်နှုန်းပိုမိုတိုးတက်စေမည့်နည်းလမ်းများဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်မှသာဖြေရှင်းနိုင်မည်ဖြစ်သည်။ ဆိုရလျှင် ကျေးဇူးရှင်တောင်သူဦးကြီးများ၏လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးသင့်ပေသည်။

သာဓကအနေဖြင့် ကမ္ဘာ့လူဦးရေ ၇ ဒသမ ၃ ဘီလီယံအနက် ၇၉၅ သန်း သည်အာဟာရချို့တဲ့လျက် ရှိကြသည်။ ဆိုလိုသည်မှာ လူကိုးဦးလျှင် တစ်ဦးသည် ကာလရှည်ကြာ အာဟာရချို့တဲ့နေသည်ဟု ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးကခန့်မှန်းထားရှိသည်။ အာဟာရချို့တဲ့သည့် လူဦးရေအများစုသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။ မြန်မာပြည်သူလူထုသည် စားနပ်ရိက္ခာဖူလုံသဖြင့်ကံကောင်းကြပါသည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ် မတ်လ ၂ ရက်နေ့သည် တောင်သူလယ်သမားနေ့ဖြစ်သည်။ ထိုနေ့ထိုရက် ရောက်ရှိတိုင်း မြန်မာနိုင်ငံတစ်ဝန်းတွင် တောင်သူလယ်သမားနေ့အခမ်းအနားများ ကျင်းပခဲ့ဖူးပါသည်။ သို့သော် မျက်မှောက်ကာလတွင် ယခင်လောက်စည်ကားသိုက်မြိုက်စွာကျင်းပခြင်းမရှိတော့ပေ။ အမှန်စင်စစ်မှာမူ ကျေးဇူးရှင်တောင်သူဦးကြီးများသည် အနစ်နာခံနေသူများဖြစ်ကြသည်။ ပြည်သူတစ်ရပ်လုံး စားနပ်ရိက္ခာဖူလုံရေးအတွက် ရွှံ့ဗွက်ထဲတွင် ကျွဲ၊ နွားများနှင့်အတူရုန်းကန်နေကြရသည်။ အနာဂတ်တွင်တိုးပွားလာမည့် လူဦးရေအတွက်စားနပ်ရိက္ခာဖူလုံရေးသည် စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားစုများ ယခုထက်ပိုမိုလိုအပ်လာမည် ဖြစ်သည်။ ထိုသို့လိုအပ်သောစိုက်ပျိုးထုတ်လုပ်မှု စွမ်းအားစုများတိုးတက်လာရေးသည်ကျေးလက်ဒေသရှိ ပြည်သူချစ်သော ကျေးဇူးရှင်တောင်သူဦးကြီးများပေါ်တွင်များစွာတည်မှီလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တောင်သူဦးကြီးများအား နည်းပညာနှင့်ငွေကြေးအပါအဝင် လိုအပ်ချက်မှန်သမျှကို အဘက်ဘက်မှဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ ကျေးလက်နေ ကျေးဇူးရှင် တောင်သူဦးကြီးများအားလုံး သက်ရှည်ကျန်းမာ၊ ချမ်းသာပြီး လူမှုဘဝမြင့်မားလာပါစေဟု စစ်မှန်သော စေတနာဖြင့် ဆန္ဒပြုလိုက်ရပါသည်။ ။

## မိုင်းယောင်းမြို့နယ်ဓာတ်လုံ့စွမ်ယောင်းစေတီတော်မြတ်နှင့် တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးများဖြင့် စည်ကား

**မိုင်းယောင်း မတ် ၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တပေါင်းလပြည့်နေ့ အပါအဝင် အများပြည်သူ ရုံးပိတ်ရက်လေးရက်အတွင်း ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံ့စွမ်ယောင်းစေတီတော်မြတ်နှင့် တန်ခိုးကြီး ဘုရားများ၌ ရုံးဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးရင်း အပန်းဖြေကြသူများနှင့် ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"အခုလို ရုံးပိတ်ရက်လေးရက်အတွင်း မိသားစုဝင်တွေကို ဘုရားဖူးလိုက်ပို့ရင်း ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံ့စွမ်ယောင်းစေတီတော်မြတ်ကို ဖူးမြော်ခွင့်ရတဲ့အတွက် ကျွန်မရဲ့ရင်ထဲမှာ ဝမ်းသာပီတိဖြစ်မိတယ်" ဟု ရပ်ဝေးမှ ဘုရားဖူးလာရောက်သူ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်စံပယ်က ဆိုသည်။

"ကျွန်တော်က တာချီလိတ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးပါ၊ မိုင်းယောင်းမြို့ဟာ မြန်မာနိုင်ငံရဲ့ အရှေ့ဘက်အကျဆုံးမြို့ဖြစ်တဲ့အတွက် စိတ်ဝင်စားနေတာကြာပါပြီ၊ ယခင်က ရှမ်းအရှေ့ရဲ့ စပါးကျီလို့ တင်စားတဲ့မြို့ဖြစ်တာက တစ်ကြောင်း၊ သမိုင်းဝင် ဓာတ်လုံစေတီတော်နဲ့ ရွှေညောင်ပင်တို့ကို ဆောင်းပါးအနေနဲ့ ဖတ်ဖူးတဲ့အတွက် အခုလိုရုံးပိတ်ရက် လေးရက်အတွင်းမှာ ဘုရားဖူးရင်း အပန်းဖြေ ဗဟုသုတရရှိဖို့ လက်တွေ့လာရောက် ခြင်းပါ၊ ပျော်လည်းပျော်သလို နယ်မြေဒေသ အတွေ့ကြုံသစ်လည်း ရပါတယ်" ဟု ဦးကိုကိုအောင်က ပြောသည်။

မိုင်းယောင်းမြို့နယ်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရွှေဆံတော်ရှစ်ပင် ကိန်းဝပ်စံပယ်တော်မူသည့် ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံ့စွမ်ယောင်းစေတီတော်၊ သမိုင်းဝင် ဗောဓိ ရွှေညောင်ပင်(တွန်မိုင်ဆလီခမ်း)နှင့် ဈာန်ရကိုရင်ကြီး(ဖပီလုံပါဝုန်း)တောရကျောင်းတို့၌ ရုံးဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရင်း အပန်းဖြေကြသူများနှင့် ကုသိုလ်ပြုသူများဖြင့် ယခင်နေ့များထက် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။ **ဝေယံလင်း (ပြန်/ဆက်)**

## မုံရွာဝန်းကျင် ထင်ရှားကျော်ကြားသော စေတီပုထိုးများတွင် ဘုရားဖူးများဖြင့် အထူးစည်ကား

**မုံရွာ မတ် ၂**
မုံရွာမြို့ဝန်းကျင်ရှိ ဗောဓိတထောင် မိုးညှင်းသမ္ဗုဒ္ဓေ၊ ရွှေတောင်ဦး ဖိုဝင်တောင် သာစည်မဟာစေတီလှဘုရားများနှင့်အတူ စိန်ဖူးတော်တင်လှူပွဲ ကျင်းပချိန်နှင့် တိုက်ဆိုင်နေသော ကျောက်ကာရွှေဂူနီဘုရားသို့ သွားရောက်ဖူးမြော် လည်ပတ်သူ များပြားလျက်ရှိသည်ကို တွေ့ရသည်။



မုံရွာမြို့ဝန်းကျင်တွင် ထင်ရှားသော ဘုရားစေတီများတွင် လူစည်ကားများပြားသလို မုံရွာမြို့တောင်ဘက်ရှိ စာရေးဆရာကိုတာ၏ ရွာမုံရွေးကျေးရွာ၏ နှစ်စဉ်တပေါင်းလပြည့်ရောက်တိုင်း ကျင်းပသည့် မုံရွေးနတ်ပွဲသို့ အသွားများသလို ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်ဒေသမှ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အမေကြီးပွဲမှာလည်း စတင်နေပြီဖြစ်သောကြောင့် သွားရောက်သူများပြားကြောင်း သိရသည်။

"အရင်ဥပုသ်နေ့တွေထက် ပိုစည်ပါတယ်၊ စနေနဲ့ဥပုသ်ထပ်ရင်လည်း စည်တော့စည်တယ်၊ အခုတပေါင်းလပြည့်က ပိုစည်တယ်၊ နေ့လယ်ပိုင်းဆို တိုးလို့တောင်ပေါက်မှာမဟုတ်ဘူး" ဟု ကျောက်ကာရွှေဂူနီ ဈေးတန်းမှ ငှက်ပျောခြောက်နှင့် ယိုမျိုးစုံရောင်းသူ မအိအိထွန်းက ပြောသည်။

စနေနှင့် ဥပုသ်ဆိုလျှင် ဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်သော ကျောက်ကာရွှေဂူနီ၏ တပေါင်းလပြည့်စည်ကားမှု အခြေအနေကို ဥပုသ်တိုင်း ဘုရားဖူးလာသူ ဘုဘရွာမှ မနှင်းလှိုင်နှင့် ဘုရားရင်ပြင်တွင်တွေ့စဉ် မေးကြည့်ရာ "ကဆုန်လမှာလုပ်တဲ့ ရွှေဂူနီဘုရားပွဲက ရက်ရှည်စည်တယ်၊ အခုတပေါင်းလပြည့်ပွဲက စိန်ဖူးတော်တင်ပွဲနဲ့ တိုက်ဆိုင်နေလို့ စည်တာကလည်းတိုးမပေါက်ပါဘူး"ဟု မုံရွာမြို့နယ် ဘုဘရွာမှ ဘုရားဖူးလာသူ မနှင်းလှိုင်က ပြောသည်။ **သံတိုင်ထွန်း**

## အများပြည်သူရုံးပိတ်ရက်တွင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်မှုများပြား

**မြောက်ဦး မတ် ၂**
ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီတော်များနှင့် ရှေးဟောင်းအနုပညာဗိသုကာလက်ရာများ၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ ကျောက်စာများ၊ ကြွေထည်လက်မှုပစ္စည်းများ၊ ရှေးဟောင်းငွေဒင်္ဂါးပြားများ၊ ခေတ်လေးခေတ်၌ သွန်းလုပ်ခဲ့သော ဗုဒ္ဓဆင်းတုတော်အား အများပြည်သူရုံးပိတ်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဖူးခရီးသွားဧည့်သည်များသည် မြောက်ဦးမြို့ရှိ မာရ်ငါးပါးဖြစ်သော ရတနာ့မာရ်အောင်၊ သက္ကျမာရ်အောင်၊ ဇိနမာရ်အောင်၊ မင်္ဂလမာရ်အောင်၊ လောကမာရ်အောင်ဘုရားများကို သွားရောက်ဖူးမြော်ကြသည်။ ဆက်လက်၍ လက်ဆည်ကန်၊ အနုမကန်၊ နန်းတော်ရာကုန်းနှင့် ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာကြပြီး သျှစ်သောင်းပုထိုးတော်ကြီးလိုဏ်ပတ်အတွင်းရှိ ၅၅၀ ဇာတ်နိပါတ်တော်များ၊ ထုက္ကန်သိမ်ပုထိုးတော်ကြီး လိုဏ်ပတ်အတွင်းရှိ ရှေးခေတ်ဆံထုံးတော်ဆင်ယင်ထုံးဖွဲ့ပုံအဆင့်ဆင့်အား ကျောက်ဆစ်လက်ရာများဖြင့် ထုဆစ်ထားသည့် နံရံထွင်းကျောက်ထွင်းရုပ်လုံးရုပ်ကြွများကို လေ့လာကြည့်ရှုကြသည်။ ထို့နောက် ဘုရားဖူးလာရောက်သော ဦးအောင်ထွန်းက ယခုလို ရှေးဟောင်း အနုပညာလက်ရာများနှင့် ယဉ်ကျေးမှုအမွေအနှစ် လက်ရာများကို လာရောက်လေ့လာခွင့် ရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးဧည့်သည်များသည် နှစ်စဉ်နှစ်တိုင်း အများပြည်သူ ရုံးပိတ်ရက်များတွင် မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများအား လာရောက်လေ့လာ ဖူးမြော်နိုင်ရန်အတွက် မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် လာရောက်လျက်ရှိကြောင်း သိရသည်။ **မြောက်ဦး ခရိုင်ပြန်/ဆက်**

## ပအိုဝ်း အမျိုးသားနေ့အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂**
ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ (၂၁) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကို မတ် ၁ ရက် (တပေါင်းလပြည့်နေ့) မွန်းတည့် ၁၂ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၉ လမ်း၊ ၄၁ လမ်းနှင့် ၄၂လမ်းကြားရှိ ချိန်စီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး လွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခွန်ကျော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသား အလံတို့ကို အလေးပြုပြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှပေးပို့သော သဝဏ်လွှာ၊ ပအိုဝ်းအမျိုးသားအဖွဲ့ခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ဥက္ကာတို့က ပအိုဝ်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာများအား ဖတ်ကြားပြီး ပညာရည်ချွန်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ပအိုဝ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက၊ ခေတ်ပေါ်တေးသီချင်းများဖြင့်ဖျော်ဖြေသည်။ **သီဟကိုကို(မန္တလေး)**

## ဆံတော်ရှင်ဘုရားရှိရာ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ် တပေါင်းပွဲတော်နှင့် ဇွဲကပင်တောင် တက်ရောက်သူများပြား

**ဘားအံ မတ် ၂**
ကရင်ပြည်နယ်၏အထင်ကရ ဘားအံမြို့တွင်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင်အစစ်ကိန်းဝပ် စံပယ်တော်မူသော စေတီတည်ရှိရာ ဇွဲကပင်တောင်အား အစွဲပြု၍ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပေါင်းလပြည့်တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပြီး ဇွဲကပင်တာပေါ်သို့ ပွဲတော်ကာလ တက်ရောက်သူများပြားလျက်ရှိကြောင်း သိရသည်။



ဇွဲကပင်တောင် ဆံတော်ရှင် စေတီတော်သည် ကျိုက်ထီးရိုးစေတီ၊ ဇင်းကျိုက်တောင်စေတီနှင့် မုလအိစေတီတော်များနှင့် ဆက်စပ်လျက်ရှိနေပြီး မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် ရသေ့ညီနောင်နှစ်ပါးက မြတ်စွာဘုရားထံတော်မှ ရရှိခဲ့သော ဆံတော်ခြောက်ဆူအနက် ဇွဲကပင်တောင်စေတီတွင် တစ်ဆူ၊ ကျိုက်ထီးရိုးစေတီတော်တွင် သုံးဆူ၊ ဇင်းကျိုက်တောင်စေတီတွင် တစ်ဆူ၊ ကေလာသတောင်စေတီတွင်တစ်ဆူ ဌာပနာပြု ပူဇော်ခဲ့သည်ဟု သိရသည်။ ဇွဲကပင်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၃၄ ပေမြင့်ပြီး ဘားအံမြို့၏ တောင်ဘက် ခုနစ်မိုင်အကွာ တောင်နှင့် မြောက် မိုင် ၂၀ ခန့်မျှ သွယ်တန်း ရှည်လျားလျက်ရှိပြီး တောင်ခြေမှ တောင်ပေါ်ထိ ပုံမှန်နှုန်းဖြင့် ခြေကျင်တက်ရောက်ပါက နှစ်နာရီကြာမျှ တက်ရကြောင်း သိရသည်။

ဇွဲကပင်တောင်ဆရာတော် ဦးကဝိဇေ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ) အရှင်သူမြတ် ဦးဆောင်ကာ ဇွဲကပင်တောင်တော်ကို သာသနာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ဆံတော်ရှင်အစစ် ကိန်းဝပ်စံပယ်တော်မူသော စေတီတည်ရှိရာ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော်တွင် နှစ်စဉ် တပေါင်းလပြည့်ရောက်တိုင်း တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တပေါင်းပွဲတော်ကာလရောက်တိုင်း အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများ ပြန်လည်ရောက်ရှိလာကြပြီး ဆွေမျိုးသားချင်းများနှင့်အတူ တပေါင်းပွဲတော်အား ဆင်နွှဲခြင်းနှင့် ဇွဲကပင်တောင်တော်ပေါ်သို့ တက်ရောက်လေ့ရှိကြသည်။ တပေါင်းပွဲတော်တွင် တပေါင်းလပြည့်မတိုင်မီ ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ကာ အထူးတရားပွဲများဖြင့် စတင်ခဲ့ပြီး ကရင်၊ ဗမာ၊ မွန်ဇာတ်ပွဲများ ထည့်သွင်းခြင်း၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲများဖြင့် လုမ္ဗိနီဥယျာဉ်တော်အတွင်း စည်ကားလျက်ရှိကြောင်း သိရသည်။


ထို့အပြင် ဇွဲကပင်တောင်ပေါ်သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်နှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများ ဘုရားဖူးရန် နေ့စဉ်တက်ကြသူများ ရှိသော်လည်း ယခုကဲ့သို့ နှစ်စဉ်တပေါင်းလပြည့်နေ့ တပေါင်းပွဲတော်ရက်များတွင် နံနက်ပိုင်းမှစတင်ကာ ညပိုင်းတစ်ညလုံး တက်ရောက်ကြသူများ ပိုမိုများပြားလျက်ရှိသည်။ ဇွဲကပင်တောင် ဆရာတော်ကြီးသည် ဇွဲကပင်တောင်ခြေတွင် လုမ္ဗိနီဥယျာဉ်တော်မှ မြင့်မားမတ်စောက်သော ဇွဲကပင်တောင်ပေါ်သို့ ခုနစ်ရက်သားသမီးများ စေတီတော်အား ပင်ပန်းဆင်းရဲမှုကင်းစွာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် Cable Car စီမံကိန်းကိုလည်း စီစဉ်ဆောင်ရွက်နေလျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့် Cable Car စီမံကိန်းပြီးစီးသွားပါက ဇွဲကပင်ဆံတော်ရှင်စေတီတော်မြတ်ကြီးကို လာရောက် ဖူးမြော်ကြသူများသည် ပင်ပန်းဆင်းရဲမှုမရှိဘဲ Cable Car စီးပြီး အမြင့်မှ ဒေသရှုခင်းများကို ကြည့်ရှုခံစားကာ ဇွဲကပင်ဆံတော်ရှင် စေတီတော်မြတ်ကြီးကို ဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

## သွားနှင့်ခံတွင်း အခမဲ့ကွင်းဆင်းကုသပညာပေး

**ရန်ကုန် မတ် ၂**
Myanmar Dental Council ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်း (ရန်ကုန်တိုင်းဒေသကြီး အသင်းခွဲ) နှင့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးကောလိပ်အဖွဲ့ဝင် ဆရာဝန်များ (IC, Mynmar) ပူးပေါင်းပြီး သွားနှင့်ခံတွင်းဆိုင်ရာ အခမဲ့ကွင်းဆင်းကုသပညာပေးခြင်းအား Popular Plastic Group ၏ ပံ့ပိုးကူညီမှုဖြင့် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဒဂုံဆိပ်ကမ်းစက်မှုဥယျာဉ် (ကျိုစု) ရှိ စက်မှုဇုန်စီမံခန့်ခွဲမှုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းမိသားစုများ၊ ရပ်ကွက်နေပြည်သူများနှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများ အင်အား ၃၀၉ ဦးလာရောက်ပြသ၍ သွားနုတ်ခြင်း၊ သွားဖုံးရောဂါ၊ သွားပိုးစားရောဂါများအား ပါမောက္ခဒေါက်တာ ပိုင်စိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ)၊ ဒေါက်တာ မျိုးသန့် [ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အဖွဲ့ဝင် ဆရာဝန်များ (ICD, Myanmar)]၊ ဒေါက်တာ နိုင်ထွန်းသွင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ) မှ ဦးစီး၍ အင်အား ၃၈ ဦးဖြင့် ကုသပေးခဲ့ပြီး တက်ရောက်လာသူများအား သွားတိုက်ဆေးနှင့် သွားတိုက်တံများပေးအပ်ခဲ့သည်။ **မောင်ဇော်**

# အများပြည်သူ ရုံးပိတ်ရက်များတွင် ကရင်ပြည်နယ်အတွင်း ဘုရားဖူးများစည်ကား



**ဘားအံ မတ် ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ စေတီပုထိုးများနှင့် ဂူဘုရားများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ဝန်ထမ်းတွေပါ၊ ရုံးပိတ်ရက်က လေးရက်ဆိုတော့ မိသားစုလိုက် ဘုရားဖူးရင်း၊ လည်ပတ်ရင်း ထွက်လာတာပါ။ ကရင်ပြည်နယ်က လည်ပတ်ရမယ့် နေရာပို များတာလည်း ပါတယ်။ ဒါကြောင့် ရုံးပိတ်ရက်မှာ ကရင်ပြည်နယ်ကို ဘုရားဖူးခရီးစဉ်အဖြစ် ရွေးချယ်လိုက်တာပါ" ဟု ရသေ့ပုံဂူဘုရားသို့လာရောက်ဖူးမြော်ရန် ရောက်ရှိလာသည့် ကိုဖြိုးက ပြောသည်။

ဘားအံမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ ဖြစ်သော ဇွဲကပင်ဆံတော်ရှင် ကျောက်ကလပ်စေတီ၊ ရွှေရင်မျှော်ဘုရား၊ သေဠမာရ်အောင်ဘုရား၊ မုလအိဆံတော်ရှင်၊ လွန်းညစေတီတို့အပြင် ထင်ရှားသည့် ဂူဘုရားများဖြစ်သည့် ဘုရင့်ညီဂူ၊ ရသေ့ပုံဂူ၊ ကော့ဂွန်းဂူ၊ ဆဒ္ဒန်ဂူ၊ လင်းနို့ဂူ၊ ကော့ကသောင်ဂူ၊ ဝဲပုံဂူတို့ အပါအဝင်အပန်းဖြေစရာနေရာ များဖြစ်သည့် ချစ်သူမြိုင်ပန်းခြံ၊ ကန်သာယာနှင့် ရေတံခွန် များအပြင် ဇွဲကပင်တောင်ရှိ အပျော်စီးကေဘယ်လ်တို့ မှာလည်း ခရီးသွားလုပ်ငန်းကို ဆွဲဆောင်မှုရှိစေသည့် ထင်ရှားသည့်နေရာများဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့က ရန်ကုန်လှိုင်သာယာက အထည်ချုပ်စက်ရုံ ကနေ သူငယ်ချင်းတွေစုပြီး လာလည်တာလေ၊ ကရင်ပြည်နယ်မှာက လည်ပတ်စရာများပေမယ့် ရုံးပိတ်ရက်လေး အိမ်ပြန်ချင်တာလည်းပါလို့ နေ့ချင်းပြန်လာခဲ့တာ၊ ဘားအံမြို့အနီးက နေရာတွေပဲ သွားနိုင်ခဲ့တယ်"ဟု ဘုရားဖူးလာသူ အထည်ချုပ်စက်ရုံဝန်ထမ်း မမော်ကပြောသည်။

ကရင်ပြည်နယ်အတွင်း ဘုရားဖူးလာသူများအနေဖြင့် ဒုံသမိတံတားကို ဖြတ်ပြီးပါက ပထမဆုံးဘုရင့်ညီဂူဘုရား ပြီးရင် မြိုင်ကလေးကျော်၍ သံလွင်တံတားမရောက်ခင် ညာဘက်လမ်းခွဲမှ ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူသို့ သွားရောက်နိုင်ပြီး ယင်းမှတစ်ဆင့် ဘားကပ်ရွာဟောင်းဘက်ရှိ ဘားကပ် လင်းနို့ဂူသို့ သွားရောက်နိုင်သည်။

ထို့နောက် သံလွင်တံတားကျော်လာပြီး ဘားအံမြို့ အတွင်းသို့ မဝင်ရောက်သေးဘဲ ကော့ကျိုက်ရွာလမ်းဆုံမှ ကျောက်ကလပ်ဘုရားနှင့် ဇွဲကပင်ဆံတော်ရှင်ဘုရားသို့ ဖူးမြော်နိုင်ပြီး သဘာဝစိမ့်စမ်းရေကူးကန်နှင့် ချစ်သူ့မြိုင် ပန်းခြံတွင် ခရီးတစ်ထောက်အနားယူအပန်းဖြေနိုင် သည်။

ထိုမှတစ်ဆင့် နောင်လုံတောင်ကြားအတိုင်း အိန္ဒုရွာ အရောက် သာမည ကော့ကရိတ်နှင့် မြဝတီမြို့များသို့သွား ရောက်နိုင်သလို အိန္ဒုရွာလမ်းခွဲမှ မော်လမြိုင်ဘက်သို့ လမ်းညွှန်အတိုင်းဆက်သွားပါက ရွှေ့အနီးအနား၌ပင် အပါယ်ပိတ်ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင်ဆဒ္ဒန်ဂူဘုရား သို့ သွားရောက်နိုင်မည်ဖြစ်ပါသည်။

ထို့နောက်ဆဒ္ဒန်ဂူမှဘားအံမြို့တွင်းပြန်လာ မည်ဆိုပါက လည်းလွန်းညစေတီနှင့် လွန်းညရေပြာအိုင်သို့ ဝင်ရောက် နိုင်ပြီး ဘားအံအဝင်ကော့ကသောင်ကျေးရွာရှိ သမိုင်းဝင် ကော့ကသောင်ဂူဘုရားနှင့် ရတနာလိုဏ်ဂူဘုရားများသို့ ဝင်ရောက်ဖူးမြော်ကာ ဘုရားပရဝဏ်အတွင်းရှိသဘာဝ စိမ့်စမ်းရေကူးကန်တွင် ရေကူးအပန်းဖြေကာ ရိုးရာ စားသောက်ဖွယ်ရာအမျိုးမျိုးကိုလည်း သုံးဆောင်နိုင် ကြောင်း သိရသည်။

ထိုမှဘားအံမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်လျှင် ရွှေရင်မျှော်ဘုရား၊ သေဠမာရ်အောင်ဘုရားတို့ကို ဝင် ရောက်ဖူးမြော်ပြီး ညဦးပိုင်းတွင် ဘားအံမြို့ ကျက်သရေဆောင် ကန်သာယာနှင့် ဇွဲကပင်အလှကို ခံစားကာ ကန်သာယာညဈေးတန်းတွင် လည်ပတ်စား သောက်ကြခြင်းဖြင့် အပန်းဖြေနိုင်သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ သာယာလှပသော ကျုံထော် ရေတံခွန်သို့သွားရောက်နိုင်ပြီး ကျုံထော်ရေတံခွန်သို့သွား မည်ဆိုလျှင် လှိုင်းဘွဲ့လမ်းဂွအဝိုင်းမှ ရွှေဂွန်းလမ်းအတိုင်း သွားရောက်ရာမှ မြိုင်ကြီးငူကျော်ပြီးပါက ကျုံထော်ရေတံခွန် ရောက်ရှိမည်ဖြစ်ကာ ကျုံထော်မှအပြန် မြိုင်ကြီးငူအထူး ဒေသရှိ စိန်ပန်းမြိုင်ဆည်၏ ရှုခင်းအလှ ကြည့်ရှုနိုင်သည့် အပြင် မြိုင်ကြီးငူဆရာတော်ကြီး၏မြသပိတ်ဌာပနာထား သည့် နန်းဦးဆုတောင်းပြည့်ဘုရားနှင့် ဘေသဇ္ဇမုနိ ကြေးသွန်းဘုရားကြီးကို ဖူးမြော်နိုင်ပြီး သံလွင်မြစ်သဘာဝ အလှများအား ဘုရားရင်ပြင်ပေါ်မှခံစားနိုင်သည့် အပြင် ဘုရားအတွင်း ပန်းချီကားများရှိ ကမ္ပည်း၊ ပန်းချီကားများ ကိုလည်း စိတ်ဝင်စားဖွယ် ကြည့်ရှုဖတ်ရှုနိုင်သည်။

ထိုမှတစ်ဖန် မြိုင်ကြီးငူအထွက်တွင် ရေပြန်ကျွန်းဆု တောင်းပြည့်ဘုရားကြီးဖူးရင်း သဘာဝတောတောင် သဘာဝအလှတွေ ကြည့်ရှုခံစားကာ ဘားအံအပြန်ခရီး တွင် တစ်ခင်းလုံကျေးရွာရှိဖဒိုဂူဘုရားနှင့် ဘားအံမြို့တောင် ကလေးမြစေတီဘုရားကို ဖူးမြော်နိုင်ပြီး တောင်ဝိုင်း တောင်သို့လည်း သွားရောက်ကာ သဘာဝရှုခင်းများအလှ များကို တောင်ထွတ်ပေါ်မှ ခံစားရင်း သာယာလှပသော ရှုမျှော်ခင်းများကို မိုးပျံသံလှေကားတွင် အမှတ်တရအလှပုံ များဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်သည်။

မြဝတီမြို့နယ်ထဲက မုလအိဆံတော်ရှင်တောင်သို့လည်း ကောင်း၊ သံတောင်ကြီးမြို့နယ်မှ နော်ဘူဘောဆုတောင်း တောင်သို့လည်းကောင်း၊ မုလအိတောင်တက်၍ ဆံတော်ရှင်ဘုရားသို့လည်းကောင်း လည်ပတ်နိုင်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ပဲခူးမြို့ သမိုင်းဝင်ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော် ကုသိုလ်ပြုသူများပြား



**ပဲခူး မတ် ၂**

ရုံးပိတ်ရက်ဆက်တိုက် လေးရက်အနက် ဒုတိယ ရက်ဖြစ်သော မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင်လည်း ပဲခူးမြို့ရှိ သမိုင်းဝင်ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်မှ လာရောက် ဖူးမြော်ကြည်ညိုကုသိုလ်ပြုသူ များပြားလျက်ရှိသည်။

ဆေးတက္ကသိုလ်(၁)ခန္ဓာဗေဒဌာန ကထိက ဒေါက်တာထင်လင်းက "ဗုဒ္ဓဘာသာတွေအနေနဲ့ ကတော့ ဒီလိုမျိုးအားလပ်ရက်ရတယ် ဆိုရင်တော့ မိသားစုအလိုက်၊ အဖွဲ့အစည်းအလိုက်ဘုရားဖူး ထွက်ကြတယ်၊ ဝမ်းသာကြည်နူးမှုလည်းဖြစ်ရတယ်၊ ဝန်ထမ်းတွေဖြစ်နေတော့ ပဲခူးမြို့ကိုလည်း တော်ရုံ မရောက်ဖြစ်ဘူး၊ အားတဲ့နေ့ ဒီလိုပိတ်ရက်လေးမှာ မိသားစုနဲ့အတူ ဘုရားဖူးထွက်လာတာပါ။ ဘုရား တွေမှာ စည်ကားသပ်ရပ်နေတာ တွေ့ရတော့ ဝမ်းသာ ပီတိဖြစ်ရပါတယ်။ ကမ္ဘောဇသာဒီနန်းတော် လို လေ့လာစရာ နေရာမျိုးတွေ ရှိသည့်အတွက် ပြည်တွင်း/ပြည်ပဧည့်သည်တွေအနေဖြင့် ပဲခူးမြို့ကို လာရောက်စေချင်ပါတယ်" ဟု ပြောကြားသည်။

ပဲခူးမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စက်ရုံ အလုပ်ရုံလုပ်သားများ၊ ပြည်သူများသည် ပိတ်ရက် ရှည်တွင် အခြားမြို့များ၊ ဒေသများရှိသမိုင်းဝင် ဘုရားများအား သွားရောက်ဖူးမြော်ကြသလို အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့များရှိပြည်သူများက လည်း ပဲခူးမြို့သို့ လာရောက်ကာ သမိုင်းဝင်စေတီ ပုထိုးများအား လေ့လာခြင်း၊ ဘုရင့်နောင်မင်း တရားကြီးက မွှောဇသာဒီနန်းတော်ကိုလေ့လာခြင်း၊ မဇင်းဆည်နှင့် ဝင်ဘော်ဆင်စခန်းများသို့ လာရောက် လေ့လာအပန်းဖြေခြင်းများ ပြုလုပ်ကြသည်။

ရန်ကုန်မြို့နေ ဒေါ်ခင်ခင်အေးက "ကျွန်မ သမီးလေးတွေ ရုံးလေးရက်တောင် ပိတ်တာ ဆိုတော့ မိသားစုအလိုက် ဘုရားလာဖူးတာပါ၊ တစ်နှစ် တစ်ခါလာဖြစ်ပါတယ်။ ဒီမှာကတော့ ရန်ကုန်နဲ့ မတူဘူး၊ ရွှေသာလျောင်းဘုရားရောက်ရင် သနပ်ခါး တုံးတွေဝယ်တယ်၊ ကောက်ညှင်းထုပ်တို့ မြေပဲယို တို့က စားကောင်းတဲ့အတွက် ရောက်တိုင်းဝယ် ဖြစ်တယ်။ ပြီးတော့ပဲခူးအပြန်လက်ဆောင် အနေနဲ့ ပဲခူးဒေသထွက် ငါးချဉ်လည်းဝယ်ကြတယ်၊ အန်တီ တို့က အိမ်ကနေပြီး ထမင်းတစ်ခါတည်း ချက်ထည့် လာတယ်၊ သစ်ပင်အရိပ်ကောင်းကောင်း တစ်နေရာ မှာ ပျော်ပျော်ပါးပါးဝိုင်းဖွဲ့စားကြမယ်၊ ပြီးရင် ပဲခူးမြို့ မှာရှိတဲ့ ဘုရားတွေအကုန်လုံးကို လိုက်ဖူးမယ်၊ ဒါကြောင့်အနယ်နယ်အရပ်ရပ်က မရောက်ဘူး သေးတဲ့သူတွေ ပဲခူးမြို့လာရောက်ခဲ့ကြဖို့ ဖိတ်ခေါ် ပါတယ်" ဟု ပြောသည်။

**တင်စိုး(ပဲခူး)**

## ပဒါးညေးကျေးရွာတွင် ပအိုဝ်းအမျိုးသားနေ့ ကျင်းပ

**လွိုင်ကော် မတ် ၂**

ကယားပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများ၏ (၆၉) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ပွဲတော်ကို မတ် ၁ ရက် နံနက် ၈ နာရီက လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု ပဒါးညေးကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကား ပြောကြားပြီး ပအိုဝ်းအမျိုးသားခေါင်းဆောင်ကြီး အဂ္ဂမဟာ သီရိသုဓမ္မ မဏိ ဇောတဓရ ဝဏ္ဏကျော်ထင် ဦးအောင်ခမ်းထီနှင့် ပအိုဝ်းအမျိုးသားနေ့ ကျင်းပ ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းကိုတို့က ပေးပို့လာသည့် သဝဏ်လွှာတို့ကို ဖတ်ကြားခဲ့ကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းအမျိုးသားနေ့ ကျင်းပရာတွင် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ပအိုဝ်းတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြ သည်။

**ပြည်နယ်(ပြန်/ဆက်)**



ရုံးပိတ်ရက်ရှည်ကာလဖြစ်သည့် မတ် ၂ ရက်တွင် ငွေဆောင်ကမ်းခြေရှိချစ်သူများကျွန်း၊ မြွေကျွန်း၊ ငှက်ကျွန်း၊ ကျောက်မောင်နှမ ဘုရားနှင့် ကမ်းခြေတစ်လျှောက်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**မူမူ (ပြန်/ဆက်)**

## ပြည်ထောင်စုတရားသူကြီးချုပ်၏လမ်းညွှန်ချက် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ထူးချွန်ဆုများ ချီးမြှင့်

**ဘားအံ မတ် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်များအား ကရင်ပြည်နယ်တရားလွှတ်တော်၌ ထပ်ဆင့် ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ဘားအံမြို့ ကရင်ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက နေပြည်တော်တွင် ပြုလုပ်ခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ (၁၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှစ်ဦးက တရားစီရင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်းက တရားရုံးစီမံခန့်ခွဲရေး လုပ်ငန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ခရိုင်နှင့်မြို့နယ် တရားသူကြီး များက တွေ့ကြုံရသည့် တရားစီရင်ရေးများနှင့် ရုံးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)ဆိုင်ရာညှိနှိုင်းခြင်းကို ဆက်လက် ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြင့်တင်ရေးမွမ်းမံသင်တန်းတွင် ထူးချွန်ဆုရရှိသူများနှင့် အခြားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# တေလာဆွစ်၏ နယ်လှည့်ဖျော်ဖြေပွဲအဖွင့်မှာ ကမ်မီလာကပ်ဘဲလိုနှင့် ချာလီအက်ဇ်စီအက်ဇ်တို့ ပါဝင်မည်



နာမည်ကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲ အစီအစဉ်တွေနဲ့ပတ်သက်ပြီး လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ တေလာဆွစ်က သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အဖွင့်မှာ အခြားသော နာမည်ကျော်တွေဖြစ်ကြတဲ့ ကမ်မီလာကပ်ဘဲလိုနဲ့ ချာလီအက်ဇ်စီအက်ဇ်တို့ ပါဝင်သွားမှာဖြစ်ကြောင်း ပရိသတ်တွေကို ထုတ်ဖော်အသိပေးလာခဲ့တာ ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁ ရက်မှာ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဒီလိုထုတ်ဖော်ပြောကြားခဲ့ရာမှာလည်း တေလာဆွစ်က သူ့အနေနဲ့ နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်ကာ ပရိသတ်တွေနဲ့ တွေ့ဆုံရတော့မယ့်အရေးကို စိတ်လှုပ်ရှားနေမိကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။



# လီစိုးဝန်ရဲ့ ရုပ်ရှင်သစ် About Time

ဆေးပညာရပ်အကြောင်းကို သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်းနဲ့ တွဲဖက်ပုံဖော်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Hospital Ship(ဆည်းဆာရောက်လှျင်)"မှာ ပါဝင်သရုပ်ဆောင်ခဲ့ရင်း ပရိသတ်တွေရဲ့ အသိအမှတ်ပြုမှုကို ရရှိထားတဲ့ လီစိုးဝန်ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီစိုးဝန်ဟာ tvN ရုပ်သံလိုင်းက ရိုက်ကူးပုံဖော်သွားမယ့် ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်ပြီး ယင်းဇာတ်လမ်းတွဲရဲ့ အမည်အပြည့်အစုံကတော့ "The Moment You Want To Stop: About Time" ဖြစ်ပါတယ်။

သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာအိမ်ရာ၊ တိုက်(B8)၊ အခန်း(001)နေ (ဦးသောင်းရှိန်-ဒေါ်ရင်ရွှေ)တို့၏သား၊ (ဦးကျော်စိန်-ဒေါ်ရင်ကြည်)တို့၏ သားသမက်၊ (ဦးငွေနိုင်)-ဒေါ်ထွေးရီ၊ ဦးသူရ-ဒေါ်တင်နွဲ့၊ ဦးရင်သန်းဇော်-ဒေါ်မြတ်မွန်၊ (ဦးရန်နိုင်-ဒေါ်နွယ်)၊ (ဦးတင်နိုင်)၊ ဦးကျော်ဆန်းဝင်း-ဒေါ်ငွေငွေမွန်၊ ဦးမင်းနိုင်-ဒေါ်အိအိချော၊ ဦးအောင်ကျော်မြင့်-ဒေါ်စန္ဒာမွန်တို့၏ အစ်ကို၊ ဦးမျိုးလှိုင်-ဒေါ်ခင်လေးဦး၊ မောင်မင်းကိုနိုင်-မနုနန္ဒာထွေး၊ မောင်အောင်စည်၊ မောင်ရဲနိုင်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်သီဟဇော်၏အဘိုး၊ (ဒေါ်မလေး)၏ ခင်ပွန်းသည် ၁-၃-၂၀၁၈ ရက် နံနက် ၉း၀၄ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၈ ရက် ညနေ ၆ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်(သနပ္ပင်မြို့) အသက် (၉၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့၊ ဉာဏ်ကျွန်းကျေးရွာနေ (ဦးချစ်လှ-ဒေါ်အေးတင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၉)နေ (ဦးဘရှိန်)၏ဇနီး၊ ဦးခွေး-ဒေါ်စန်းကြည်တို့၏အစ်မကြီး၊ ဦးဟန်ရွှေ(ဒု-ဥက္ကဋ္ဌ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဒေါ်မြကြိုင်၊ ဦးဝင်းမြင့်-ဒေါ်အေးအေး၊ ဦးဆာထွန်း၊ ဒေါ်တူးတူး၊ ဦးသိန်းထွန်း-[ဒေါ်ခင်မာမူ(ခ)မူမူအောင်]တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်ကြည်သည် ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၄၊ အခန်း ၉ နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း မယ်တော်ကြီး
## ဒေါ်လှရွှေ (၉၅)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ စျေးတန်းလမ်း(ဒွေးညီနောင်သက်န်းတိုက်)နှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီ (၆)ရပ်ကွက်၊ ခြံအမှတ်(၂၁/A)နေ (ဦးဘသန်း-ဒေါ်နှင်းဘွား)တို့၏ သမီး၊ (ဦးသင်းမောင်)၏ဇနီး (ဓမ္မဂုဏ်ရောင်) ဆရာတော်မဟာစည်နာယက၏ မယ်တော်ကြီး၊ [ဒေါ်အေးသန်း(အင်ဂျင်နီယာ၊ ပုလဲနှင့်ငါး-ငြိမ်း)]၊ [ဦးဘဆင့်(အင်ဂျင်နီယာ၊ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်အေးသိန်း]၊ ဦးကျွန်းကို-ဒေါ်ထားကြည်၊ ဦးမျိုးလွင်-ဒေါ်ဝါဝါလွင်တို့၏ မွေးသမိခင်၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း)-ဒေါ်စောသွင်တို့၏အစ်မ၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်လှရွှေသည် ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၉ နာရီတွင် (၂၁/A)၊ သုခဝတီ ရန်ကင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သုခဝတီ ၆ ရပ်ကွက်၊ ခြံအမှတ် ၂၁/က နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေးကျော်(လက်ပံတန်း)
### လေ/၆၆၄၆၊ အရခဗ (ငြိမ်း)၊ (၅၀၂) လေတပ်
## အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ တိုက်(၁၀၂)၊ (၁၀၁)လမ်း၊ အခန်း(၅)၊ သုံးလွှာ၊ စည်ပင်အရာရှိအိမ်ရာနေ ဦးထွန်းအုံး-ဒေါ်အုန်းကြင်တို့၏သားထွေး၊ (ဒေါ်လှလှမြိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ငွေ(မြို့တော်စည်ပင်)-ဒေါ်မြသက်ဦး(ဆသရ-ငြိမ်း)၊ ဦးသိန်းတိုး(လေတပ်)-ဒေါ်ရီရီအေး၊ ဦးစိုးသိန်း-ဒေါ်အေးအေးကြွယ် (ဒေဝူး-ငြိမ်း)၊ (ဦးဝင်းမင်း)၊ ဒေါ်အေးအေးသွယ်တို့၏ ချစ်လှစွာသောမွေးသဖခင်ကြီး၊ မောင်စည်သူဖြိုး(ဆသရ)-မခိုင်မွန်ကျော်၊ ဗိုလ်ကြီးသက်ဇော်(၃၃၃-ဆေးရုံ)-မခိုင်ရင်ကျော်၊ မောင်ဇော်မျိုးဦး(မှော်ဘီလေတပ်)-မကြိုးကြာ၊ မောင်သန့်ဇင်အောင် (မှော်ဘီလေတပ်)-မမီးမီး၊ မသင်းသင်းအေး၊ မောင်မင်းခန့်စိုးတို့၏ ချစ်လှစွာသောအဘိုး၊ မြစ်ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၃-၂၀၁၈ (သောကြာနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရိပ်သာ ဒါယကာကြီး
## ဦးစိုးမြင့်(ရေခဲ) (၈၁)နှစ်
### မြိတ်၊ မော်ကျွန်း

ရန်ကုန်မြို့ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၁၀၄)၊ ပထမထပ်နေ (ဦးဘဝါ-ဒေါ်သန်းကြည်)တို့၏ ဒုတိယသား၊ (ဦးခဲတန်-ဒေါ်စား)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း၏ ခင်ပွန်း၊ ဦးသန်းထွန်း(သစ်စက်)၏ ညီ၊ [ဦးထွန်းလှအောင်(မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)-ဒေါ်ချစ်တင်(မြန်မာ့ စိုက်ပျိုးရေးဘဏ်-ငြိမ်း)]၊ ဦးခင်လှိုင်(စာရင်းစစ်ချုပ်ရုံး-ငြိမ်း)-ဒေါ်သက်သက်နွယ်တို့၏ အစ်ကို၊ ဗိုလ်မှူးအောင်မင်းနိုင်-ဒေါ်စိုးကလျာ၊ ဒေါက်တာဒေါ်ဇင်မင်းစိုး (မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ကျွန်းစုမြို့နယ်)၊ ဦးအောင်ကျော်မိုး-ဒေါ်သီဂီစိုး (ခေတ္တ-စင်ကာပူ)၊ ဦးစိုးဝင်းထွန်း၊ ဦးနေဝင်းစိုး-ဒေါ်သူဇာမြင့်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂-၃-၂၀၁၈ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၃-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မြင့်(မိ) (ပဲခူး) (၇၉)နှစ်

ပဲခူးမြို့နေ (ဦးစံရွှေ-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဒေါ်ခင်ထား)၊ (ဒေါ်ခင်ကြွေ)၊ (ဗိုလ်ကြီးမျိုးညွန့်)၊ ဒေါ်ခင်အိတို့၏ညီမ၊ ဦးဝင်းရွှေ(ဌာနခွဲမှူး-ငြိမ်း၊ မြို့တော်စည်ပင်)-ဒေါ်မြင့်မြင့်၊ ဦးမြင့်ရွှေ(ဌာနခွဲမှူး-ငြိမ်း၊ စက်မှု-၁)-ဒေါ်မေစီတို့၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၇၂၉)နေ (ဦးထွန်းသိန်း)၏ဇနီး၊ Dr.မျိုးလွင် (ပါမောက္ခ၊ ရူပဗေဒဌာန၊ စစ်တွေတက္ကသိုလ်)-Dr.ခင်စန္ဒာထွန်း(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဦးမျိုးမင်းထွန်း(အုပ်ချုပ်ရေးမှူး၊ ဆိပ်ကမ်းမြို့နယ်စည်ပင်၊ YCDC)-ဒေါ်စိုးစိုးနွယ်၊ ဦးအောင်မင်းထွန်း (Bintang Subsea Myanmar) တို့၏ မိခင်၊ ကိုကောင်းမြတ်လွင်(nexlabs)၊ မကြယ်မှူးဝေ(စတုတ္ထနှစ်-မြန်မာစာ)၊ မောင်ကြယ်မင်းခေါင်(ထ-၂၊ ဒဂုံ)တို့၏အဘွား ဒေါ်ယဉ်ယဉ်မြင့်(မိ)သည် ၁-၃-၂၀၁၈ရက် ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထွေးကြည်(ကျန်းမာရေး-ငြိမ်း၊ သပြူ) အသက် (၇၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြူကျေးရွာနေ (ဦးပွကြီး-ဒေါ်မေ)တို့၏သမီးထွေး၊ (ဦးထွန်းမင်း-ဒေါ်အေး)တို့၏ သမီးချွေးမ၊ (ဦးကျော်လှ-ဒေါ်အုန်းတင်)၊ (ဦးအောင်သန်း-ဒေါ်ဝဲ)၊ (ဦးသောင်းအေး-ဒေါ်သဲ)၊ (ဦးသိန်းအောင်)-ဒေါ်ကြင်လှ၊ ဦးဖိုးမှတ်-ဒေါ်ခင်ရွှေ၊ (ဦးဖိုးထပ်-ဒေါ်သောင်းဖဲ)-ဒေါ်မြမြဝင်းတို့၏ညီမ၊ ဦးခင်မောင်ငွေ(ခ)ဦးလေးကြီး(အမက-မကြက်ကလေး)-ဒေါ်စန်းစန်းရီ(ငြိမ်း)၊ ဒေါ်ဝင်းဝင်းစိုး၊ ဦးတင်မောင်ဝင်း-မခင်မော်မော်အေး (ဇဝနရပ်ကွက်)၊ ဦးဗိုလ်ဗိုလ်အေး-မခင်ဝင်းမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးတင်အေး)၏ဇနီးသည် ၁-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၅၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၁၈(စနေနေ့) ညနေ ၃နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဇဝနရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် သပြူကျေးရွာနေ (ဦးတင်အေး-ဒေါ်ထွေးကြည်)တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးတင်(မြိတ်) အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၉၂)၊ ဇေယျာလမ်း၊ (၁၈/စီ)ရပ်ကွက်နေ ဦးစိန်ငွေး၏ဇနီး၊ ဒေါ်ချောချောစု၊ ဦးကျော်ကျော်ဝင်း-ဒေါ်စန္ဒာထွန်း၊ ဗိုလ်မှူးဇော်ဇော်လင်း-ဒေါက်တာဇာဇာစိုးတို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၁-၃-၂၀၁၈ ရက် ညနေ ၅း၅၀ နာရီတွင် O.S.C ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား ဒါယကာ
## ဦးထိန်ဝင်း(ခ)ဦးဖိုးကြီး (၇၁)နှစ်
### လောကမာန်အောင်မြတ်စွာဘုရားကြီး
### (ပိဋကတ်သုံးပုံကျောက်စာတော်များတည်ရှိရာမဟာသံတန်ဆောင်းတော်ကြီး)
### ဂေါပကအတွင်းရေးမှူး
### ကုန်သွယ်လယ်ယာ(ငြိမ်း)

အဖျောက်မြို့နေ (ဦးညီလေး-ဒေါ်မြကြည်)တို့၏ သား၊ (ဦးအောင်လှ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ (ဒေါ်ခင်ဆွေမြင့်-ဦးစိုးမြင့်)တို့၏မောင်၊ (ဦးအုံးကျော်)-ဒေါ်စန်းနွဲ့၊ ဦးတင်ဝင်း(ခ)ဦးတီးတို့၏ ညီ၊ ဒေါ်စောမြင့်၏ ခင်ပွန်း၊ ဒေါ်အေးမွန်မွန်ဝင်း-ဦးဇော်မျိုးအောင်၊ ဦးအောင်ဇေဝင်း-ဒေါ်ခင်စောလွင်၊ ဦးကျော်ဇောဝင်း-ဒေါ်စံပယ်၊ ဦးကြည်ဇော်ဝင်း-ဒေါ်အိသန္တာနိုင်တို့၏ ဖခင်၊ ဒေါ်ခင်နှင်းမူ၊ ဦးအေးကိုကို-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ခင်သီတာစိုး၊ ဒေါ်ခင်မီမီစိုး-ဦးလွင်အောင်တို့၏ လေးလေး၊ မအေးချမ်းမိုး၊ မစောလဲ့နန္ဒာဝင်း၊ မနဒီဝင့်ဇော်၊ မစုလတ်နွယ်၊ မောင်လမင်းမောင်မောင်တို့၏ ဘိုးဘိုးကြီးသည် ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဖျောက်မြို့အောက်ပိုင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးမင်းထွန်း အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၄)လမ်းရှေ့၊ အမှတ်(၃၅)နေ [ဦးထွန်းနု (သတင်းထောက်-ငြိမ်း၊ သတင်းစဉ်)]-ဒေါ်အေးအေးမြင့်တို့၏သား၊ ဦးလှနိုင်-ဒေါ်ခိုင်သဇင်ထွန်း၊ ဦးသန်းထွန်းအောင်ဗိုလ်-ဒေါ်ချယ်ရီထွန်းတို့၏ ညီ/မောင်၊ မောင်နေမင်းအုပ်(တပ်မတော်ရေ)၊ မောင်လှဝင်းထွန်း-မအင်ကြင်းနိုင်၊ မောင်ဇေမင်းအုပ်၊ မောင်ညီလင်းနိုင်တို့၏ ဦးလေး၊ ဦးစိုးမင်းထွန်း (တပ်မတော်သင်္ဘောဆေးစက်ရုံ)သည် ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၁၀း၅၀နာရီတွင် ရန်ကုန်အထူးကုဆေးရုံသစ်ကြီး ခုတင် ၅၀၀ ၌ ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# မန္တလေးမြို့တွင် ရုံးပိတ်ရက်ရှည်ကာလများ၌ တန်ခိုးကြီးဘုရားများနှင့် အပန်းဖြေစခန်းနေရာများတွင် ပြည်တွင်းခရီးသွားများ အထူးစည်ကားနေ



ရွှေစာရံဘုရားပွဲတော်လာရောက်သူများ ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် အပန်းဖြေပျော်ပါးနေကြစဉ်။

**မန္တလေး မတ် ၂**

မန္တလေးမြို့တွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း ကုသိုလ်ပြုဘုရားဖူးရန်နှင့် အပန်းဖြေအနားယူရန် အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွားများ ဝင်ရောက်လာမှုကြောင့် တန်ခိုးကြီးဘုရားများနှင့် အပန်းဖြေစခန်းရှိရာနေရာများတွင် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ရုံးပိတ်ရက်ရှည်ရရှိသဖြင့် လွတ်လပ်ပေါ့ပါးစွာ ထွက်ခွာလာကြသည့် ပြည်တွင်းခရီးသွားများသည် မန္တလေးမြို့ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများဖြစ်သော မဟာမုနိ၊ မန္တလေးတောင်၊ ကျောက်တော်ကြီးနှင့် ကုသိုလ်တော်ဘုရားများသို့ အများဆုံးသွားရောက်ဖူးမြော်၍ ကုသိုလ်ပြုလှူဒါန်းမှုများ ပြုလုပ်ကြကြောင်း သိရသည်။

"ကုသိုလ်တော်ဘုရားကို ဘုရားဖူးတွေ ပုံမှန်လာကြပေမယ့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်တဲ့အတွက် နိုင်ငံခြားသားတွေပိုပြီး အလာများတယ်၊ ပြီးခဲ့တဲ့လကစပြီး ပိတ်ရက်တွေမှာ ပြည်တွင်းဘုရားဖူးတွေ ကားကြီး၊ ကားငယ်တွေနဲ့ လာရောက်ကြတာကို တွေ့ရတယ်၊ ပြည်တွင်းက ဘုရားဖူးတွေအလာများတဲ့အတွက် ကျွန်မတို့ပန်းတွေ ပိုပြီးရောင်းကောင်းတယ်" ဟု ကုသိုလ်တော်ဘုရားမှ ကြာပန်းရောင်းသူတစ်ဦးက ပြောသည်။

ယခုရုံးပိတ်ရက်ရှည်ကာလသည် မန္တလေးမြို့ ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် တပေါင်းလပြည့်နေ့မှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❋**



# လူရည်ချွန်သဇင်လှုပ်ရှားမှုအဖွဲ့မှ ကျောက်ဖြူဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေး

**ကျောက်ဖြူ မတ် ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့၏ လူရည်ချွန်သဇင်လှုပ်ရှားမှုအဖွဲ့မှ ယနေ့နံနက်ပိုင်းမှ စတင်ကာ ကျောက်ဖြူဒေသခံ ပြည်သူများအား ဆေးဝါးများအခမဲ့ကုသပေးခြင်း၊ ပညာရေးဆိုင်ရာလှူဒါန်းမှုနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

လူရည်ချွန်သဇင်လှုပ်ရှားမှုအဖွဲ့မှ လူရည်ချွန်အဖွဲ့ ဒုတိယဥက္ကဋ္ဌ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာတင့်တင့်ကြည် ဦးဆောင်၍ သမားတော်၊ အရေပြားနှင့် ကာလသားရောဂါအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားနှင့် မီးယပ်ရောဂါ အထူးကု၊ စိတ်ရောဂါအထူးကု၊ မျက်စိအထူးကု၊ အထွေထွေ ရောဂါကုဆရာဝန်ကြီးများမှ ကျောက်ဖြူပြည်သူ့ဆေးရုံကြီး(ခုတင် ၂၀၀)အဆောင်တွင် ယနေ့မွန်းလွဲပိုင်းအထိ ဆေးကုသမှုခံယူလျက်ရှိသော လူနာ ၂၀၀ အား ကုသပေးလျက်ရှိသည်။

ဆက်လက်၍ တက္ကသိုလ်အသီးသီးမှ အငြိမ်းစားပါမောက္ခများ၊ ဒေါက်တာများသည် ယနေ့ နံနက် ၉ နာရီတွင် ကျောက်ဖြူ အထက(၁)တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများအားတွေ့ဆုံကာ ပညာရေးဆိုင်ရာလှူဒါန်းမှုနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ရာ ဒေါက်တာနှင်းနှင်းယုက အဖွင့်မိတ်ဆက်စကားနှင့် **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❍**

ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း





Novotel Hotel,Yangon
i phone handset



# တိုင်းရင်းသားအများစုနေထိုင်ရာ သွေးချင်းတို့နေရာ ပူတာအိုကို ရောက်ခဲ့တယ်

**မလိခချောင်းကမ်းနဖူးဘေး၌ တည်ထားသည့် ကောင်းမှုလုံစေတီကို ဖူးမြော်ရစဉ်။** ဓာတ်ပုံ - ပြည့်ဖြိုးအောင်

## ရဲဖြိုးခင်ဝေ

ပူတာအိုမြို့ဟာ အရင်က ရှမ်းစကား အဘိုးမျှော်လို့အဓိပ္ပာယ်ရတဲ့ ပူတောင်းမြို့လို့ တွင်ခဲ့ပါတယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်တွေက Putao လို့ပေါင်းရာကနေ ပူတာအိုဆိုပြီး ဖြစ်လာပါတယ်။

ပူတာအိုမြို့ဟာ အများထင်သလို တောင်ပေါ်မြို့လည်း မဟုတ်ပြန်ပါဘူး။ လွင်ပြင်ဒေသကြီးပါ။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၁၂၀၀ ကျော် မြင့်ပါတယ်။ ဘေးပတ်လည်ဝိုင်းထားတဲ့ ရေခဲတောင်တွေရဲ့ အအေးဒဏ်ကြောင့် တောင်ပေါ်ဒေသနဲ့ မခြား အေးမြနေတာပါ။ ရဝမ်၊ လီဆူ တိုင်းရင်းသားအများစုနေထိုင်ကြပြီး ကချင် (ဂျိန်းဖော)၊ ရှမ်းလူမျိုးလည်း မျှတနေထိုင်ပါတယ်။

လမ်းခရီးအကွာအဝေးအနေနဲ့ ရန်ကုန်မြို့ကနေ ၁၁၂၇ မိုင်၊ မြစ်ကြီးနားမြို့ကနေ ၂၁၈ မိုင် အကွာအဝေးမှာရှိပြီး လေယာဉ်ဖြင့် ရန်ကုန်မှ ၄ နာရီ၊ မြစ်ကြီးနားမှ ၄၅ မိနစ် စီးနင်းရပါတယ်။

ရေခဲတောင်မှစီးဆင်းလာတဲ့ ရေခဲတမျှအေးစက်နေပြီး အောက်ခြေကြမ်းပြင်အထိ ဖောက်ထွင်းမြင်ရအောင် ကြည်လင်အေးမြတဲ့ရေတွေ စီးဆင်းနေတဲ့ စမ်းချောင်းနဲ့ ရေစီးသံ၊ စမ်းချောင်းနံဘေးမှာ အစီအရီပြန့်ကြဲနေတဲ့ ဖြူလွလွကျောက်တုံးဝိုင်းဝိုင်းလေးနဲ့ သဲသောင်တွေ၊ စမ်းချောင်းလေးအထက်ပိုင်းကိုကြည့်ရင်မြင်ရမယ့် ရေခဲတောင်တန်း၊ ညနေ နေညိုချိန်ဆို ထမင်းဟင်းချက်ရာက ထွက်လာတဲ့ မီးခိုးတွေ အူအူ၊ မြူက ပျပျ၊ ခွေးသံ၊ ကလေးသံတွေနဲ့ ဆူညံနေတတ်တဲ့ ရွာလေးတွေဟာ ပူတာအိုမြို့တစ်မြို့မှာပဲ မြင်ရတဲ့ ပသာဒတွေပါ။

အိမ်တိုင်းမှာစိုက်ထားပြီး ပြွတ်နေအောင် သီးနေတဲ့ ဂရိတ်ဖရုပင်၊ ဘုရင်သီးပင်တွေ၊ အပွင့်ဝါဝါတွေ လှိုင်လှိုင်ပွင့်တဲ့ မုန်ညင်းခင်း၊ အခင်းတွေကို နွားဝင်မစားရအောင် ခတ်ထားတဲ့ ကျောက်စီခြံစည်းရိုးတစ်ပိုင်းနဲ့ ယိုင်နဲ့နဲ့ ဝါးစည်းရိုးတစ်ပိုင်း။ သူတို့ဘာသာစကားတွေပြောပြီး ကုလားမခြေထောက်နဲ့ ဆော့ကစားနေတဲ့ တိုင်းရင်းသားကလေးတွေကို မြင်ရတာလည်း ရင်ခုန်ကြည်နူးစရာပါ။

အများထင်သလို မအေးချမ်းတဲ့ဒေသ မဟုတ်ဘဲ အင်မတန်အေးချမ်းတဲ့ နေရာလေးပါ။ အချိန်မရွေး၊ ရာသီမရွေး၊ နေရာမရွေး လွတ်လပ်စွာလည်ပတ်နိုင်ပါတယ်။

ပူတာအိုမြို့မှာ လည်စရာတွေ လေ့လာစရာတွေကတော့ (၁) ကောင်းမှုလုံ (ရွှေဆတ်မင်း)စေတီ၊ (၂) ပူတာအိုမြို့မှ ဈေးများ၊ (၃) မချမ်းဘော့မြို့မှ ဂူဘားရိပ်သာနဲ့ ကျောက်နဂါး၊ (၄) Malikha lodge နှင့် မူလာရှီးဒီးချောင်း၊ (၅) နတ်ကျွန်း၊ (၆) ရေခဲတောင်တက်ခြင်း၊ (၇) မုဒုံရွာမှာရှိတဲ့ ရာဇာဓိရာဇာပေါ်တော်မူမြတ်စွာဘုရား၊ (၈) ပင်စင်ရွာမှ မေအောင်မက်သစ်သီးခြံ၊ (၉) ရဝမ်မနောကွင်း စတာတွေ ရှိပါတယ်။

### (၁) ကောင်းမှုလုံ(ရွှေဆတ်မင်း)စေတီတော်

ကောင်းမှုလုံစေတီကို သီရိဓမ္မာအသောကမင်း လှူဒါန်းခဲ့သော စေတီပေါင်း ၈၄၀၀၀ ထဲက တစ်ဆူပါ။ ဘုရားလောင်းနုစဉ်အခါက ပူတာအိုဒေသမှာ ဘုရားလောင်းဟာ ဆတ်မင်းဘဝ၊ ကျေးမင်းဘဝအဖြစ် ပါရမီဖြည့်ကျင့်ခဲ့ပါတယ်။ ဒါကြောင့် ကောင်းမှုလုံစေတီကိုလည်း ရွှေဆတ်မင်းစေတီလို့ ခေါ်တွင်ပါတယ်။

ပူတာအိုမြို့ကနေ နာရီဝက်ခန့် ကားမောင်းရင် ရောက်ပါပြီ။ ဆခွင်န်ဒမ်း၊ ပင်စင်၊ စာရိတ္တ၊ ဆဝါဒမ်း စတဲ့ ရဝမ်ရွာတွေကို ဖြတ်သန်းရပါမယ်။

မလိခချောင်းကမ်းနဖူးဘေးမှာ တည်ထားပြီး စေတီသဏ္ဌာန်ကလည်း တစ်မူထူးခြားပါတယ်။ ကောင်းမှုလုံကြိုးတံတားနဲ့လည်း အထူးပနံရသပ္ပာယ်စွာ တည်ရှိနေပါတယ်။

အထက်ကောင်းမှုလုံ၊ အလယ်ရွှေစည်းခုံ၊ အောက်ရွှေတိဂုံဆိုပြီး စာချိုးရှိခဲ့တဲ့အတိုင်း ကောင်းမှုလုံ၊ ရွှေစည်းခုံ၊ ရွှေတိဂုံဘုရား သုံးဆူကို ဖူးမြော်ရရင် အပယ်ပိတ်တယ်လို့ ယုံကြည်မှုတွေရှိပါတယ်။

တချို့ဆိုရင် စေတီ သုံးဆူကို တစ်နေ့တည်း ဖူးကြသူတွေတောင် ရှိပါတယ်တဲ့။ ခုဆိုလည်း တစ်နေရာတည်းဖူးလို့ရအောင် ရွှေစည်းခုံစေတီ၊ ရွှေတိဂုံစေတီပုံတူတွေကို မလှမ်းမကမ်းတွေမှာ တည်ထားပါတယ်။ စေတီမလှမ်းမကမ်းမှာ နတ်ရေတွင်းရှိပါသေးတယ်။

အရင်တုန်းက မိန်းမပျိုတစ်ယောက် ရေလာခပ်ပြီး ပျောက်ပျောက်သွားပါတယ်တဲ့။ အိပ်မက်လည်းပေးတော့ မိန်းမပျိုရေခပ်တဲ့နေရာကို ရေတွင်းတူးကြည့်တာ ရေထွက်တော့ နတ်ရေကန်ဆိုပြီး မှည့်တွင်ခဲ့တာပါ။

### (၂) ပူတာအိုမြို့မှ ဈေးများ

ပူတာအိုမှာ စည်ပင်ဈေး၊ လေယာဉ်ဈေး၊ လေဆိပ်ဈေးဆိုပြီး ဈေးသုံးဈေးရှိပါတယ်။ ပူတာအိုရောက်ပြီဆို ပူတာအိုဈေးတွေကို လေ့လာပါမှ တန်မှာပါ။ မမြင်ဘူးတဲ့ အရွက်၊ ဥတွေ၊ သစ်မြစ်တွေ၊ ရှားပါးအကောင်တွေ၊ ထူးဆန်းတဲ့ ရောင်းဝယ်မှုပုံစံတွေကို လေ့လာရမှာပါ။ ဈေးလေ့လာချင်ရင်တော့ မနက်စောစောထဖို့ လိုပါလိမ့်မယ်။ မနက် ၅ နာရီလောက် စတင်ရောင်းချကြပြီး ၈ နာရီဆို ဈေးကွဲပါပြီ။ ၇ နာရီလောက်ရောက်အောင် သွားမှ စုံစုံလင်လင်မြင်ရပါလိမ့်မယ်။ အလွန်အေးမြတဲ့ဒေသမှာ အိပ်ရာမှထ ကိုယ်လက်သန့်စင်ပြီး မှိုင်းနေအောင်ကျတဲ့ နှင်းတောထဲမှာ လမ်းလျှောက်ဆိုင်ကယ်စီးရတဲ့ အလုပ်ဟာ ကျွန်တော်တို့လို အပူပိုင်းဒေသက လူတွေအတွက် အင်မတန်ခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့လည်း ဈေးရောက်ရင် ရင်းထားသမျှ တန်တယ်ဆိုတာ သိပါလိမ့်မယ်။

ဈေးသည်တွေက တိုင်းရင်းသားတွေပါပဲ။ ရောင်းမယ့်အရာတွေကို တစ်နေ့စာပဲလုပ်ပြီး လတ်လတ်ဆတ်ဆတ် ရောင်းတာပါ။ ကြက်သည်ဆို လေးကောင်လောက်ပဲ ရောင်းပါတယ်။ နောက်နေ့အတွက် မထားပါဘူး။ ရေထိုးထားခြင်းလည်း မရှိပါဘူး။ လတ်လတ်ဆတ်ဆတ် ရောင်းတာပါ။ ကြက်အရှက်၊ ဝက်အရှက်တွေကို ခြင်းထဲထည့်ရောင်းပါတယ်။ သားကောင်ရတဲ့အပေါ် မူတည်ပြီး ထူးထူးခြားခြားလေးတွေ တွေ့ရတတ်ပါတယ်။ ခေါ်ပုတ်၊ မျှစ်ချဉ်တွေကိုလည်း ရောင်းချပါတယ်။

ရေခဲငါး (အင်မတန်ချိုပြီး အရိုးတော့များတယ်) အမွေးထူထူနဲ့ တောဝက်အသားတွဲ၊ ခြေလက်အမွေးအစုံနဲ့ မျောက်အသားတွဲ၊ အောက်ချင်းငှက်၊ ဆတ်သားခြောက်၊ ချေ(ဂျီ)သား အစို အခြောက်၊ မျောက်ကျပ်တိုက်၊ ဖြူကျပ်တိုက်၊ ရေပိုး ရေကင်း အရှင်တွေကိုလည်း ရောင်းချပါတယ်။ စမ်းချောင်းတွေကရတဲ့ ခရု၊ ငါးတွေကိုလည်း ရောင်းပါတယ်။ တိုင်းရင်းဆေးဆိုင်တွေမှာဆို ဂျင်စင်း၊ ရှီးပဒီး၊ မဂျစ်ဉ၊ ခန်းတောက်မြစ်၊ မျက်စိအားဆေး၊ ကျောက်ချဉ်၊ တောင်ဆိပ်ခွာ၊ တောင်ဆိတ်ချိုူ တောင်ဆိတ်အရိုးတွေကို ကျိုထားတဲ့ ဟင်းချောင်း၊ ဆေးမြစ်စုံစိမ်ထားတဲ့ ပျားရည်၊ အရက်ဆန်ထည့်ထားတဲ့ ရှူးပုံ့ဆီးအိမ် စတာတွေကို စုံလင်အောင်ရောင်းပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»



**အမည်နှင့်လိုက်အောင် လှပဆန်းကြယ်မှုများနှင့်ပြည့်နေသည့် နတ်ကျွန်းကို တွေ့ရစဉ်။** ဓာတ်ပုံ - ပြည့်ဖြိုးအောင်

အထူးကဏ္ဍ [ က ] မှ »»»

ရှီးပဒီးဆိုရင် ခြောက်လအကောင် ခြောက်လအပင်ဖြစ်တဲ့အရာဖြစ်ပြီး အင်မတန် အစွမ်းထက်လှပါတယ်။ ရွှေရောင်ရှီးပဒီးဆို ပိုထက်မြက်ပြီး ပိုလည်းဈေးကြီးပါတယ်။

အင်မတန်ခါးပါတယ်ဆိုတဲ့ ခန်းတောက်မြစ်ဟာ သွေးတိုး၊ ဆီးချိုအတွက် အလွန်ကောင်းပါတယ်။ ပူတာအိုရောက်ပြီဆို ဈေးကိုရောက်အောင်သွားပြီး လေ့လာပါမှ တန်မှာပါ။

### (၃) မချမ်းဘော့မြို့မှ ဂူဘားရိပ်သာနှင့် ကျောက်နဂါး

မချမ်းဘော့မြို့ဟာ ပူတာအိုမြို့မှ ၁၄ မိုင်ခန့် ကွာဝေးပါတယ်။ လမ်းနှစ်လမ်းဖြင့် သွားနိုင်ပြီး ကောင်းမှုလုံဘက်က တစ်လမ်း၊ မချမ်းဘော့နဲ့ ပူတာအို တိုက်ရိုက်လမ်း တစ်လမ်း ရှိပါတယ်။ ကောင်းမှုလုံလမ်းက ကျေးရွာတွေကို ဖြတ်သန်းရမှာဖြစ်ပြီး တိုက်ရိုက်လမ်းကျတော့ ပူတာအိုလွင်ပြင်ကြီးကို လှပစွာဖြတ်သန်းရမှာပါ။

#### ဂူဘားရိပ်သာ

အမှန်တကယ်က ဂူဘားဆိုတာ ရေခဲတောင်ခြေဒေသက ရွာလေးတစ်ရွာပါ။ ဂူဘားရိပ်သာက တကယ်လှတဲ့နေရာမှာ တည်ဆောက်ထားတာပါ။ မလိခချောင်းကြီးဟာ ရိပ်သာတည့်တည့်ကို ဦးတိုက်လာပြီးမှ ဘယ်ဘက်ကို တံတောင်ဆစ်ချိုးကွေ့သွားတာပါ။ မသိရင် မြစ်ကြီးက ရိပ်သာအောက်ထဲကို စီးဆင်းသွားသယောင်ယောင် ဖြစ်နေတာပါ။ ကြည်လင်နေတဲ့ ချောင်းသာသာမြစ်၊ သဲသောင်၊ ကျောက်တန်း၊ သစ်တော၊ နောက်ခံတောင်တန်းတွေက တကယ့်ပန်းချီကားတစ်ချပ်လို ခံစားမိပါတယ်။

#### ကျောက်နဂါး

ဒဏ္ဍာရီအရ နဂါးကြီးဟာ တစ်သက်ပဲ စားခွင့်ရှိပါတယ်တဲ့။ တစ်ခါကျတော့ ကိုယ်ဝန်သည်ကို စားမိတော့ နှစ်သက်စားသလိုဖြစ်သွားပြီး မိုးကြိုးပစ်ချလို့ ကျောက်ဖြစ်သွားတာလို့ မှတ်သားရပါတယ်။ အစက ကိုယ်ပိုင်းပဲရှိပြီး ဦးတေဇက ဦးခေါင်းပိုင်းနဲ့ ကျောရိုးဆူးတောင် ပြုလုပ်လှူဒါန်းထားပါတယ်။

### (၄) Malikha lodge နဲ့ မူလာရှီးဒီးချောင်း

ပူတာအိုနဲ့ Malikha lodge က ခွဲမရပါဘူး။ ပူတာအိုရောက်ရင် Malikha lodge ရောက်ရပါမယ်။ Malikha lodge က ပူတာအိုမြို့တောင်ဘက် မူလာရှီးဒီးဆိုတဲ့ လီဆူရွာမှာ တည်ရှိပါတယ်။ ဝါးရုံပင်အောက်က ခုံတန်းနီနီရယ်၊ အလယ်ကမီးဖိုရယ်၊ အောက်မှာ စီးဆင်းနေတဲ့ မူလာချောင်းလေးဟာ ပူတာအိုကို စိတ်ဝင်စားသူတိုင်း သိမှာပါ။ အဆောက်အအုံအားလုံးကို သစ်၊ ကောက်ရိုး၊ ဝါး စတဲ့ ဒေသထွက်ပစ္စည်းများနဲ့သာ တည်ဆောက်ထားတာပါ။ အောက်ခြေတိုင်တွေကို အုတ်မြစ်မချဘဲ ကျောက်တုံးပေါ် ခုပြီး ဆောက်ထားတာကအစ အသေးစိတ်ပါတယ်။ တည်းခိုစရိတ်က ကျွန်တော်တို့အတွက်တော့ ကြီးမားလွန်းပါတယ်။ တတ်နိုင်တဲ့သူတွေအတွက်တော့ ပေးရတာနဲ့တန်လိမ့်မယ်လို့ ထင်ပါတယ်။ တချို့နိုင်ငံခြားသားတွေဆို တစ်ယောက်တည်းလာ Malikha lodge မှာ သီတင်းတစ်ပတ်လောက် တည်းပြီး ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တွေးတောနေကြပါသတဲ့။

အထဲမှာ ဝက်ဝံ သုံးကောင်၊ ကြက်ဆင်များကိုလည်း မွေးထားပါတယ်။ မတည်းခိုဘဲ ဝင်ရောက်လေ့လာချင်ရင်တော့ တစ်ယောက်ကို ၁၃ ဒေါ်လာ ကျသင့်မှာပါ။

#### မူလာရှီးဒီးချောင်း

မူလာရှီးဒီးရွာအနားမှာ ရှိပါတယ်။ ကျောက်တုံးလှလှလေးတွေနဲ့ ဓာတ်ပုံအင်မတန်ရိုက်လို့ ကောင်းပါတယ်။ ရေကကြည်ပြီး အင်မတန်အေးစိမ့်နေပါတယ်။ မူလာရှီးဒီး ဂျစ်ကားကူး ကြိုးတံတားဟောင်းလည်းရှိပြီး လမ်းလျှောက်လေ့လာလို့ ရပါတယ်။

### (၅) နတ်ကျွန်း

နတ်ကျွန်းကတော့ အင်မတန်လှပတဲ့ နေရာဖြစ်ပြီး အင်မတန်စိတ်လှုပ်ရှားစရာကောင်းတဲ့ ရေလမ်းခရီးကို လှေစီးသွားရပါမယ်။ မချမ်းဘော့မြို့ကနေ လှေဖြင့် ၄၅ မိနစ်ခန့် မလိခမြစ်ကို စုန်စီးရပါတယ်။ လမ်းခရီးမှာ အင်မတန်ရေစီးသန်တဲ့ ချောင်းဆုံနေရာတွေ၊ ကျောက်ဆောင်တွေရှိပြီး လှေဖြတ်သွားချိန်မှာ အသည်းတယားယား ဖြစ်ရပါတယ်။ မြစ်ရေဟာ ပကတိကြည်လင်နေပြီး ရေအောက်ကြမ်းပြင်ကို ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။ မြစ်နံဘေးက ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြစ်နေတဲ့ ကျောက်တုံးတွေ၊ သဲသောင်ကွက်ကွက်လေးတွေကလည်း အလှတစ်မျိုးပါ။

နတ်ကျွန်းဟာ အမည်နဲ့လိုက်အောင် အံ့ဩလှပစွာတည်ရှိပါတယ်။ နတ်ချောင်းမှာ တည်ရှိလို့ နတ်ကျွန်းလို့ခေါ်သလို နတ်ပြည်တက်ရာနေရာမို့ နတ်ကျွန်းလို့ခေါ်တွင်တယ်လို့ မှတ်သားရပါတယ်။ နတ်ကျွန်းပတ်ဝန်းကျင်ကို မိုင်းခွဲပြီး ငါးဖမ်းလည်း ငါးတွေမသေဘူးလို့ မှတ်သားရပါတယ်။

တကယ်တော့ နတ်ကျွန်းဟာ အမည်နဲ့လိုက်အောင် နတ်တွေလုပ်ထားတာလို့ ထင်ရလောက်အောင် လှပဆန်းကြယ်နေပါတယ်။

မချမ်းဘော့ကနေ နတ်ကျွန်းအထိ လှေစီးခ အသွား အပြန် ကျပ် ၄၀၀၀၀ ကျပါတယ်။

### (၆) ရေခဲတောင်တက်ခြင်း

အများစုထင်တာက ပူတာအို ရောက်တာနဲ့ ရေခဲတောင်ရောက်ပြီ ထင်နေကြတာပါ။ အမှန်က ရေခဲတောင်ရောက်ဖို့ နေနေသာသာ ကံကောင်းပါမှ ရေခဲတောင်ကို မြင်ရမှာပါ။ နေပွင့်ပြီး မြူတိမ်ကင်းစင်ပါမှ ရေခဲတောင်တန်းတွေကို မြင်ရမှာပါ။ တချို့ဆို ရက်သတ္တတစ်ပတ်နေတာတောင် ရေခဲတောင်မမြင်လိုက်ရသူတွေ အများကြီးပါ။ သုံးလပိုင်း၊ လေးလပိုင်းဆို ရေခဲတောင်တန်းတွေကို အလှပဆုံး မြင်ရနိုင်ပါတယ်။

ပူတာအိုနဲ့ အနီးဆုံး ဖုန်ကန်ရာဇီတောင်ဟာ ပူတာအိုနဲ့ ၅၃ မိုင် ဝေးပါသေးတယ်။ တောင်ခြေကို ခြေကျင် သုံး၊ လေးရက်လောက် လျှောက်ရပါတယ်တဲ့။ ၁၂ လပိုင်းအချိန်က ရေခဲနုသေးလို့ တောင်တက်လို့ မကောင်းသေးပါဘူး။ လေးလပိုင်းလောက်မှသာ တောင်တက်လို့ ကောင်းပါတယ်တဲ့။ လမ်းပြ အထမ်းသမားတွေနဲ့ တောင်တက်ရတာပါ။ တောင်တက်သူ တစ်ဦးအတွက် အထမ်းသမား လေးဦးလိုအပ်တယ်လို့ သိရပါတယ်။ ဖုန်ကန်နဲ့ မဒွယ်တောင်တို့ဟာ တက်ရအလွယ်ဆုံး ရေခဲတောင်တွေလို့ သိရပါတယ်။



ရဝမ်အမျိုးသမီးကြီးတစ်ဦးကို တွေ့ရစဉ်။ ဓာတ်ပုံ - ပြည့်ဖြိုးအောင်

### (၇) ရာဇမိရာဇာ ပေါ်တော်မူရုပ်ပွားတော်

မုဒုံရွာမှာတည်ရှိတဲ့ အလွန်ထူးခြားတဲ့ ရုပ်ပွားတော်ပါ။ ဉာဏ်တော်အမြင့် ၉ လက်မရှိပြီး အရွယ်နဲ့မလိုက်အောင် လေးပါတယ်။ အလေးချိန် ၁၀ ပိဿာလောက်ရှိတယ်လို့ သိရပါတယ်။

တူးဖော်ရရှိစဉ်က ရုပ်ပွားတော်လို့ မသိရှိရဘဲ ပွတ်တိုက်ဆေးကြောပြီး ဆေးခြယ်လိုက်ပါမှ ဗုဒ္ဓရုပ်ပွားတော်ဆိုတာ သိရတာပါ။ ရုပ်ပွားတော်ရှေ့မှာ ကျေးနှစ်ကောင် ကြည်ညိုနေပုံရှိပြီး ဘုရားလောင်းကျေးမင်းကို ကိုယ်စားပြုတာ ဖြစ်နိုင်ပါတယ်။ ဘုရားလက်ရာက တရုတ်လက်ရာနဲ့ ခပ်ဆင်ဆင်တူနေပါတယ်။

နောက်ထပ်ထူးခြားတာက ဘုရားကို မည်သည့်သတ္တုနဲ့ သွန်းလုပ်ထားမှန်း အဖြေရှာမရတာပါ။ မြန်မာနိုင်ငံ အထင်ကရပုဂ္ဂိုလ်ကိုယ်တိုင် စူးစမ်းမှုလုပ်ရာမှာ အရှေ့ဘက်တိုင်းရင် အဖြေတစ်မျိုး၊ အနောက်ဘက်တိုင်းရင် အဖြေတစ်မျိုး၊ ဘေးဘက်တိုင်းရင် အဖြေတစ်မျိုး အဖြေအမျိုးမျိုးထွက်တယ်လို့ သိရပါတယ်။ ပူတာအိုရောက်ရင် မဖြစ်မနေသွားဖူးရမယ့် ရုပ်ပွားတော်ပါ။

### (၈) ပင်စင်ရွာက မေအောင်မက်သစ်သီးခြံ

ပူတာအိုမှ ကောင်းမှုလုံသွားရင် ပင်စင်ရွာ ဘယ်ဘက်ခြမ်းမှာ ဆိုင်းဘုတ်ရှိပါတယ်။ နှစ်ဖာလုံခန့်သာ ဝင်ရပါတယ်။ ခြံထဲမှာ ဂရိတ်ဖရုပင်၊ ဘုရင်သီးပင်၊ သွေးသီးပင်တွေ စိုက်ထားပြီး မီးသီးတွေချိတ်ဆွဲထားသလို လှပစွာပြွတ်ခဲအောင်သီးနေပါတယ်။ ဓာတ်ပုံရိုက်လို့ အင်မတန်ကောင်းပါတယ်။ ခြံရှင် အလည်လာရင်နေဖို့အတွက် ကျောက်တုံးတွေကပ်ပြီး ဆောက်ထားတဲ့ အိမ်လေးဟာလည်း အင်မတန်ကဗျာဆန်ပြီး ပုံလှလှလေးတွေရမှာ အသေအချာပါ။

### (၉) ရဝမ်မနောကွင်း

ရဝမ် မနောကွင်းကတော့ မူလာရှီးဒီးနဲ့ ပူတာအိုမြို့အကြား ကားလမ်းမနံဘေးမှာ ရှိပါတယ်။ ရဝမ်အမျိုးသားမနောတိုင်ကြီး စိုက်ထူထားပြီး အမှတ်တရဓာတ်ပုံရိုက်လို့ ကောင်းပါတယ်။

ဒါတွေကတော့ စာရေးသူ သွားရောက်လေ့လာမိသလောက် ကွက်ကွက်ကွင်းကွင်း မြင်အောင် ရေးသားတင်ပြထားတာပါ။ ခရီးတစ်ခုသွားတိုင်း ရှောင်ရန်တွေရှိသလို ဆောင်ရန်တွေလည်း ရှိပါတယ်။ အတုယူစရာတွေလည်းရှိပါတယ်။

စာရေးသူရခဲ့တာကတော့ ရဝမ်တိုင်းရင်းသားများရဲ့ ရောင့်ရဲတင်းတိမ်စိတ်ပါ။ လောဘနည်းပြီး ရှိတာလေးနဲ့ အဆင်ပြေအောင် နေတတ်ကြပါတယ်။

●●●



ပူတာအိုလွင်ပြင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ပြည့်ဖြိုးအောင်

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

**အထူးကဏ္ဍ [ ယ ] မှ »»**

ကျောက်ပန်းတောင်းတောင်မှ မြစ်ဖျားခံစီးဆင်းလာသည့် ပလက်ချောင်းသည် မြို့၏အရှေ့ဘက်တည့်တည့်တွင် ကစ္ဆပနဒီသို့ စီးဝင်သည်။ ပလက်ချောင်းစီးဝင်ရာ ချောင်းဝ၏အနောက်ဘက် ကစ္ဆပနဒီကမ်းနဖူးပေါ် မြို့တည်သည်ကိုအစွဲပြု၍ ပလက်ဝမြို့ဟု ခေါ်ခြင်းဖြစ်သည်။ ပလက်ဝမြို့အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် ညိုပြာမှုန်မှိုင်းနေသော ကျောက်ပန်းတောင်းတောင်ကို အဝေးကပင် မြင်နိုင်သည်။ ဒုတိယ ဓညဝတီမြို့တည် ကံရာဇာကြီးမင်းနှင့် နောက်လိုက်တို့ အခြေချဖူးရာအရပ် ဖြစ်သည်။ "တိမ်နီမိုးဆောင်း၊ ကျောက်ပန်းတောင်း၊ ခြောက်ရောင်မောင်း" ဟု ဖွဲ့နွဲ့ကာ ရခိုင်သမိုင်းတွင် စာတင်ခဲ့သည်။

အတိတ်သမိုင်း ပြန်ပြောင်းကြည့်ပါက ကျောက်ပန်းတောင်းတောင်အနီးတွင် နီလာပန်းတောင်းတောင်လည်းရှိသည်။ ဤတောင်တို့မှာ ရခိုင်မြို့ဟောင်းနေရာများ ဖြစ်ခဲ့ဖူးကြောင်း ရခိုင်သမိုင်းတွင် တွေ့ရသည်။ နီလာပန်းတောင်းမြို့မှာ ဘီစီ-၁၅၀၈ ခုနှစ်တွင် မိဖုရားစောစစ် တည်ခဲ့သောမြို့ ဖြစ်သည်။ ပထမ ဓညဝတီမြို့တည် သူရဲကောင်းမျိုးဆက် မာရယုမင်း၏ နောက်ဆုံးမင်းစဉ် မင်းငယ်ပျော်လှစည်သူကို ကျွန်သုံးဦးပုန်ကန်၍ နတ်ရွာစံသဖြင့် မိဖုရားစောစစ်က သမီးတော်ကြီး သုနန္ဒရီ၊ သမီးငယ် ဖွားတော်သွေးတို့နှင့်အတူ ပထမ ဓညဝတီမှ ထွက်ခွာလာပြီး နီလာပန်းတောင်းမြို့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

မိဖုရား စောစစ် နီလာပန်းတောင်းမြို့တွင် စံနေစဉ် တစ်ဖက်ရှိ ကျောက်ပန်းတောင်းမြို့မှ ဘုရင် ကံရာဇာကြီးက သိမ်းယူပြီး စောစစ်ကို ယောက္ခမအရာထားကာ သမီးတော်နှစ်ပါးအား မိဖုရားမြှောက်ပြီး ကျောက်ပန်းတောင်းမြို့တွင် ၂၄ နှစ် စိုးစံတော်မူသည်။ ထို့နောက် လူဦးရေ တိုးပွားလာမှုကြောင့် မြေပြန့်ဒေသတွင် မြေနေရာပြောင်းရွှေ့ကာ ဒုတိယ ဓညဝတီမြို့ကို စတင်တည်ထောင်ခဲ့သည်။

ဝေသာလီခေတ်ကုန်ခါနီးတွင် မြိုလူမျိုး အမြတူ၊ အမြကူ၊ သားပဲဖြူတို့ သုံးဦး ဘုရင်ဖြစ်လာခဲ့သောသမိုင်းကြောင်းမှာ ရခိုင်ရာဇဝင်တွင် ထင်ရှားခဲ့သည်။ လေးမြို့ခေတ် ဒုတိယ ပုရိန်မြို့တည် ဒဿရာဇာမင်းလက်ထက်တွင် မြိုလူမျိုး ရဟောင်လာ၊ အပေါင်လာတို့ လမ်းညွှန်မှုဖြင့် မဟာမုနိရုပ်ပွားတော်ကို ချောင်းဖျားငယ်တစ်ခုမှ ရှာဖွေတွေ့ရှိခဲ့ခြင်းတို့သည် တောင်ပေါ်ဒေသများတွင် အခြေခံ၍ နေထိုင်ကြသည့် မြိုလူမျိုးများ ဖြစ်သော်လည်း တိုင်းပြည်ကိုအုပ်ချုပ်သည့် မင်းအဖြစ်အထိ ရခိုင်တိုင်းရင်းသားများက လက်ခံခဲ့ကြသည်။ မြောက်ဦးခေတ်၌လည်း မီးချောင်းစားသည် မြို့အချို့ ထောင်ထားခြားနားမှုကြောင့် နှိမ်နင်းခဲ့ရသည်ဟူ၍ ရခိုင်သမိုင်းကွင်းဆက်များ မှတ်သားမိသည်။

ဝေသာလီခေတ် အကြွင်းအကျန်တစ်ခု ဖြစ်သော မီးချောင်းဝရှိ နတ်ရုပ်သည်လည်း အထောက်အထားတစ်ခုပင် ဖြစ်သည်။ ယခုအခါ မီးချောင်းဝနတ်ရုပ်ကို အသစ်တစ်ဖန် ပြုပြင်ထားသည်။ မီးချောင်းဝမှ ဆန်တက်လာလျှင် မြင်းသောင်ကျေးရွာရှိသည်။ ဤကျေးရွာ၌ ဗုဒ္ဓ၏ ဗျာဒိတ်ရဓာတ်တော်ဖြစ်သော မီးညောင်းရိုးဓာတ်တော်တည်ရှိသည်။ ဤဓာတ်တော်ကိုအစွဲပြု၍ ဤချောင်းကို မီးချောင်းဟု ခေါ်ခဲ့ခြင်းဖြစ်သည်ဆို၏။ မီးချောင်းအောက်ဘက် ဒေသတစ်ခွင်တွင် မြိုတိုင်းရင်းသားများ ယနေ့တိုင်နေထိုင်လျက်ရှိကြောင်း တွေ့ရသည်။

၁၈၈၆ ခုနှစ်တွင် ကပ္ပတိန် G.C.Rigby က ကျောက်ပန်းတောင်းတောင်နှင့် နီလာပန်းတောင်းတောင်ရှိရာ တောင်ကုန်းဒေသများသို့ မြေတိုင်းရန်ရောက်ခဲ့စဉ်က ဤနေရာမှာ လူနေထိုင်ခဲ့သောနေရာဟောင်း (Settlement) တစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ကျောက်ပန်းတောင်းတောင်ထိပ်သည် နှစ်မိုင်နီးပါးကျောက်သားပြင်အဖြစ် တည်ရှိပြီး လခြမ်းပုံ (သို့) အင်္ဂလိပ်အက္ခရာ C ပုံသဏ္ဌာန်ဖြစ်သည်။ အမြင့် ၄၂၆၉ ပေ ရှိ၏။ တောင်ပတ်လည်တွင် ကျယ်ပြန့်လှသော ချောက်ကမ်းပါးကြီးနှင့် ဝန်းရံထားသည်။ ချောက်ကမ်းပါး ကျောက်နံရံကြားတို့တွင် တောရိုင်းတိရစ္ဆာန်များ သွားလာကျက်စားနေသည်ကို တွေ့မြင်နိုင်သည်။ ကျောက်ပန်းတောင်းတောင်၏ ၁၅ မိုင်အကွာအဝေးကို တစ်ဖက်တစ်ချက်စီတွင် တောင်ပူစာငယ်နှစ်လုံးဖြင့် ပိုင်းခြားထားသည်။ အနောက်ဘက်ရှိ တောင်ပူစာငယ်၏ အမြင့်မှာ ၄၂၆၉ ပေ ရှိပြီး အရှေ့ဘက်တောင်ပူစာငယ်၏အမြင့်မှာ ၃၇၇၃ ပေ ရှိသည်။ တောင်၏ ၁၅ မိုင်ဝန်းကျင် ပတ်လည်အတွင်း တစ်တောင်နှင့်တစ်တောင် အကွာအဝေးနှင့် အရွယ်အစားတူညီသည့် တောင်ပူစာငယ် ၈၈ လုံးဖြင့်လည်း ဝန်းရံထားသည်။

ထိုတောင်ပူစာငယ်များပေါ်တွင် နံနက်ပိုင်း၌ တိမ်များ၊ မြူခိုးများဝေဆိုင်းနေမှုကြောင့် တိမ်ပင်လယ်ကြီးသဖွယ် ဖြစ်တည်နေသည်။ နံနက်စောစောနေထွက်ချိန် တိမ်ပင်လယ်ကြီးများနှင့် နေဝင်ဆည်းဆာချိန် သဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားရင်း တောင်ဘက်ကျောက်တော်မြို့အရှေ့ဘက်ရှိ ကျောက်တော်တောင်စေတီကိုလည်း အဝေးမှပင် ဖူးမြော်နိုင်သလို ဘင်္ဂလားပင်လယ်အော်ကိုလည်း မြင်တွေ့ရသည်။

ကျောက်ပန်းတောင်းတောင်ကို ရေအေးစခန်း၊ တောင်ဆိပ်စခန်း၊ ကောက်ရိုးပင်စခန်းဟူ၍ စခန်းသုံးခုဖြင့် ပိုင်းခြားထားသည်။ ကျောက်ပန်းတောင်းတောင်ထိပ် ကျောက်သားပြင်ရှိရာ ရေအေးစခန်းကို တောင်ခြေမှ ၁၂ မိုင် တောင်တက်ခရီးဖြင့် သွားရောက်နိုင်သည်။ ရေအေးစခန်းရှိ ကျောက်သားပြင်တွင် ကျောက်စရစ်၊ ကျောက်ခဲကြားမှသဘာဝစိမ့်စမ်းရေကြည်များ ထွက်ရှိနေသည့်အတွက် နိုင်ငံခြားခရီးသွားများ လာရောက်မှုကို ဆွဲဆောင်နိုင်သည့် ကျောက်ရေအိုင်တစ်အိုင်ရှိသည်။ ယင်းကျောက်ရေအိုင်တွင် ငါး၊ ပုစွန်၊ ဖားတို့ ကျက်စားနေ၏။ တောင်ထိပ်ကျောက်သားပြင်တွင် စေတီငယ်တစ်ဆူနှင့် လက်ဝါးကပ်တိုင်တစ်ခုကိုလည်း တွေ့နိုင်သည်။

ရေအေးစခန်းမှ အနောက်ဘက်သို့ ခရီးဆက်ပါက တောင်ဆိပ်စခန်းကို ရောက်ရှိသည်။ တောင်ဆိပ်စခန်းဝန်းကျင်တွင် မြက်ပင်ရှည်များ ပေါက်ရောက်လျက်ရှိ၏။ ရှေးယခင်က ကျား၊ ဆင်၊ ကြံ့၊ သတ္တဝါကြီးများ ကျက်စားခဲ့ရာနေရာဟု ဆိုပါသည်။ ထို့ကြောင့် ဒေသခံလူမျိုးတို့က ကျောက်ပန်းတောင်းတောင်ကို နတ်ဆိုးတို့နေထိုင်ရာနေရာဟု ယုံကြည်ခဲ့ကြသည်။ ဤနေရာသည် တောလိုက်ရင်း လမ်းပျောက်ခဲ့ကြသည့် မုဆိုးတို့ကို တောင်ခြေရင်းတွင် ရှာဖွေတွေ့ရှိခဲ့သူများ ရှိခဲ့သလို ရှာမတွေ့ဘဲ ပျောက်ဆုံးခဲ့သူများလည်း ရှိခဲ့ဖူးသည်ဟု ဒေသခံများက ပြောဆိုနေကြဆဲ ဖြစ်သည်။

တောင်ဆိပ်စခန်းမှ ဆက်လက်ခရီးဆက်ပါက ကောက်ရိုးပင်စခန်းကို ရောက်ရှိသည်။ ကောက်ရိုးပင်စခန်းဝန်းကျင်တစ်ဝိုက်တွင် သဘာဝပေါက်ပင်နှင့် ပန်းမန်များ၊ သစ်ခွပန်းများ သဘာဝအတိုင်း ပေါက်ရောက်ရှင်သန်လျက်ရှိပြီး တောပန်း၊ တောင်ပန်းများဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ကျောက်ပန်းတောင်းတောင်သည် ယခင်က သွားလာမှုခက်ခဲသဖြင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံအချို့ တောလိုက်ရင်း ရောက်ရှိခဲ့ခြင်းမှလွဲ၍ လူသူ အရောက်အပေါက်နည်းပါးပြီး လူသိနည်းနေသော သဘာဝအလှများစွာတည်ရှိရာ ဒေသတစ်ခုအနေဖြင့် အထီးကျန်နေဆဲ ဖြစ်ပါသည်။ ဝန်းကျင်တစ်ခိုမှာလည်း ယနေ့တိုင် Green Tourism အဖြစ် တည်ရှိနေဆဲဖြစ်သည်။



ခူမီးတိုင်းရင်းသားရိုးရာတူရိယာများဖြင့် ဖျော်ဖြေနေကြစဉ်။

သဘာဝဂေဟစနစ်များကိုလည်း ယနေ့တိုင်ကာကွယ်ထိန်းသိမ်းထားရှိသည်။

ယခုအခါ ပလက်ဝ-ဆမီး-မတူပီ ကားလမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးပြီဖြစ်ရာ လမ်းပိုင်းတစ်ခုလုံးကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေမှုနှင့်အတူ အနီးဝန်းကျင်ရှိ ဒေသခံကျေးရွာသားတို့၏ ကိုယ့်အားကိုယ်ကိုး တောင်တက်လမ်းများ ဖောက်လုပ်ထားရှိပေးမှုကြောင့် ဒေသခံများအပြင် ပတ်ဝန်းကျင်မြို့နယ်အချို့မှ လာရောက်လေ့လာသူများလည်း ရှိနေပြီဖြစ်သည်။ တောင်တက်လမ်းများကို အခုထက် အဆင်ပြေအောင် ဖောက်လုပ်ပေးမည်ဆိုပါက လာရောက်လေ့လာသူ ပိုမိုများပြားလာနိုင်စရာအကြောင်းရှိသည်။

မကြာသေးသည့်အချိန်က ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ်က ကျောက်ပန်းတောင်းတောင်သို့ တက်ရောက်ကာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် ဒေသအကျိုးပြုနိုင်ရန် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများအတွက် သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်း တောင်သည် တိရစ္ဆာန်မျိုးစုံ နေထိုင်သည့်နေရာတစ်ခု၊ နို့တိုက်သတ္တဝါမျိုးစုံနှင့် ရှားပါးငှက်မျိုးစုံများ၊ လိပ်ပြာများနှင့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝပေါက်ပင်နှင့် သစ်ပင်ပန်းမန်များ၊ သစ်ခွမျိုးစိတ်များအပြင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှုများကို လေ့လာနိုင်သည့် ဒေသတစ်ခုဖြစ်ရာ အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကိုပါ ဆွဲဆောင်နိုင်သည့် ဒေသအကျိုးပြုခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဆိုပါက ခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဧည့်သည်များလည်ပတ်ခြင်းတို့ကြောင့် ယင်းခရီးစဉ်ဒေသ၏ ထိခိုက်မှုမှာလည်း နည်းနိုင်သမျှ နည်းစေမည်ဖြစ်သောကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် ဒေသအကျိုးပြုနိုင်မည့် ခရီးသွားလုပ်ငန်းတစ်ခုကို ချင်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနနှင့် ခရီးသွားကုမ္ပဏီတို့ ချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**အထူးကဏ္ဍ [ ယ ] မှ »»**

နတ်ပန်းတျားကို တီးခတ်ကြသည်။ ရှေးခေတ်မင်းများလက်ထက်ကပင် ရခိုင်တို့သည် ပန်းတျားအနုပညာကို အမြတ်တနိုးထားခဲ့ကြခြင်း၊ ပန်းတျားဆရာငပင်၏ ပန်းတျားအနုပညာကို တလေးတစားသင်ယူခဲ့ကြခြင်း၊ ဘုရင်မင်းမြတ်တို့ကလည်း ဆုလာဘ်ထောမနာများနှင့် ချီးမြှင့်မြှောက်စားခဲ့ခြင်းတို့ကို ဆရာငပင်၏ အတ္ထုပ္ပတ္တိမှတ်တမ်းတွင် လေ့လာခွင့်ရခဲ့သည်။

ပြည်ရွာအေးချမ်းသာယာအောင် စောင့်ရှောက်စေဖို့၊ ကျန်းမာစေဖို့၊ ချမ်းသာစေဖို့၊ ရာသီဥတုကောင်းမွန်စေရေး၊ အစာရိက္ခာ ကောင်းမွန်ပေါများစေရေးတို့အတွက် နတ်ကနားပွဲဆင်၍ ပူဇော်ပသရာတွင် ပတ်ဆရာတို့က နတ်ပန်းတျားကို လည်ပင်းတွင်လွယ်ကာ တီးကြသည်။ ပြိုင်လောင်းနိုင်ရန်၊ ဇာတ်ကပွဲများဖြစ်မြောက်စေရေးတို့အတွက် ရွာသျှင်မကို ပျော်ပွဲဆက်၍ အနိုင်ရရှိပါစေ၊ ကောင်းမွန်စွာအထမြောက်အောင်မြင်ပါစေ စသဖြင့် ဆုတောင်းမှုများ ပြုလုပ်လေ့ရှိကြသည်။

နတ်ကိုးကွယ်ခြင်းကိုအခြေခံ၍ ဖြစ်ပေါ်လာသော နတ်ပန်းတျား၏ တီးဟန်၊ ကဟန်၊ တီးကွက်နှင့် ပန်းတျားချင်း စသည့် အနုပညာရပ်များမှာ စိတ်ဝင်စားဖွယ်ကောင်းပြီး လူကိုမြူးကြွစေ၍ လူတို့၏စိတ်ကို ဆွဲဆောင်နိုင်သော အနုပညာတစ်ရပ်ဖြစ်သည်။ နတ်ကနားပွဲဆင်နွှဲသောအခါ နတ်တို့၏အကြောင်းအရာကိုလိုက်၍ သီးကုံးထားသော နတ်သံချပ်၊ ပန်းတျားချင်း၊ နတ်ယိုင်းသံတို့အလိုက် တီးခတ်ကြရသည်။ ရခိုင်တွင် ပျောက်လုနီးပါးဖြစ်နေသော ယဉ်ကျေးမှုများအနက် နတ်ပန်းတျား တီးကွက်၊ တီးဟန်၊ ကဟန်နှင့် ပန်းတျားချင်းတို့သည်လည်း ပျောက်လုနီးပါးဖြစ်နေကြောင်း ရခိုင်သုတစာပေမှ သိရသည်။

ရခိုင်ရိုးရာ မင်္ဂလာဆောင်လက်ထပ်ထိမ်းမြားပွဲဖြစ်သည့် သမက်တက်ပွဲတွင် တီးခတ်သော စည်တစ်မျိုးကို သမက်တက်ပန်းတျားဟု ခေါ်ဝေါ်ကြသည်။ အဆိုပါပန်းတျားကို တီးခတ်သူတို့သည် ပန်းနုရောင်ခေါင်းပေါင်းနှင့် အဖြူအဝါ၊ အနီ၊ အစိမ်းစသည်ဖြင့် တစ်ဆင်တည်း ဝတ်ဆင်ကြရသည်။ အင်္ကျီမှာ ဝန်ကြီးအင်္ကျီပုံ အစိမ်းနားဘေးသတ် ခြေသလုံးထိ အရှည်ဖြစ်သည်။ လက်မှာ လက်ရှည်လက်ဖားဖြစ်သည်။ လုံချည်မှာ ကြက်သွေးရောင်၊ အစိမ်းရောင်ကိုးတောင်ပိုင်း နံလျှားရှည် အဝတ်အထည်ဖြစ်သည်။ ခေါင်းပေါင်းအရှည်မှာ သုံးတောင်ပေါင်းပြီး အစွန်းကို နောက်မှ ညှပ်ထားရသည်။ တီးခတ်သူအားလုံး ဆင်တူဝတ်ကြရသည်။

မင်္ဂလာပွဲကျင်းပသူတို့၏ ဆင်းရဲချမ်းသာကိုလိုက်၍ စည် ငါးလုံး၊ ခုနစ်လုံး၊ ကိုးလုံး၊ ၁၁ လုံး စသဖြင့် တီးကြရသည်။ ရှေ့မှ ဆော်စည်ဖြင့် စဖွင့်လိုက်လျှင် နောက်ရှိစည်တို့က နှစ်ဖက်ဖွင့်ပြီးတီးရသည်။ တီးကွက်မှာ ဇမ္ဗူသပြေရွက်လေခတ်သံနှင့် ဇမ္ဗူသပြေရွက်လှုပ်ရှားသံအတိုင်း ဖြစ်သည်။ စောင့်တီး၊ ချိန်းတီးမျိုးဖြစ်၍ အနှေးတီးပင်ဖြစ်ရာ လမ်းလျှောက်လျှင် ခြေလှမ်းကို ကြည့်၍ တီးရသည်။ သမက်တက်ပွဲတွင် လိုက်ပါကြသော အမျိုးသမီးများ ရှေ့ခြေလှမ်းကို ကြည့်၍ တီးရသည်။ သမက်တက်ပွဲတွင် လိုက်ပါကြသော အမျိုးသမီးများ ရှေ့ခြေလှမ်းနှင့်လှမ်း၍ ဘယ်ညာလိုက်အောင် တီးရသည်။ ပန်းတျား၏အသံအတက်အကျမှာ ခြေလှမ်းအချအဝင်အဆင်ပြေလှသဖြင့် ရခိုင်အမျိုးသမီးများ လွန်စွာနှစ်သက်ကြကြောင်း သိရသည်။

စစ်တွေမြို့တွင် ၁၉၇၀ ခုနှစ်ဝန်းကျင်က သမက်တက်ပွဲများ၌ ပန်းတျားတီးခတ်လေ့ရှိခဲ့ပြီး ဘောင်းဒွတ်တီးဝိုင်း(ယခု-စိုင်းဒြားတီးဝိုင်း)မှ ပန်းတျားကို တီးခတ်ခဲ့ကြောင်း မှတ်သားသိရှိရသည်။

လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ရိုးရာယဉ်ကျေးမှုတူရိယာအချို့မှာ အသုံးပြုမှုနည်းပါးလာသည်နှင့်အမျှ ပျောက်ကွယ်သွားနိုင်သည်။ ထို့ကြောင့် မိမိတို့၏ယဉ်ကျေးမှုများ မေးမှိန်မသွားရအောင် ပြန်လည်တူဖော်ရင်း သစ်လွင်လာအောင် ဆောင်ရွက်သင့်သည်။ ယဉ်ကျေးမှုဆိုင်ရာ တူရိယာများကို ပြန်လည်ဖော်ထုတ်ရာတွင် လူမှုရေးဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ပွဲလမ်းသဘင်တို့နှင့် တွဲဖက်ဖော်ထုတ်အသုံးပြုခြင်းသည်လည်း အလွန်ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပေသည်။ တိမ်မြုပ်ပျောက်ကွယ်လုနီးဖြစ်နေကြသော ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်နိုင်မှသာ အဖိုးအနဂ္ဃထိုက်တန်သော အမွေအနှစ်တို့ကို ရရှိမည်ဖြစ်သည်။

●●●



ဓာတ်ပုံ - Friends of Nature Travels and Tours

# ချင်းတောင်တန်းပေါ်မှ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် ဒေသအကျိုးပြုနိုင်မည့် ကျောက်ပန်းတောင်းတောင်

● မောင်မောင်ကျော့(ပလက်ဝ)

ချင်းပြည်နယ်သည် အခြားသောခရီးစဉ်ဒေသများနှင့်မတူသော ထူးခြားသည့် သဘာဝအလှအပများပိုင်ဆိုင်ထားပြီး ပေ ၅၀၀၀ နှင့် ၆၀၀၀ ကြားရှိ တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် တောင်တန်းဒေသတစ်ခု ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ရှားပါးငှက်မျိုးစိတ်များ၊ သဘာဝပေါက်ပင်နှင့် သစ်ပင်ပန်းမန်များ၊ လိပ်ပြာများနှင့် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်သည့်အပြင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ပုံများကို လေ့လာနိုင်သောဒေသဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လှပလွန်းသည့် သဘာဝတောတောင်ရေမြေများ၊ မတူကွဲပြားသည့် တိုင်းရင်းသားရိုးရာဓလေ့များ တည်ရှိသောကြောင့် လူသိများထင်ရှားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဤသို့ လူသိများသည့်တိုင် လူသူအရောက်အပေါက်နည်းပါးပြီး လူသိနည်းနေသော သဘာဝအလှများစွာရှိသည့် ဒေသများလည်း ကျန်ရှိနေပါသည်။ ၎င်းတို့အနက် ချင်းတောင်တန်းရှိ ခေါ်နူးစုမ်(ခေါ်) နတ်မတောင်၊ အမြင့်ပေ ၆၀၀၀ ကျော်တွင်သာ ပေါက်ရောက်သော တောင်ဇလပ်ပန်းများ၊ အသည်းပုံသဏ္ဌာန်ရိဒ်ရေကန်၊ အထင်ရှားဆုံး မဏိပူရမြစ်၊ ကိုးဆင့်ရှိသည့် ဘုံတလာရေတံခွန်၊ ကျောက်ပန်းတောင်းတောင်(ခေါ်) ကီမိုတောင်နှင့် ပါးရဲထိုး(ဆေးမင်ကြောင်ခြယ်) တိုင်းရင်းသူများသည် ချင်းပြည်နယ်၏ အထင်ကရပြယုဂ်များပင် ဖြစ်သည်။

ကျောက်ပန်းတောင်းတောင်ကို ဒေသနေ ခူမီးလူမျိုးတို့က "ကီမိုတောင်"၊ မြိုလူမျိုးတို့က "ကီမာတောင်"၊ မတူချင်းလူမျိုးတို့က "ကီးမိုမိုတောင်"၊ ဒိုင်ချင်းလူမျိုးတို့က "ကြစ်မတောင်"၊ ရခိုင်လူမျိုးအချို့က "ချင်းမပန်းတောင်းတောင်" ဟုလည်း ခေါ်ကြသည်။

ကျောက်ပန်းတောင်းတောင်သည် ချင်းပြည်နယ်တောင်ပိုင်းရှိ ပလက်ဝမြို့နှင့် မိုင် ၂၀ အကွာတွင် ရှိသည်။ ပလက်ဝ-ဆမီး ကားလမ်းအတိုင်းလာပြီး တောင်ခြေဝန်းကျင်တောင်ဘက်ရှိ လာမွေတောင်ကျေးရွာနှင့် တင်းဘုန်းကျေးရွာတို့မှလည်းကောင်း၊ ဆမီးမြို့မှ မီးချောင်းအတိုင်း ဆက်လက်ဆန်တက်၍ အရှေ့ဘက်တောင်ခြေရှိ မီးချောင်းဘားဝကျေးရွာမှလည်းကောင်း တောင်ပေါ်တက်ရန် လမ်းကြောင်းသုံးကြောင်းသာရှိသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

# ရခိုင်လူမျိုးတို့ အမြတ်တနိုးတီးခတ်ကြသည့် စည်နှစ်မျိုး

● မာမာစိုး (ကြေးမုံ)



ဓာတ်ပုံ - www.hiveminer.com

ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး၏ အလွန်တရာစည်းစနစ်ကျသော အထိန်းအကွပ်တစ်ခုဖြစ်သကဲ့သို့ အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်တစ်ခုလည်း ဖြစ်သည်။ ရခိုင်သမိုင်း၌ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသော ခေတ်ကြီးလေးခေတ်အနက် မြောက်ဦးခေတ်သည် စာပေယဉ်ကျေးမှု အထွန်းကားဆုံးကာလဖြစ်ပြီး ရခိုင်တို့၏ "နှလုံးသည်းပွတ်" ဟူ၍ပင် သုတေသီများက တင်စားသုံးနှုန်းကြသည်။

ယဉ်ကျေးမှုအရာ၌ အဆင့်အတန်းမြင့်မားခဲ့သော ရခိုင်တို့၏ ယဉ်ကျေးမှုကို လေ့လာမည်ဆိုလျှင် တူရိယာပစ္စည်းများသည်လည်း မေ့မထားအပ်သော ကဏ္ဍတစ်ခုပင်ဖြစ်သည်။ ရခိုင်လူမျိုးတို့သည် အခမ်းအနား၊ ပွဲလမ်းသဘင်၊ မင်္ဂလာပွဲ၊ အမင်္ဂလာပွဲနှင့် လူမှုရေးဆိုင်ရာပွဲအမျိုးမျိုးတို့၌ သူ့နေရာနှင့်သူ စည်ကို တီးခတ်ကြသည်။ ရခိုင်တွင် စည် ၂၅ ပါးရှိရာ စည်အမျိုးမျိုးရှိသည့် အားလျော်စွာ စည်သံမှာလည်း အမျိုးမျိုးရှိသည်။ ရခိုင်အသံဖြင့် ပန်းတျင်း-ပန်းကျင်း-ပန်းကျားဟူ၍ ပြောင်းရွှေ့ခေါ်ဆိုလာသော ပန်းကျားခေါ် စည်တစ်မျိုးလည်း အပါအဝင်ဖြစ်သည်။ ပန်းတျားဟုလည်း ခေါ်တွင်ကြသည်။ ပန်းတျားသည် ရခိုင်လူမျိုးတို့ အမြတ်တနိုးတီးခတ်ကြသည့် စည်အရှည်ကြီးတစ်မျိုး ဖြစ်သည်။ နတ်ပန်းတျားနှင့် သမက်တက်ပန်းတျားဟူ၍ ပန်းတျားစည် နှစ်မျိုးရှိကြောင်း ဦးစက္ကိန္ဒနှင့် မာန်အောင်ပီယ တို့ရေးသားပြုစုသော ရခိုင်ယဉ်ကျေးမှုများမှ ပန်းတျားစည်အကြောင်းနှင့် ပတ်သက်သည်များကို လေ့လာသိရှိရသည်။

နတ်ပန်းတျား၏ အတိုင်အရှည်မှာ အလျား နှစ်တောင်နှင့် ထိပ်ဝအချင်း တောင်ဆုတ်ခန့်ရှိသည်။ စည်၏လုံးပတ်မှာ ညီမျှပြီး တစ်ဖြောင့်တည်းဖြစ်သည်။ ဆိတ်သားရေဖြင့် ကြက်ရသည်။ ပတ်စာတင်ရန်အတွက် ကောက်ညှင်း၊ မြေနီမှုန့်၊ သဇင်ဥ၊ ငှက်ပျောသီးတို့ကို ရောကြိတ်ပြီးလျှင် မျက်နှာပြင်အနားနှစ်လက်မခန့်ချန်၍ တစ်ပြင်လုံးအပြည့် တင်ရသည်။ သိုင်းကြိုးမှာ လွန်းကြိုးခန့်ရှိသော ကြိုးလုံးငယ်သုံးလုံး၊ ခုနစ်လုံးတို့ဖြင့် အဖျားတွင် ဘူးပွင့်ငယ်များပုံဖော်၍ ပြုလုပ်ရသည်။ နတ်ပန်းတျားကို လွှမ်းသောအဝတ်မှာ အဝတ်ဖြူတွင် အနီစင်းအနားသတ်ကို အသုံးပြုရသည်။

သမက်တက်ပန်းတျား အတိုင်းအရှည်မှာ အလျား နှစ်တောင်၊ ထိပ်ဝအချင်း တစ်ထွာနှင့် လက်လေးလုံး၊ အလယ်လုံးပတ် နှစ်တောင်ခန့်၊ ခတ်ကျောက်သီး (ကျေးသားတုတ်ခတ်ကစားသော ကျေးသားခတ်စရာအလုံး) ပုံသဏ္ဌာန်ကို ပိတောက်သားဖြင့် ပြုလုပ်ရသည်။ ဆိတ်သားရေ သို့မဟုတ် နွားသားရေနှင့် ကြက်ရသည်။ အလွန်မာသော ပတ်စာတို့ဖြင့် ကပ်၍ တီးရသည်။ ယင်းပန်းတျားတွင် "စောင်ဘက်"နှင့် "ဗြိန်းဘက်"ဟူ၍ ရှိသည်။ စောင်ဘက်ကို လက်ဖြင့်တီးခတ်၍ အသံဖော်ရပြီး ဗြိန်းဘက်ကို ဆင်စွယ် သို့မဟုတ် တုတ်နှင့် တီးခတ်၍ အသံဖော်ရသည်။ ဆိတ်သားရေ သို့မဟုတ် နွားသားရေတစ်မျိုးတည်းနှင့် ကြက်ရသည်။ ဗြိန်းဘက်ကို အထူကြက်၍ စောင်ဘက်ကို အပါးကြက်ရကြောင်း ကွဲပြားခြားနားချက်ကို သိရှိမှတ်သားရသည်။ ယင်းပန်းတျားကို လွှမ်းသောအဝတ်မှာ အဖြူနောက်ခံတွင် အစိမ်းအနားကွပ်၍ဖြစ်စေ၊ အစိမ်းနောက်ခံတွင် အဖြူရောင်အနားကွပ်၍ဖြစ်စေ အသုံးပြုကြသည်။

"ကျွန်းမြတ်ကေမဟာ ဇမ္ဗူချာ ရက္ခပူရပြည်ဓညလေး. . .၊ ဓညဝတီမော်ကွန်းချီ ဌာနီညီနှိုင်း ငါရို့တိုင်း၊ မစောင့်မိစ္ဆာ၊ ဖုတ်ပြိတ္တာ ဝီးစွာပယ်ခွင်း၊ သျှင်နတ်မင်းလေး. . .၊ ပါပလူမျိုး စက်ရောင်ညှိုးအောင် တန်ခိုးလွှတ်ပါ နတ်ရာဇာလေး. .။"

ရခိုင်လူမျိုးတို့၏ သမိုင်းတင်ခေတ်နောက်ပိုင်းတွင် နတ်ကိုးကွယ်မှုစတင်ခဲ့သည်ဟု ရခိုင်ညွှန်ဖူး-၁ ဆောင်းပါးပါ အကြောင်းအရာများအရ သိရသည်။ ရခိုင်ဇာတိဝံသမော်ကွန်းစာတွင်လည်း မိုးဦးနှင့် မိုးနှောင်းကာလတို့တွင် အိမ်သျှင်မ၊ ရွာသျှင်မ၊ ချောင်းသျှင်မ၊ ပြည်သျှင်မတို့ကို ပူဇော်ပသရန်အတွက် နတ်ပွဲများပြုလုပ်သည့် အလေ့အထရှိခဲ့ကြောင်းကို လေ့လာသိရှိရသည်။ ဒေဝတာဗလိပူဇော်ပသခြင်းနှင့် နတ်ကနားပွဲတို့တွင်

အထူးကဏ္ဍ [ ဂ ] သို့ »»»

